ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂ ရက်၊ စနေနေ့၊ (18-7-2015) (၈၂၆၅)

**အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ ...ကျင့်တွေကို ပြင်ကြဖို့လိုပြီ**

လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့ စည်းကမ်းကို ရှိကြပါ။ လွတ်လပ်ရေးကို လိုချင်လို့ရှိရင် လွတ်လပ်ရေးကိုရနိုင်တဲ့ညီညွတ်မှုကို ထိန်းသိမ်းထားပါ။ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးရနိုင်တဲ့ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလိုလုပ်ပြီးတဲ့နောက် ရှေ့ကို လွတ်လပ်ရေးအရသာကို ခံစားစံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့ ယခုကတည်းက ခင်ဗျားတို့ကိုယ်ကို အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ . . .ကျင့်တွေကို ပြင်ကြဖို့လိုပြီဆိုတာ ကျွန်တော် ကနေ့ ပြောခဲ့ချင်တယ်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက်နေ့ မြို့တော်ခန်းမ၌ ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရှိ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို

စာမျက်နှာ - ၃



# ရှမ်းပြည်နယ်(မြောက်) သံလွင်မြစ်ကူးတံတား (ဖားဆောင်း) ဖွင့်



သံလွင်မြစ်ကူးတံတား(ဖားဆောင်း)ကို တွေ့ရစဉ်။
(သတင်း စာမျက်နှာ - ၅) (ဓာတ်ပုံ-ပြန်/ဆက်)



**ကြေးမုံ စာတည်းရှုထောင့်** **၁၈-၇-၂၀၁၅၊ စနေနေ့**

# အာရှစိတ်ကူးသစ် အိပ်မက်ဦး

လွန်ခဲ့သော နှစ်ပေါင်း ခြောက်ဆယ်ကျော်ကာလကတည်းက တစည်းတလုံးတည်းသော အာရှစိတ်ကူးသစ်အိပ်မက်ကို မက်ခဲ့သူမှာ မြန်မာနိုင်ငံမှ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဖြစ်သည်ဟု ဆိုချင်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့ ရွှေတိဂုံစေတီ အလယ်ပစ္စယံတွင်ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံကြီးတွင် အာရှတိုက်စည်းလုံးညီညွတ်ရေး ရည်ရွယ်ချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ ထိုပြောကြားချက်ကို ၁၉၉၇ ခုနှစ် မေလက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်တွင် ကျင်းပခဲ့သော ဆွေးနွေးပွဲတွင် မလေးရှားနိုင်ငံ အမျိုးသားတက္ကသိုလ် ပါမောက္ခ ဒေါက်တာရကာရီယာဟာဂျီအာမက်က အသိပေးပြောကြားခြင်းဖြစ်သည်။

ထိုအလုပ်ရုံဆွေးနွေးပွဲတွင် အာဖတာ ခေါ် လွတ်လပ်သောကုန်သွယ်မှုဇုန်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ် အကျိုးသက်ရောက်မှုများကို ဆွေးနွေးပြောကြားရင်း အာရှတိုက်စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးရေးတို့နှင့် ပတ်သက်၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ကျော်ကတည်းက မျှော်မှန်းထားခဲ့ပုံကို သတိတရ ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်သည်။

ထိုစဉ်ကာလက ဗိုလ်ချုပ်အောင်ဆန်း၏ အမြော်အမြင်ကြီးမားသော ပြောကြားချက်ကို ကြည့်မည်ဆိုလျှင် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင်ပင် မြန်မာနိုင်ငံအတွက်သာမက အာရှတိုက်တစ်ခုလုံးအတွက်ပင် ရှေ့ဆောင်လမ်းပြပြုနိုင်ခဲ့သည်။ အသက်အရွယ်အားဖြင့် ငယ်ရွယ်သော်လည်း အတွေးနယ်အားဖြင့် ကျယ်ပြန့်လှသော ဗိုလ်ချုပ်အောင်ဆန်း၏ အာရှညီညွတ်ရေးလမ်းစဉ်မှာ ကမ္ဘာ့သမိုင်းတွင်ပင် မော်ကွန်းတင်နိုင်ခဲ့သည်ကို မျက်မှောက်ကာလ အရှေ့တောင်အာရှ၊ အာရှနိုင်ငံများ၏ ညီညွတ်မှုများက သက်သေပြလျက်ရှိသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းတွင် "ဒုတိယကမ္ဘာစစ်ကြီးရဲ့ ထူးခြားသောအချက်ဟာ နယ်ချဲ့ဝါဒ အသက်ငင်ခြင်းပင်ဖြစ်တယ်။ အထူးသဖြင့် နယ်ချဲ့ဝါဒဟာ အာရှတိုက်မှာ အသက်ထွက်လုနီးဖြစ်နေပြီ။ အာရှတိုက်ဟာ ယခင်ခေတ်နှင့်မတူ အင်အားတိုးတက်ပြီး ကမ္ဘာ့နိုင်ငံရေးနယ်သို့ ထည်ထည်ဝါဝါ ချင်းနင်းဝင်ရောက်နေပါပြီ။ နိုင်ငံပေါင်းစုံအဖွဲ့အစည်းများ၌ အာရှတိုက်နိုင်ငံများကို လျစ်လျူရှုပြီး မထည့်သွင်းဘဲထား၍ မဖြစ်တော့ပြီ။ အာရှအသံက တဖြည်းဖြည်းကျယ်လောင်လာပါပြီ။ အင်ဒိုချိုင်းနားတွင်လည်းကောင်း၊ အင်ဒိုနီးရှားတွင်လည်းကောင်း၊ မြန်မာပြည်တွင်လည်းကောင်း၊ အိန္ဒိယတွင်လည်းကောင်း ကျယ်လောင်သောအာရှအသံကို သွင်းလျက်ရှိပါပြီ။

"အာရှအင်အားနှင့် အာရှညီညွတ်မှုကို ကမ္ဘာကအသိအမှတ်ပြုရမည်။ ကျွန်ုပ်တို့အာရှတိုက်သားများကို အစဉ်ထာဝရနှိမ်နင်းပြီး သွေးခွဲခြင်းမပြုနိုင်တော့ပြီ။ ကျွန်ုပ်တို့သည် စုပေါင်းပြီး အာရှခေတ်သစ်ကို ထူထောင်ကြပါစို့။ ဤအာရှခေတ်သစ်မှာ ဂျပန်၏ အရှေ့အာရှ သာတူညီမျှ ထူထောင်ရေးဟူသည့် အမည်မျှသာဖြစ်သော ခေတ်သစ်မဟုတ်၊ အာရှတိုက်သူ တိုက်သားတို့ ညီညွတ်စွာပူးပေါင်း၍ အာရှလူမျိုးများ၏ လွတ်လပ်မှု၊ လုံခြုံမှု၊ တိုးတက်မှုစီမံဖန်တီးနိုင်အောင် ထူထောင်သော ခေတ်သစ်ကြီးဖြစ်ရမယ်"ဟု ပြောကြားခဲ့သည်။

ဤမိန့်ခွန်းပါ ဗိုလ်ချုပ်အောင်ဆန်း၏မိန့်ကြားချက်အတိုင်း ယနေ့ဖြစ်လာခဲ့ပြီ။ မြန်မာကို ကမ္ဘာနှင့်ရင်ပေါင်တန်းကာ ကျယ်ပြန့်စွာ ဦးဆောင်နိုင်သော ဗိုလ်ချုပ်အောင်ဆန်း၏ စွမ်းဆောင်မှု၊ အရည်အချင်းနှင့် စိတ်ဓာတ်တို့ကို သိမြင်နိုင်သည်။ ကိုယ်ကျိုးမဖက် တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ပေးဆောင်ရွက်မှုများကိုလည်း ယနေ့သိရှိနေကြပြီ။ ဤမျှပြောင်မြောက်ခဲ့သော်လည်း ဗိုလ်ချုပ်သည် လူထဲမှလူသားတစ်ယောက်ဖြစ်၍ အားနည်းချက်၊ ချို့ယွင်းချက်လည်း ရှိကောင်းရှိနိုင်သည်။ ထိုသို့ရှိခဲ့၍လည်း ပန်းတိုင်မရောက်ခင် တက်ကျိုးခဲ့ရသည်။

မည်သို့ပင်ရှိစေကာမူ ဤနေ့ဤရက်များရောက်လျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂုဏ်သတင်းများမှာ မြန်မာပြည်တစ်ဝှမ်း ပျံ့နှံ့၍လာချေပြီ။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ စွမ်းဆောင်ရည်များ၊ စွန့်လွှတ်အနစ်နာခံမှုများကို သတိရတမ်းတသလို ခေါင်းဆောင်ကြီးများ၏ မျှော်မှန်းထားသော မြန်မာ့လူ့ဘောင်ကို ထူထောင်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါသည်။ ။

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမားနှင့် ပန်းရန်သင်တန်းများ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်ဖွင့်

**ဟိုပုံး ဇူလိုင် ၁၇**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ ရှမ်းပြည်နယ်(တောင်ပိုင်း)ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကုန်းကျိုင်းကျေးရွာအုပ်စု ကျူမုတ်ကျေးရွာတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက ကျူမုတ်ကျေးရွာ အမက ၌ ပြုလုပ်ခဲ့သည်။**(အောက်ပုံ)**

အခမ်းအနားတွင် တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေထက်ရှိန်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး လက်သမား၊ ပန်းရန်သင်တန်းနှင့် ပတ်သက်သည့် လုပ်ငန်းသုံးပစ္စည်းများကိုပေးအပ်ပွဲ ကျင်းပရာ ခရိုင်ဦးစီးမှူး ဦးနေထက်ရှိန်က လက်သမားလုပ်ငန်းသုံးပစ္စည်းများ၊ မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က ပန်းရန်လုပ်ငန်းသုံးပစ္စည်းများ၊ ဒုတိယမြို့နယ်ဦးစီးမှူး ဦးဝင်းဦးက သင်တန်းအထိမ်းအမှတ်ဝတ်စုံများကို ပေးအပ်ရာ သင်တန်းသို့ တက်ရောက်လာသည့် သင်တန်းသားများက အသီးသီး လက်ခံကြသည်။ အဆိုပါသင်တန်းကို ကျူမုတ် ကျေးရွာမှ သင်တန်းသား ၄၀ တက်ရောက်ကာ စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ကျူမုတ်ကျေးရွာ ရပ်မိရပ်ဖများက သင်တန်းခန်းမ တည်ဆောက်မည့် အဆောက်အအုံအား ပန္နက်ရိုက်ခြင်းကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**






## (၆၈)နှစ်မြောက် အာဇာနည်နေ့အကြိုဟောပြောပွဲကျင်းပ

**မော်လူး ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူး အခြေခံပညာ အထက်တန်းကျောင်း သရဖီခန်းမဆောင်၌ ဇူလိုင် ၁၆ ရက်က (၆၈)နှစ်မြောက် အာဇာနည်နေ့အကြို ဟောပြောပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် သတ္တမတန်း ကျောင်းသား ကျောင်းသူများက မြန်မာ့လွတ်လပ်ရေးခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းအား ဂုဏ်ပြုသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ပြီး ဆရာဦးကျော်မျိုးဦးက အာဇာနည်ခေါင်းဆောင်ကြီးများ၏ သိကောင်းစရာ အကြောင်းအရာများကိုလည်းကောင်း၊ ဆရာဦးဝင်းစိုး (SAT)က ဗိုလ်ချုပ်နှင့် အာဇာနည်ကိုးဦး လုပ်ကြံခံရပုံများနှင့် ပတ်သက်ပြီး သိမှတ်ဖွယ်ရာအကြောင်းအရာများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

**(ဝ၅၈)**

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၁၇**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၅၁၅၀၀ | - | ၇၅၁၅၀၀ |
| မန္တလေး | ရွှေဈေး | ၇၅၁၅၀၀ | - | ၇၅၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၂၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၂၀.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၂၇.၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၉၆.၄၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၅.၆၇၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၂၀.၃၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉.၂၀၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၈၂.၁၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၆.၄၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၀၄.၁၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၉၂.၅၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

(တာတူးဖေ) ကိုယ်တိုင်သင်ကြား၊ စီစဉ်သည်
၁၀-တန်း(တက္ကသိုလ်ဝင်တန်း)
အနီးကပ်အထူးတန်းခွဲ(အသစ်)
ကျောင်းအပ်လက်ခံပြီ
အဆင့်မြင့် စာသင်-စာကျက်ဝိုင်းနှင့်ဘော်ဒါ
အမှတ်/၆၃-အေ၊(၃-လွှာ)၊စမ်းချောင်းလမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉-၇၃၀၃၂၉၃၁၊ ၀၉-၅၀၇၀၁၅၈

Myanmar Mail
ဘက်လိုက်မှုကင်းသော သတင်းဦး၊ သတင်းထူး၊ သတင်းမှန်များနှင့်အတူ
စနေနေ့တိုင်း ရောက်လာမည့် Myanmar Mail သတင်းဂျာနယ်
Green Media Network မှ စီစဉ်ထုတ်ဝေသည်။

ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရှိ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို



**နေပြည်တော်  ဇူလိုင်  ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ညနေ ၄ နာရီတွင် ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရှိ ဆရာတော်ကြီးများအား လွိုင်ကော်မြို့ ရွှေတောင်ပရိယတ္တိစာသင်တိုက် ဓမ္မဒါယဗိမာန်၌ ဖူးမြော်ကြည်ညိုသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ အမှူးပြုသည့် ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ကြပြီး ရွှေတောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက သက်တော်ရှည်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာမိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရွှေတောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက သက်တော်ရှည်ဆရာတော်ကြီးထံမှ ဩဝါဒကထာ နာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ အမှူးပြုသည့် ဧည့်ပရိသတ်များက ရွှေတောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက သက်တော်ရှည် ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် လွိုင်ကော်မြို့ လွိုင်ကော် ကက်သလစ်သာသနာသို့ ရောက်ရှိကြပြီး ဂိုဏ်းအုပ်ဆရာတော်ကြီး စတီးဗင်းတျေးဖဲနှင့် ရဟန်းတော်များ၊ သီလရှင်များနှင့် ဘာသာရေးခေါင်းဆောင်များအား ရင်းနှီးစွာတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် လက်ထောက်ကျောင်းထိုင်ဆရာတော် Fr. Celso Ba Shwe က ကျေးဇူးတော်ချီးမွမ်းခြင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် လွိုင်ကော်ကက်သလစ်သာသနာ ဂိုဏ်းအုပ်ဆရာတော် စတီးဗင်းတျေးဖဲက ကြိုဆိုနှုတ်ဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် လွိုင်ကော်ကက်သလစ်သာသနာအတွက် ဆန်အိတ် ၁၅၀ နှင့် ဆီပုံးများ ပေးအပ်လှူဒါန်းရာ ဂိုဏ်းအုပ်ဆရာတော်က လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဂိုဏ်းအုပ်ဆရာတော်တို့က အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဂိုဏ်းအုပ်ဆရာတော်နှင့် ရဟန်းတော်များ၊ သီလရှင်များနှင့် ဘာသာရေးခေါင်းဆောင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ခင်မင်ရင်းနှီးစွာ နှုတ်ဆက်သည်။

ဆက်လက်၍ လွိုင်ကော်ကက်သလစ် သာသနာ့ဗဟိုကျောင်းတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။**(ဝဲပုံ)**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ကယားပြည်နယ်ဝန်ကြီးချုပ်က လွိုင်ကော်မြို့တော်ခန်းမ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံမှုနှင့်အတူ တိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေသည်။ **(သတင်းစဉ်)**

# ရာသီအလိုက်ဖြစ်ပေါ်တတ်သည့် ရောဂါများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်

**နေပြည်တော်  ဇူလိုင်  ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ကယားပြည်နယ် လွိုင်ကော်လေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား လွိုင်ကော်လေဆိပ်တွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ဖရူဆိုမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဖရူဆိုမြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများအား ရင်းနှီးစွာတွေ့ဆုံ၍ အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ **(ယာပုံ)**



ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ဆေးသိုလှောင်ခန်းကို ကြည့်ရှုစစ်ဆေးပြီး ရာသီအလိုက်ဖြစ်ပေါ်တတ်သည့် ရောဂါများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်နှင့် လိုအပ်သည့် ဆေးဝါးပစ္စည်းများ ဖြည့်တင်းထားရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အခြေခံပညာအထက်တန်းကျောင်း(ဖရူဆို)သို့ ရောက်ရှိကြပြီး ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းနှီးစွာနှုတ်ဆက်သည်။

**(သတင်းစဉ်)**

## မိုးအဆက်မပြတ် ရွာသွန်းခဲ့၍ စပါးစိုက်ခင်းများ ရေနစ်မြုပ်

**ရေတာရှည်  ဇူလိုင်  ၁၇။** ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည့်အတွက် ရေတာရှည်မြို့အရှေ့ဘက် ငါးမိုင်ခန့်အကွာ ဆင်ဝှေကျေးရွာအနောက်ဘက်ရှိ စပါးစိုက်ခင်းများ ရေနစ်မြုပ်လျက်ရှိသည်ကို ဇူလိုင် ၁၇ ရက် မွန်းလွဲပိုင်းက တွေ့ရသည်။ ဆင်ဝှေကျေးရွာအနောက်ဘက် ကွင်းအမှတ် ၆၅၁(က)ကွင်းနှင့် (ခ)ကွင်းများရှိ စပါးစိုက်ပျိုးဧက ၃၀၀ ဝန်းကျင်နစ်မြုပ်နေခြင်းဖြစ်ကြောင်း ဆင်ဝှေကျေးရွာဒေသခံတစ်ဦးက ပြောပြသည်။ “မိုးက ဒီရက်ပိုင်း အတော်ရွာတော့ စပါးစိုက်ခင်းတွေမြုပ်ရတာက ရေထွက်တဲ့လမ်းမှာ ဆည်တစ်ခုခံနေတော့ ရေကတော်တော်နဲ့ မလျော့ဘူးဖြစ်နေတယ်။ မနေ့ညနေပိုင်းကလည်း ပျိုးလက်တွေ ရေနောက်ပါကုန်တယ်” ဟု ၎င်းက ဆက်၍ပြောသည်။ ယနေ့ မွန်းလွဲပိုင်းမှ ညအချိန်အထိ မိုးအဆက်မပြတ်ရွာသွန်းနေသည့်အတွက် တောင်သူများ အခက်အခဲဖြစ်လျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

**ဝယ်ထားမများ**

၁။ လှိုင်သာယာ၊ ပန်းလှိုင်ဂေါက်ကွင်းအနီး၊ ဒိုင်စုကျေးရွာ
ကွန်ကရစ်လမ်းနှစ်ဖက်ထောင့်ကွက်လပ်၊ ပေ(၆၀)ပတ်လည်၊ ဂရန်ကျပြီး၊
တစ်ခွန်းဈေး-၇၆၅သိန်း၊ ပွဲခ-၁၅ သိန်း

၂။ ညောင်ကျေးရွာ၊ ကွန်ကရစ်လမ်းခင်းပြီး၊ မူလတန်းကျောင်းမျက်နှာချင်းဆိုင်၊ ပေ(၈၀×၆၀)၊ ဂရန်ကျပြီး။ (တစ်ခွန်းဈေး-၁၀၂၅သိန်း) (ပွဲခ-၂၅သိန်း)

ဖုန်း-၀၉-၄၂၀၁၄၉၀၉၊ ၀၉-၉၇၂၄၀၃၈၇၆

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရခိုင်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးအောင်ဆောင်ရွက်သွားကြရန် မှာကြား

**နေပြည်တော်  ဇူလိုင်  ၁၇**

ရခိုင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးရန် သံတွဲမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် အမ်းမြို့သို့ ရောက်ရှိကြပြီး ရွှေအမ်းတောင်ခန်းမ၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအဖွဲ့များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ လတ်တလောလိုအပ်သည့်ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတက ရခိုင်ပြည်နယ်ရှိ အမ်းမြို့နယ်အပါအဝင် မြို့နယ် ၁၄ မြို့နယ်သည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးဒဏ်ခံခဲ့ရပြီး လူ၊ တိရစ္ဆာန်၊ နေအိမ်၊ စာသင်ကျောင်း၊ လမ်းနှင့် တံတားများ ပျက်စီးဆုံးရှုံးခဲ့သည့်အတွက် အရေးပေါ်ကူညီထောက်ပံ့နိုင်ရန် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေမှကျခံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အမ်းမြို့နယ်အတွင်း ပျက်စီးဆုံးရှုံးခဲ့သည့် လမ်း၊ တံတား၊ စာသင်ကျောင်း စသည့် ဆုံးရှုံးနစ်နာမှုများကို အချိန်တိုအတွင်း ပြန်လည်တည်ဆောက်နိုင်ရန် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်း၍ စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ရေတို၊ ရေရှည်စီမံချက်များချမှတ်၍ ဆောင်ရွက်သင့်သည့် လုပ်ငန်းများကိုလည်း ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများက စီမံချက်များချမှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ၊ ရေဘေးကြောင့် လတ်တလော ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်အခြေအနေများနှင့် ရေရှည်တွင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာနိုင်မှုအတွက် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရန်နှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အမ်းမြို့နယ် လုံးကျေးရွာသူ ကျေးရွာသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နေပါကြောင်း၊ ချောင်းများ၊ မြောင်းများ တူးဖော်ခြင်းနှင့် လမ်း၊ တံတားများတည်ဆောက်ပေးရန် စသည့်ကိစ္စရပ်များကို ရေရှည်စီမံချက်များချမှတ်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များဖြစ်၍ နိုင်ငံတော်၏ဘဏ္ဍာရေးအခြေအနေပေါ်မူတည်ပြီး စီမံကိန်းလျာထားချက်တွင် ပါဝင်အောင်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့်လည်း ချောင်းနှင့် ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းဖယ်ရှားရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ အမ်းမြို့နယ် ပြည်သူများ၏ တင်ပြချက်များကိုလည်း တတ်နိုင်သမျှ ညှိနှိုင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အမ်းမြို့နယ်ရှိ လုံးကျေးရွာသို့ ရောက်ရှိကြပြီး ရေဘေးသင့် ပြည်သူများနှင့်တွေ့ဆုံအားပေးစကားပြောကြားကာ ဒေသခံများ၏ စီးပွားရေး၊ ကျန်းမာရေးနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်လိုအပ်ချက်များကို မေးမြန်းသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် လတ်တလောလိုအပ်သည့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားသို့တက်ရောက်၍ ရေဘေးသင့် လုံးကျေးရွာအတွက် ဆန်၊ ဆီ၊ပဲ၊ အဝတ်အထည်၊ ခြင်ထောင်၊ စောင် စသည့် ထောက်ပံ့ပစ္စည်းများနှင့် ဆိုလာမီးအိမ်များကို ရေဘေးသင့်ပြည်သူများထံ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အမ်းမြို့မှ လေကြောင်းခရီးဖြင့်ပြန်လည်ထွက်ခွာရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ရောက်ရှိကြပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Center ၌ကျင်းပသည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများတွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် စက်ပစ္စည်းများတပ်ဆင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင် ဒုတိယသမ္မတက ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့မွမ်းမံပြင်ဆင်ခဲ့သည်မှာတစ်နှစ်ကျော်ကာလကြာမြင့်ခဲ့ပြီး ပြုပြင်မှုများလည်း အတော်အတန် ခရီးရောက်နေပြီဖြစ်ပါကြောင်း၊ အဆိုပါ ပြုပြင်မွမ်းမံမှုများနှင့်ပတ်သက်၍ ပြည်သူများ၏သဘောထားကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း၊ တိုးချဲ့မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ တိုးတက်မှုရှိလာပြီဖြစ်သော်လည်း လိုအပ်ချက်များရှိနေဆဲဖြစ်ပါကြောင်း၊ ယင်းလိုအပ်ချက်များကို ဆပ်ကော်မတီအသီးသီးက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် သက်ဆိုင်ရာဆပ်ကော်မတီများမှ တာဝန်ရှိသူများက ရန်ကုန်ဆေးရုံကြီး၏ တိုးချဲ့မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လျှပ်စစ်မီးကဏ္ဍစီစဉ်ဆောင်ရွက်ထားရှိမှု၊ တိုးချဲ့ငါးထပ်ဆောင်သစ်သို့ လူနာများရွှေ့ပြောင်းထားရှိမှု၊ ခွဲစိတ်ခန်းသုံးပစ္စည်း၊ စက်ကိရိယာများ ဖြည့်ဆည်းပေးနိုင်မှု၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပင်မဆောင်နှင့် အကြီးစားပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆေးရုံကြီး ဘက်စုံပြုပြင်မွမ်းမံမှုအတွက် ဘဏ္ဍာရန်ပုံငွေရရှိမှုနှင့် သုံးစွဲမှုအခြေအနေများကို မှတ်တမ်းဓာတ်ပုံများဖြင့် ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်ကလည်း ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားကြရန်နှင့် တိုးချဲ့တပ်ဆင်ထားသည့် စက်ပစ္စည်းများအတွက် လျှပ်စစ်ဓာတ်အားအလုံအလောက်ရရှိရန် ဆပ်ကော်မတီများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ပင်မအဆောက်အအုံနှင့် တိုးချဲ့ငါးထပ်ဆောင်သို့ လူနာများပြောင်းရွှေ့နေရာချထားမှု၊ စက်ပစ္စည်းများတပ်ဆင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တက်ရောက်ကုသမှုခံယူနေကြသည့် လူနာများနှင့် လူနာစောင့်များ၊ ဆရာ ဆရာမများအား နှုတ်ဆက်အားပေးစကားပြောကြားသည်။ **(သတင်းစဉ်)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့်ပျက်စီးဆုံးရှုံးမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများက အမ်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၅ ရွာအတွက် လတ်တလောလိုအပ်သည့် ထောက်ပံ့ပစ္စည်းများနှင့် ဆိုလာမီးအိမ်များကိုပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် အမ်းမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းက အမ်းမြို့နယ်အတွင်း ယခုကဲ့သို့ ရေကြီးရေလျှံမှုမျိုးထပ်မံမဖြစ်ပွားစေရန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေဖြင့် လတ်တလောရေဘေးကြောင့် ကြုံတွေ့နေရသည့်

# သံလွင်တံတား(ဖားဆောင်း)တည်ဆောက်နိုင်ခဲ့သည့်အတွက် ပြည်နယ်၏ အဓိက ကုန်သွယ်မှုလမ်းကြောင်းကြီး ပေါ်ထွက်လာမည်

**လွိုင်ကော် ဇူလိုင် ၁၇**

သံလွင်မြစ်ကူးတံတား ရှစ်စင်းမြောက်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ တာဝန်ယူစဉ် ၈၅ စင်းမြောက်တံတားဖြစ်သည့် သံလွင်တံတား(ဖားဆောင်း)ကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါ တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါတံတား မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်စား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ကယားပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးချစ်လှ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒေသခံရှမ်းတိုင်းရင်းသား ဦးထွန်းလှိုင်၊ ကယားတိုင်းရင်းသူ ဒေါ်ညိုညိုအေးနှင့် ကရင်တိုင်းရင်းသား ဦးစောနိုးအာတို့က သံလွင်တံတား(ဖားဆောင်း)တည်ဆောက်ပေးခဲ့သည့်အတွက် နိုင်ငံတော်အား ကျေးဇူးတင်ရှိကြောင်း ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကယားပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဖွံ့ဖြိုးတိုးတက်မှုအားနည်းသည့် ပြည်နယ်ဖြစ်ပါကြောင်း၊ ယင်းအခြေအနေများကို အမြန်ဆုံးရုန်းထွက်နိုင်ရန် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရတို့က အစွမ်းကုန်ဆောင်ရွက်နေကြပါကြောင်း၊ အစိုးရသစ် စတင်တာဝန်ယူချိန်တွင် ကယားပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးနှင့် ကျန်းမာရေး စသည့်ကဏ္ဍများတွင် အားနည်းခဲ့သော်လည်း ယခုအခါတွင် နယ်မြေအေးချမ်းသာယာလာပြီဖြစ်သည့်အတွက် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်စေရန် ဆောက်လုပ်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် လွိုင်ကော်-ဖားဆောင်းကို ၃ နာရီခွဲ ၄ နာရီဖြင့် သွားလာနိုင်ပြီဖြစ်ပါကြောင်း။

ယခင်က မယ်စဲ့မြို့နယ်မှ လွိုင်ကော်သို့ သွားရောက်ပါက သံလွင်မြစ်ကို ဇက်သမ္ဗန်များဖြင့် ဖြတ်သန်းရသည့်အတွက် အချိန်များစွာကြန့်ကြာခဲ့ပါကြောင်း၊ ယခုအခါ ဖားဆောင်းတံတားကြီးကို တည်ဆောက်နိုင်ခဲ့သည့်အတွက် လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ပါကြောင်း၊ မကြာမီ မယ်စဲ့မြို့နယ် BP-၁၃ တွင် ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းကို ဖွင့်လှစ်နိုင်တော့မည်ဖြစ်ရာ မယ်စဲ့-ဖားဆောင်း-ဘော်လခဲ-လွိုင်ကော် ကားလမ်းမကြီးသည် ပြည်နယ်၏ အဓိကကုန်သွယ်မှုလမ်းကြောင်းကြီးအဖြစ် ပေါ်ထွက်လာမည်ဖြစ်ပါကြောင်း၊ ယင်းလမ်းတစ်လျှောက်ရှိ မြို့နယ်/ကျေးရွာများသည်လည်း ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံပြည်သူများ၏ ဝင်ငွေမှာလည်း ပိုမိုရရှိလာတော့မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် သံလွင်တံတား(ဖားဆောင်း)ကို ကယားပြည်နယ်မှ ထူးချွန်လူငယ် သုံးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့်အတူ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။**(အပေါ်ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖားဆောင်းမြို့ ဒက္ခိဏာရုံကျောင်း ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆပ်ကပ်လှူဒါန်းသည်။

ယနေ့ဖွင့်လှစ်သည့် သံလွင်တံတား(ဖားဆောင်း)သည် ဖားဆောင်း-မယ်စဲ့-နန့်မန်း လမ်းပေါ်တွင်တည်ရှိပြီး သံလွင်မြစ်ကူးတံတားကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန အထူးစီမံကိန်းကြီးအဖွဲ့(၄)က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားအရှည်မှာ ပေ ၁၂၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်သည်။



သံလွင်တံတား(ဖားဆောင်း)ကို တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် သံလွင်မြစ်၏ အရှေ့ခြမ်းနှင့် အနောက်ခြမ်းကို အတားအဆီးဖြစ်နေသည့် သံလွင်မြစ်ကိုဖြတ်သန်း၍ ပြည်နယ်၊ ပြည်မများသို့ ခရီးဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်သည်။

သံလွင်မြစ်ပေါ်တွင် ကွမ်းလုံတံတားကို ၁၉၆၆ ခုနှစ်တွင်လည်းကောင်း၊ တာကောတံတားကို ၁၉၇၄ ခုနှစ်တွင်လည်းကောင်း၊ သံလွင်တံတား(တာကော်အက်)ကို ၁၉၉၇ ခုနှစ်တွင်လည်းကောင်း၊ သံလွင်တံတား (ဘားအံ)ကို ၁၉၉၇ ခုနှစ်တွင် လည်းကောင်း၊ သံလွင်တံတား(တာဆန်း)ကို ၁၉၉၉ ခုနှစ်တွင်လည်းကောင်း၊ သံလွင်တံတား (မော်လမြိုင်)နှင့် သံလွင်တံတား(တာပါး)တို့ကို ၂၀၀၅ ခုနှစ်တွင်လည်းကောင်း၊ သံလွင်တံတား (ဖားဆောင်း)ကို ၂၀၁၅ ခုနှစ် ယနေ့တွင်လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့၍ စုစုပေါင်းတံတားရှစ်စင်း တည်ဆောက်ခဲ့ပြီးဖြစ်သည့်အပြင် သံလွင်တံတား(ချောင်းဆုံ)ကိုလည်း ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်တည်ဆောက်လျက်ရှိသည်။

**(သတင်းစဉ်)**

# ကယားပြည်နယ်တစ်ခုလုံးရှိ အိမ်ထောင်စုများ၏ ၉၀ ရာခိုင်နှုန်းကျော် လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲလာနိုင်တော့မည်ဖြစ်

**လွိုင်ကော် ဇူလိုင် ၁၇**

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် စက်တပ်ဆင်အင်အား ၃၄၁၃ မဂ္ဂါဝပ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးခဲ့ရာမှ ယနေ့ စက်တပ်ဆင်အင်အား ၄၈၀၀ မဂ္ဂါဝပ်ကျော်အထိ ရှိလာပြီဖြစ်သည့်အတွက် ၁၄၀၀ မဂ္ဂါဝပ်ခန့် ပိုမိုတိုးတက်လာခဲ့ပါကြောင်း၊ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် အိမ်ထောင်စုပေါင်း ၂ ဒသမ ၂၂ သန်းအတွက်သာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ယခုအိမ်ထောင်စုပေါင်း ၃ ဒသမ ၃သန်းခန့်ကို လျှပ်စစ်ဓာတ်အားပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် မဟာဓာတ်အားလိုင်းမှ ဖြန့်ဖြူးပေးသည့် ကျေးရွာပေါင်း ၂၂၅၀ သာရှိခဲ့ပြီး ယခု ၆၇၂၉ ရွာအထိ တိုးတက်လာပြီဖြစ်ပါကြောင်း ယနေ့တွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြောကြားခဲ့သည်။

ကယားပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးရန်အတွက် လွိုင်ကော်ပင်မဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် လွိုင်ကော်မြို့ ၁၃၂ ကေဗွီ လွိုင်ကော် ပင်မဓာတ်အားခွဲရုံ၌ ကျင်းပစဉ် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။





ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာ့သမိုင်းဝင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးဖြစ်သည့် ဘီလူးချောင်း (၂)ကို တည်ဆောက်ပြီး ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ ဓာတ်အားပို့လွှတ်ခဲ့သည့် ၁၉၆၀ ခုနှစ်တွင် ကယားပြည်နယ်အတွင်း လွိုင်ကော်တစ်မြို့တည်းသာ လျှပ်စစ်မီးအနည်းငယ် စတင်သုံးစွဲနိုင်ခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ်မတိုင်မီ အချိန်က ဘီလူးချောင်း (၂) စက်ရုံမှ ၃၃ ကေဗွီ ဓာတ်အားလိုင်းများဖြင့် လွိုင်ကော်၊ ဒီမောဆို၊ ဖရူဆို၊ ဘော်လခဲနှင့် ဖားဆောင်းမြို့များကို ဓာတ်အားထပ်မံဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း။

ယခုလွိုင်ကော် ပင်မဓာတ်အားခွဲရုံ ၁၃၂/၃၃/၁၁ ကေဗွီ၊ ၅၀ အမ်ဗွီအေကို ၂၀၁၅ ခုနှစ် ဧပြီလတွင် တည်ဆောက်ပြီးနောက် လွိုင်ကော်ခရိုင်အတွင်း လွိုင်ကော်မြို့နယ်တွင် အိမ်ထောင်စုပေါင်း ၁၇၀၀၀ ကျော်နှင့်အနီးဝန်းကျင် ကျေးရွာ ၅၄ ရွာ၊ ဒီမောဆိုမြို့နယ်တွင် အိမ်ထောင်စုပေါင်း ၃၆၀၀ ကျော်နှင့် အနီးပတ်ဝန်းကျင် ကျေးရွာ ၄၅ ရွာ၊ ဖရူဆိုမြို့နယ်တွင် အိမ်ထောင်စုပေါင်း ၁၁၀၀ ကျော်နှင့် အနီးပတ်ဝန်းကျင် ကျေးရွာ ၁၁ ရွာ၊ ရှားတောမြို့နယ်တွင် အိမ်ထောင်စုပေါင်း ၄၀၀ ကျော်နှင့် အနီးပတ်ဝန်းကျင် ကျေးရွာ နှစ်ရွာတို့ကို မဟာဓာတ်အားလိုင်းစနစ်က ဓာတ်အားပေးထားနိုင်ပြီဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဘော်လခဲမြို့နယ်ရှိ အိမ်ထောင်စုပေါင်း ၈၀၀ ကျော်နှင့် အနီးပတ်ဝန်းကျင် နှစ်ရွာ၊ ဖားဆောင်းမြို့နယ်တွင် အိမ်ထောင်စုပေါင်း ၆၀၀ ကျော်နှင့် အနီးပတ်ဝန်းကျင် သုံးရွာ၊ မယ်စဲ့မြို့နယ်တွင် အိမ်ထောင်စုပေါင်း ၂၀၀ ကျော်၊ ရွာသစ်မြို့နယ်တွင် အိမ်ထောင်စုပေါင်း ၃၀၀ ကျော်နှင့် အနီးပတ်ဝန်းကျင် သုံးရွာတို့ကိုလည်း ဓာတ်အားစနစ်မှ ဓာတ်အားကို ၂၄ နာရီဖြန့်ဖြူးပေးထားပြီးဖြစ်သည်။ ယခုအခါ ကယားပြည်နယ်တစ်ခုလုံးအနေဖြင့် မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်ဓာတ်အားကို မြို့အားလုံး ရှစ်မြို့နှင့် ကျေးရွာ စုစုပေါင်း ၅၁၁ ရွာအနက် ၂၅၄ ရွာကို ပေးပို့နိုင်ပြီဖြစ်သည်။

လက်ရှိ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်း ကျေးရွာပေါင်း ၁၁၄ ရွာတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ၊ ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။ ယခု ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်ကုန်တွင် ကယားပြည်နယ်တစ်ခုလုံးရှိ အိမ်ထောင်စုများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်ဓာတ်အားကို ရရှိသုံးစွဲလာနိုင်တော့မည်ဖြစ်ကြောင်း အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး၏ ပြောကြားချက်များအရ သိရှိရသည်။

ထို့ပြင် လွိုင်ကော် ၁၃၂ ကေဗွီ ပင်မဓာတ်အားခွဲရုံကို ပစ္စည်းတန်ဖိုး နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၀၆ သန်းနှင့် တည်ဆောက်စရိတ် မြန်မာငွေကျပ် ၇၉၈၉ ဒသမ ၉၇၆ သန်း အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ကယားပြည်နယ်နည်းတူ ယခင်က လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ခြင်းမရှိသည့် ရခိုင်ပြည်နယ်တွင် ၂၀၁၄ ခုနှစ်အတွင်း သံတွဲ၊ ငပလီ၊ တောင်ကုတ်၊ အမ်း၊ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်နှင့် မြောက်ဦးမြို့များကို မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်ဓာတ်အား စတင်ပေးနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ကျောက်ဖြူ ရမ်းဗြဲမြို့များကို ထပ်မံတိုးချဲ့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ကာ တစ်ဆက်တည်း အနီးပတ်ဝန်းကျင် ကျေးရွာ ၅၃ ရွာတွင်လည်း လျှပ်စစ်မီးများ ရရှိပြီဖြစ်သည်။ ဆက်လက်ပြီး ယခု ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း မင်းပြား၊ မဒေးကျွန်း၊ မြေပုံ၊ ပေါက်တော၊ မအီ၊ ဂွမြို့များကိုပါ လျှပ်စစ်မီးရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ချင်းပြည်နယ်တွင် ချင်းအမျိုးသားနေ့ဖြစ်သည့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် မဟာဓာတ်အားလိုင်းမှတစ်ဆင့်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

# နှမြောတသ လွမ်းမိပါသော်လည်း

စံကားဝါ

**" . . . . . နှစ်လနာရီ အခါရာသီရွှေ့ပေမယ့် အာဇာနည်နေ့ကိုဖြင့် မမေ့သင့်ပါသလေ . ♫♩♫♩ ယနေ့ဖြင့် သတိတရားထားဖို့ အခြေ . ♫♩♫♩ အများပြည်သူတွေ အများပြည်သူတွေ . ♫♩♫♩ အာဇာနည်နေ့ကိုလေ တွေးရှုကာပဲ . ♫♩♫♩အလေးပြုပါမယ်လေ. . ♫♩♫♩**

**"အာဇာနည်နေ့"**ဟုဆိုလျှင် ဆရာဂီတာတင်အုံး ရေးသားခဲ့ပြီး အဆိုတော် မေလှမြိုင် သီဆိုခဲ့သည့် အာဇာနည်နေ့ ဂုဏ်ပြုသီချင်းဖြစ်သည့် "အလေးပြုပါသည်" တေးသွားတို့က အတွေးထဲသို့ ပျံ့လွင့်ရောက်ရှိလာသည်။



၂၀၁၅ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တိုင်းပြည်လွတ်လပ်ရေးနှင့် တည်ဆောက်ရေးအတွက် လက်တွဲအကောင်အထည်ဖော်ခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးအမြတ်ပြု ဂုဏ်ပြုကြသည့် အာဇာနည်နေ့သည်လည်း (၆၈) နှစ်တိုင်ခဲ့ပြီဖြစ်သည်။

လွန်ခဲ့သော (၆၈) နှစ်ဆီက အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ဖဆပလ ကြားဖြတ်အစိုးရဝန်ကြီးများ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် (စနေနေ့) နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံးတွင် တိုင်းပြည်ကျွန်ဘဝမှ လုံးဝလွတ်မြောက်ရေးနှင့် စစ်ပြီးခေတ် မြန်မာနိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် အစည်းအဝေး ကျင်းပနေကြစဉ် လုပ်ကြံခံရသည့် အဖြစ်အပျက်များက မြန်မာ့သမိုင်းကို သိရှိလေ့လာသူတိုင်း မှတ်မှတ်ထင်ထင် ရှိနေကြဦးမည်ဖြစ်သည်။

**ကြာခဲ့လေပြီ . . . . . သို့သော်**

၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် အဖြစ်အပျက်များက ကြာခဲ့ပြီဖြစ်သည်။ သို့သော် တိုင်းပြည်နှင့် လူမျိုးအတွက် သူ့ကျွန်ဘဝက လွတ်မြောက်ရန် အပတ်တကုတ် အားထုတ်ကြိုးပမ်းရင်း မသမာသူတို့ လက်ချက်ဖြင့် အသက်စွန့်ခဲ့ရသည့် အာဇာနည်ခေါင်းဆောင်ကြီးများကို လွမ်းဆွတ်အောက်မေ့စိတ်ဖြင့် မြန်မာပြည်သူ ပြည်သားတိုင်း၏ နှလုံးသားတွင် နှစ်ပေါင်း (၆၈)နှစ်တိုင် ထိခိုက်နာကျင်နေဆဲဖြစ်သည်။

အာဇာနည်ခေါင်းဆောင်ကြီးများ သန္ဓေတည်မျိုးစေ့ချခဲ့သည့် စစ်မှန်သည့် လွတ်လပ်ရေးလည်း ရရှိခဲ့သည်။ ရောင်စုံသူပုန်တို့ ရန်ကိုကာကွယ်ရင်း တစ်ဖက်ကလည်း ဖွံ့ဖြိုးတိုးတက်ရေးလမ်းစဉ်ကို အကောင်အထည်ဖော်ခဲ့ကြသည်။ ခရီးလမ်းကြမ်းခဲ့သည်လည်းရှိသည်။ မောပန်းနွမ်းခဲ့သည်လည်းရှိသည်။ အတော်အတန် ခရီးပေါက်ခဲ့သည်လည်းရှိသည်။ ရည်ရွယ်ရာ ရောက်ခဲ့သည်လည်း ရှိသည်။

တိုင်းပြည်လွတ်လပ်ရေးရအောင် ကြိုးပမ်းအကောင်အထည်ဖော်ရင်း လှေလှော်ရင်း တက်ကျိုးခဲ့ရသည့် အဖြစ်အပျက်များသည် အချင်းချင်း မညီညွတ်ခြင်း၏ ဆိုးကျိုးရလဒ်ပင်ဖြစ်သည်။ နိုင်ငံရေးတွင် အကြမ်းဖက်ခြင်းသည် အဆိုးကိုသာ ဦးတည်စေခဲ့ပြီး ယင်းသို့ အကြမ်းဖက်ခြင်းကြောင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်း၏ အနာဂတ်နှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ တိုင်းပြည်၏ အနာဂတ်၊ ပြည်သူများ၏ အနာဂတ်များကိုပါ ပြောင်းလဲသွားစေနိုင်သည့်အချက်မှာ သမိုင်းကပေးသည့် အကြီးမားဆုံးသင်ခန်းစာတစ်ခု ဖြစ်ခဲ့သည်။

နိုင်ငံရေးတွင် အကြမ်းဖက်ခြင်းသည် မည်သည့် ရည်မှန်းချက်များကိုမှ အောင်မြင်မှုဆီသို့ တွန်းပို့စွမ်းဆောင်နိုင်စွမ်းမရှိသည်ကို ခေတ်အဆက်ဆက် ကတည်းက ကမ္ဘာ့နေရာအသီးသီးရှိ နိုင်ငံရေးရာကိစ္စတိုင်းတွင် သိသာထင်ရှားစွာ တွေ့နိုင်သည်။ ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းသည်သာလျှင် သာလွန်ကောင်းမွန်သည့် ရလဒ်များဆီသို့ ဦးတည်ကြောင်း၊ မညီညွတ်ခြင်းဟူသည့် ခေါင်းစဉ်အောက်တွင် မည်သည့်အောင်မြင်မှုကိုမျှလည်း မရနိုင်ကြောင်းကို အာဇာနည်ခေါင်းဆောင်ကြီးများက အနာဂတ်မျိုးဆက်များအတွက် နှလုံးသွေးဖြင့် လမ်းညွှန်ပြသသွားခဲ့သည်။

**ဗိုလ်ချုပ်လမ်းညွှန်ခဲ့သည့် မှန်ကန်သည့် ညီညွတ်ခြင်း**

ဗိုလ်ချုပ်ချမှတ်ခဲ့သော ညီညွတ်ရေးလမ်းစဉ်တွင် တစ်နိုင်ငံလုံးတစ်မျိုးသားလုံး၏ လွတ်လပ်ရေး၊ တစ်မျိုးသားလုံး၏အကျိုးအတွက် တိုင်းသူပြည်သားအားလုံး တူညီသည့်ရည်ရွယ်ချက်၊ တူညီသည့်အကျိုးများရရှိအောင် တူညီသည့် အလုပ်လုပ်ကြသည့် ညီညွတ်ရေးမျိုးကို လိုလားခဲ့သည်။ တစ်နည်းအားဖြင့် တစ်တိုင်းပြည်လုံး အကျိုးအတွက် တူညီသည့်ရည်ရွယ်ချက်ဖြင့် တူညီစွာ လုပ်ကိုင်ကြရင်း တူညီသည့် အကျိုးဖြစ်ထွန်းမှုများကို ရရှိစေခြင်းကသာလျှင် မှန်ကန်သည့် ညီညွတ်ခြင်း ဖြစ်ကြောင်း ဗိုလ်ချုပ်က မီးမောင်းထိုးပြခဲ့သည်။

ထို့ပြင် "အမျိုးသားညီညွတ်ရေးဆိုသည်မှာ ခေါင်းဆောင်များသာ ညီညွတ်ခြင်းကို မဆိုလိုဘဲ လူမျိုးဘာသာ၊ ယောက်ျား မိန်းမ၊ ဂိုဏ်းဂဏမရွေး တစ်နိုင်ငံလုံး ပြည်သူပြည်သား၊ လူထုတစ်ခုလုံး အပြောသာမဟုတ်၊ အလုပ်နှင့်တကွ အမျိုးသားတို့၏ အလိုဆန္ဒများကို ပြည့်ဝနိုင်ရန် အမျိုးသားတို့၏ လုပ်ငန်းများကို သောင်းသောင်းဖြဖြ စိတ်ရောကိုယ်ပါ ညီညွတ်ကြသည်ကို ဆိုလိုသည်" ဟု ဗိုလ်ချုပ်က ဆိုခဲ့သည်။

**အောင်မြင်မှုအတွက် သော့ချက်**

ညီညွတ်ခြင်း၊ အချိန်ကို အကျိုးရှိစွာ အသုံးချခြင်းနှင့် စည်းကမ်းရှိခြင်းသည်သာ စစ်မှန်သည့် လွတ်လပ်ရေးကို ရရှိပြီး တိုင်းပြည်တိုးတက်ရေး၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ရေရှည်တွင် မဟာဗျူဟာနှင့် နည်းဗျူဟာများ လိုအပ်ပြီး ယင်းသို့ ဆောင်ရွက်နိုင်ခြင်းမရှိပါက တိုင်းတစ်ပါးသားတို့ လက်အောက်မှ လွတ်မြောက်နိုင်စွမ်း ရှိမည်မဟုတ်ကြောင်းကို ဗိုလ်ချုပ်က အတိအလင်း ဆိုဖူးသည်။ စည်းကမ်းရှိမှ တိုးတက်မည့်အကြောင်းနှင့် အချိန်ကာလနှင့် ကိုက်ညီစွာ လုပ်ဆောင်တတ်ဖို့ လိုအပ်ကြောင်းကို ဗိုလ်ချုပ်၏ မိန့်ခွန်းများစွာတွင် ဖတ်ရှုလေ့လာရသည်။

**ခေါင်းဆောင်မှု**

မြန်မာ့နိုင်ငံရေး ဖြစ်စဉ်တွင် ကျရာနေရာမှ ပါဝင်ခဲ့သော ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုစိတ်ဓာတ်နှင့် ခံယူချက်များကလည်း နိုင်ငံခေါင်းဆောင်များအတွက် မှတ်သားဖွယ်လမ်းညွှန်ချက်များ ဖြစ်ခဲ့သည်။ နိုင်ငံ့ခေါင်းဆောင်သည် လူတစ်ဦးတည်းက ခေါင်းဆောင်မှုမျိုးမဟုတ်ဘဲ အဖွဲ့နှင့် ခေါင်းဆောင်မှုမျိုးဖြစ်ရန်၊ အဖွဲ့၏ ဆန္ဒကိုယူကာ အဖွဲ့၏ အုပ်ချုပ်မှုအောက်တွင်ရှိသည့် ခေါင်းဆောင်မှုမျိုးဖြစ်ရမည်ဟု အတိအလင်းဆိုခဲ့သည်။ ဗိုလ်ချုပ်က "ခေါင်းဆောင်လုပ်တဲ့သူက ကိုယ်ယုံကြည်တဲ့ကိစ္စကို တိုင်းသူပြည်သားတွေကို ပြောရဲရမယ်၊ ရှင်းပြနိုင်ရမယ်။ အသက်စွန့်သင့်တဲ့နေရာမှာ စွန့်ရဲရမယ်။ ပရိယာယ်သုံးသင့်တဲ့ နေရာမှာ သုံးရမယ်။ အချိန်အခါလိုက်ပြီး လုပ်ရမယ်။ အများယောင်လို့ ယောင်ရတယ်။ အမောင်တောင်မှန်းမြောက်မှန်းမသိဆိုရင် ခေါင်းဆောင်မဟုတ်ဘူး" ဟု ရှင်းရှင်းပြတ်ပြတ် ဆိုခဲ့ဖူးသည်။

ဗိုလ်ချုပ်က နိုင်ငံရေး၏ အဓိပ္ပာယ်ကို တစ်ခါတစ်ရံမှ အစည်းအဝေးလုပ်ကာ စင်မြင့်ပေါ်မှ ပြောသူကပြော၍၊ နားထောင်သူက နားထောင်သည့် ကိစ္စမျိုးမဟုတ်ဘဲ တစ်နိုင်ငံလုံးရှိ ပြည်သူပြည်သားများက မိမိတို့၏ ဆိုင်ရာအကျိုးတွေအတွက် ဖွဲ့စည်းပြီး ပြဿနာများကို အမြဲတမ်းဖြေရှင်းဆောင်ရွက်နေခြင်းဖြစ်သည်ဟု ရိုးရှင်းစွာ သုံးသပ်ပြဖူးသည်။

အမျိုးသားခေါင်းဆောင်ကြီးများ၏ မျှော်မှန်းချက်နှင့် လုပ်ဆောင်ချက်များကို သိရှိဖော်ထုတ်ပြီး မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး အနာဂတ်လုပ်ငန်းစဉ်များတွင် အံ့ဝင်ခွင်ကျဖြစ်အောင်အသုံးချရင်း အောင်မြင်မှုပန်းတိုင်ရောက်အောင် မျိုးဆက်သစ်တို့အနေဖြင့် ဆက်လက်လျှောက်လှမ်းရဦးမည်ဖြစ်သည်။

**တည်ငြိမ်အေးချမ်းရေးကို လိုလားကြသူ**

နိုင်ငံတည်ငြိမ်အေးချမ်းရေးတွင် တပ်မတော်၏ အရေးပါသည့်အခန်းကဏ္ဍနှင့် မှန်ကန်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်၊ မှားပြီးသား အမှားများ ဆက်မမှားကြရန်နှင့် အမှား၊ အမှန် ခွဲခြားနားလည်သိတတ်ရန် တပ်မတော်ရေးရာဆိုင်ရာ မိန့်ခွန်းများတွင် ဗိုလ်ချုပ်က ထည့်သွင်းပြောကြားသည်။

ထို့ပြင် နိုင်ငံနှင့် လူမျိုးအကျိုးကို ဆန့်ကျင်ပြီး ကိုယ်ကျိုးကြည့်သူသည် နိုင်ငံခေါင်းဆောင်အဖြစ် ကြာရှည်စွာ ရပ်တည်နိုင်ခြင်းမရှိကြောင်းကို ဗိုလ်ချုပ်က ဆိုသည်။ ဇာတိမာန်၊ ဇာတိသွေးဖြင့် နိုင်ငံချစ်စိတ်မွေးရန်၊ မြန်မာနိုင်ငံသားများကို အလုပ်ကြိုးစားလုပ်ကိုင်ခြင်းဖြင့် ဂုဏ်ယူကြရန် တိုက်တွန်းခဲ့သည်။

**ပြည်ထောင်စုစိတ်ဓာတ် ဖော်ဆောင်ခြင်း**

ထို့ပြင် ပင်လုံစာချုပ်ဖြစ်မြောက်ရန် မည်သူမှ စိတ်ကူးယဉ်အိပ်မက်ပင် မမက်ကြသောအချိန်မှစ၍ ဗိုလ်ချုပ်အောင်ဆန်း၏ "ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်သားစည်းလုံးညီညွတ်ရေး" အထူးကြိုးစားတည်ဆောက်ခဲ့ပုံများကိုပါ ပြန်လည်သတိရမြင်ယောင်နေမိပါသည်။

၁၉၄၂ ခုနှစ်က ဗိုလ်ချုပ်ကိုယ်တိုင် မူကြမ်းရေးပြီး ပုံနှိပ်ထုတ်ဝေခဲ့သည့် စစ်သားစုဆောင်းရေးအတွက် စည်းရုံးလှုံ့ဆော်ချက်စာတမ်းတွင် --- **"ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဗမာတိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်၏။ လွတ်လပ်ရေးလိုလားသူတို့ တစည်းတလုံးတည်းရှိအောင်လုပ်မည်ဖြစ်၏။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ရှမ်း၊ ချင်း၊ ကချင်စသော တိုင်းရင်းသားလူမျိုးစုများနှင့် တစ်သွေးတည်း တစ်စိတ်တည်းရှိ၏။ ဗမာတိုင်းရင်းသားအားလုံး တန်းတူရည်တူ အခွင့်အရေးရရှိစေမည် ဖြစ်၏"** ဟု ဖော်ပြပါရှိသည်။ ယင်းမှာ ဗိုလ်ချုပ်အောင်ဆန်း၏ "ပြည်ထောင်စုစိတ်ဓာတ်" နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အဓိကအင်အားအဖြစ် တည်ဆောက်လိုစိတ်ကိုပါ ၁၉၄၂ ခုနှစ်ကတည်းကပင် ထင်ရှားစေခဲ့သည်။

ယင်းသို့ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံခဲ့သဖြင့် လွတ်လပ်၍ အချုပ်အချာအာဏာ တည်တံ့သော မြန်မာနိုင်ငံအဖြစ် ပေါ်ထွန်းလာစေသည့် သမိုင်းဝင် ပင်လုံညီညွတ်ရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

ငြိမ်းချမ်းရေးကို ဦးစွာတည်ဆောက်ပြီး နိုင်ငံတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ချခဲ့ခြင်းကြောင့် ဗိုလ်ချုပ်၏ ခိုင်မာမှန်ကန်သည့် ပြည်ထောင်စုစိတ်ဓာတ်သည် ယနေ့ မြန်မာနိုင်ငံအတွက် အကောင်းမွန်ဆုံး လက်ဆောင်ဖြစ်ခဲ့သည်။

**အာဇာနည်ခေါင်းဆောင်များ မျိုးစေ့ချခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ဟူသည် တစ်မြေတည်းနေ တစ်ရေတည်းသောက် တိုင်းရင်းသားအချင်းချင်း တစ်ဦးအကျိုးကို တစ်ဦးလိုလားသော တစ်ဦး၏ အခက်အခဲကို တစ်ဦးက စာနာကာ စိတ်စေတနာ မှန်ကန်စွာဖြင့် ကျဉ်းမြောင်းသည့် အတွေးအခေါ် အယူအဆတို့မှ ကင်းလွတ်သော၊ တရားမျှတသော၊ တန်းတူညီမျှဖြစ်သော စိတ်ထားပင်ဖြစ်သည်။** အတိတ်သမိုင်းကို လေ့လာသုံးသပ်သင်ခန်းစာယူကာ ခိုင်မြဲညီညွတ်သော၊ အလေးအမြတ်ပြုအပ်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အမိမြန်မာနိုင်ငံတော်ကြီးကို ဆတက်ထမ်းပိုးတိုး၍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားကြရမည်ဟုလည်း ယုံကြည်မိပါသည်။

**မျိုးဆက်သစ်တာဝန်**

ယခုနှစ် ဇူလိုင်လ (၁၉) ရက်နေ့တွင် ကျရောက်မည့် (၆၈) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် "ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြု. . " ဟူသည့် တိုင်တည်သံနှင့်အတူ အာဇာနည်ခေါင်းဆောင်ကြီးများကို နှမြောတသ လွမ်းဆွတ်နေကြဦးမည်ဖြစ်သည်။ ထို့အတူ **အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အာဇာနည်စိတ်ဓာတ်တို့ကို အခြေခံကာ အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်လင့်တောင့်တခဲ့သည့် စည်းလုံးညီညွတ်ပြီး ဖွံ့ဖြိုးတိုးတက်သည့် မြန်မာနိုင်ငံဆီသို့ မျိုးဆက်သစ်တို့ ဆက်လက်ချီတက်ရမည်ဖြစ်သည်။** ။

**အာဇာနည်ခေါင်းဆောင်များ မျိုးစေ့ချခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ဟူသည် တစ်မြေတည်းနေ တစ်ရေတည်းသောက် တိုင်းရင်းသားအချင်းချင်း တစ်ဦးအကျိုးကို တစ်ဦးလိုလားသော တစ်ဦး၏အခက်အခဲကို တစ်ဦးကစာနာကာ စိတ်စေတနာ မှန်ကန်စွာဖြင့် ကျဉ်းမြောင်းသည့် အတွေးအခေါ်အယူအဆတို့မှ ကင်းလွတ်သော၊ တရားမျှတသော၊ တန်းတူညီမျှဖြစ်သော စိတ်ထားပင်ဖြစ်သည်။**

# အများအကျိုးဆောင်ရွက်ရာတွင် ရဲရဲဝံ့ဝံ့ မှန်မှန်ကန်ကန် ဆောင်ရွက်ရန်လိုအပ်





**ဖြူး ဇူလိုင် ၁၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၈ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိမင်္ဂလာခန်းမ၌ ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက မိမိတို့နိုင်ငံကို ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးပြီး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရန် လမ်းကြောင်းပေါ်သို့ တက်လှမ်းခဲ့သည်မှာ လေးနှစ်ကျော်ခဲ့ပြီ ဖြစ်ကြောင်း၊ ယခုအစိုးရလက်ထက်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရှိလာပါကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ထိုက်သင့်သမျှ လုပ်ဆောင်နိုင်ခဲ့သော်လည်း လူမှုရေး၊ စီးပွားရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတို့တွင် ဆက်လက်တိုးတက်ရန် လိုအပ်နေဆဲဖြစ်ပါကြောင်း။

ဒီမိုကရေစီလမ်းကြောင်းသို့ ပြောင်းလဲလျှောက်လှမ်းရာတွင် ခက်ခက်ခဲခဲ ကျော်လွှားပြောင်းလဲခဲ့ရခြင်းဖြစ်ပါကြောင်း၊ ရှေ့ဆက်ရမည့်ခရီး၌ အစိုးရ၊ လွှတ်တော်တို့နှင့် သာမကဘဲ ပြည်သူများပူးပေါင်းပါဝင်ရန် လိုအပ်ပါကြောင်း။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရာတွင် နိုင်ငံ့ဘဏ္ဍာငွေများကို ယခင်ထက် ပိုမိုကျခံဆောင်ရွက်ခဲ့ပါကြောင်း၊ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ရေရရှိရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သော်လည်း ပြည့်စုံလုံလောက်မှုမရှိသေးပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းမှန်ပေါ် လျှောက်လှမ်းနေပြီဖြစ်၍ ရှေ့သို့တိုးပြီးလျှောက်လှမ်းသွားရန် လိုအပ်ပါကြောင်း။

နိုင်ငံ့အတွက် အလွန်အရေးကြီးသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် တစ်နိုင်ငံလုံးတွင် ကျင်းပမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်ချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဝင်ကြမည့် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ၊ လူမှုရေးအဖွဲ့ အစည်းများနှင့် ရွေးကောက်ပွဲကို တာဝန်ခံဆောင်ရွက်ပေးကြမည့် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများတွင် တာဝန်ရှိသကဲ့သို့ မဲပေးကြမည့် ပြည်သူများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးပါကြောင်း။

ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် အောင်မြင်ရေးအတွက် ရွေးကောက်ပွဲကို ဖြတ်သန်းကြရမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အောင်မြင်ရန် အားလုံးတွင် တာဝန်ရှိပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်က ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ ထုတ်ပြန်ထားပြီးဖြစ်၍ လိုက်နာကြရမည်ဖြစ်ပါကြောင်း၊ စည်းမျဉ်း၊ စည်းကမ်းများအတွင်းက အောင်မြင်စွာ လုပ်ဆောင်မှသာလျှင် ရှေ့ခရီးမှာအောင်မြင်မည်ဖြစ်ကြောင်း၊ လိုအပ်ချက်များရှိပါက တင်ပြကြရန် ဖိတ်ခေါ်ပါကြောင်းနှင့် တင်ပြချက်များအပေါ် လွှတ်တော်အပိုင်းက ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သစ်တောနှင့်သတ္တုဝန်ကြီး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးတာဝန်ရှိသူများက ဒေသလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် အုတ်တွင်းမြို့သို့ ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သိရီရတနာခန်းမ၌ ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ပညာရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှတာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးတို့က ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပြောကြားရာတွင် ၂၀၁၀ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ရလဒ်အပေါ် မူတည်ပြီး လွှတ်တော်များနှင့် အစိုးရအဖွဲ့များ ပေါ်ပေါက်လာကြောင်း။

လွှတ်တော်အတွင်း၌ နိုင်ငံနှင့်နိုင်ငံသားအကျိုးအတွက် ပါတီစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ကိုးကွယ်သည့်အယူဝါဒစွဲ မထားဘဲ အားလုံးပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပါတီအချင်းချင်း လုပ်ဖော်ကိုင်ဖက်အဖြစ် သဘောထားသည့်အတွက် လွှတ်တော်လုပ်ငန်းများ အောင်မြင်ခြင်းဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အထောက်အကူပြုပါကြောင်း၊ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် ပြည်သူများ၏ အကျိုးစီးပွားဖော်ဆောင်ရန်ဖြစ်ကြောင်း၊ အများအကျိုးဆောင်ရွက်ရာတွင် ရဲရဲဝံ့ဝံ့ မှန်မှန်ကန်ကန် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တင်ပြချက်များအချို့ကို ချက်ချင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး အချို့အချက်များကို အချိန်အတိုင်းအတာတစ်ခုအတွင်း၌ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အုတ်တွင်းမြို့ ကန်ကလေးတောရကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်ပဓာနနာယက ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားသည်။

**(သတင်းစဉ်)**



## ရေလမ်းကြောင်းများယွင်းမောင်းနှင်မှုကြောင့် ကုန်တင်သင်္ဘောတစ်စင်းဘုရားရင်ပြင်အား ဝင်တိုက်မိ

**ကော့သောင်း ဇူလိုင် ၁၇**

ကော့သောင်းမြို့ ဘုရင့်နောင်ရပ်ကွက် ကမ်းနားလမ်း ဘုရင့်နောင်အငူ(ဝိတိုရိယအငူ)အနီးတွင် တည်ထားကိုးကွယ်သည့် နဂါးရုံစေတီတော်ရင်ပြင်တော်ပရိဝုဏ်အတွင်းသို့ ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက ကမ်းရိုးတန်းသွားကုန်တင်သင်္ဘော(သံခွံ)တစ်စင်း ရေလမ်းကြောင်းမှားယွင်းမောင်းနှင်မှုကြောင့် ဝင်ရောက်တိုက်မိသည့် ဖြစ်စဉ်တစ်ခုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ အဆိုပါနေ့ နံနက်ပိုင်းက ရန်ကုန်မှ ကော့သောင်းအထိကမ်းရိုးတန်းတစ်လျှောက် ပြေးဆွဲကုန်တင်သည့် MVရွှေသုန္ဒရီ-၃ အမည်ရှိ ကမ်းရိုးတန်းသွားကုန်တင်သင်္ဘောမှာ ကော့သောင်းမြို့သို့ ဝင်ရောက်စဉ် ရေလမ်းကြောင်းမှားယွင်းမောင်းနှင်မှုကြောင့် ဘုရင့်နောင်အငူ (ဝိတိုရိယအငူ)အနီး ပင်လယ်ကမ်းစပ်တွင် တည်ထားကိုးကွယ်သည့် နဂါးရုံစေတီတော် ရင်ပြင်တော် ကွန်ကရစ်လက်ရန်းဝရန်တာအား ဝင်ရောက်တိုက်မိခြင်းဖြစ်သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ စေတီတော်ရင်ပြင်ဝရန်တာကွန်ကရစ်တန်းများ ထိခိုက်ပျက်စီးခဲ့ပြီး စေတီတော်ရင်ပြင်တော်ပေါ်ရှိ ဘုရားဖူးသူများ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိဘဲ သင်္ဘောတာဝန်ခံဖြစ်သူက တာဝန်ယူပြေရှင်းပေးမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများက လိုအပ်သည်များ စစ်ဆေးမေးမြန်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညှိနှိုင်းစည်းဝေး

**ပဲခူး ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ဇူလိုင် ၁၄ ရက် နံနက်က ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စည်ပင်သာယာရေးလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားရာတွင် စည်ပင်သာယာရေး ဝန်ထမ်းများအနေဖြင့် မိမိမြို့၊ ရွာ၊ ဒေသဖွံ့ဖြိုးတိုးတက်ရန် စည်ပင်သာယာရေးအဖွဲ့သည် အရေးကြီးပြီး စည်ပင်သာယာရေးလုပ်ငန်းများ အောင်မြင်ရန်အတွက် သက်ဆိုင်ရာမြို့ရွာများမှ အခွန်ငွေများအား မှန်မှန်ကန်ကန် ကောက်ခံသွားကြရန် လိုကြောင်း၊ ရငွေအပေါ် မူတည်ပြီးသုံးစွဲရမည့် လုပ်ငန်းများကို တိတိကျကျ စိစစ်သုံးစွဲရန်လိုကြောင်း၊ မြို့တိုင်းသာယာသန့်ရှင်းရန်လိုကြောင်း၊ မိမိတို့နှင့်အတူ ပြည်သူများ မြို့ရွာသန့်ရှင်းရေးအတွက် ပူးပေါင်းဆောင်ရွက်လာစေရန် စည်းရုံးပညာပေးသွားကြရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ရေးဆွဲထားရှိသည့် စီမံချက်ပါအတိုင်း အလျင်အမြန် ကူညီကယ်ဆယ်ထောက်ပံ့သွားရန်လိုကြောင်း၊ သဘာဝဘေးဒဏ်ကြောင့် ဆုံးရှုံးသည်များကို မှန်မှန်ကန်ကန် တိတိကျကျ လုပ်ဆောင်သွားကြရန်လိုကြောင်း၊ စည်ပင်သာယာရေး ဝန်ထမ်းများအနေဖြင့် တစ်ဦးနှင့်တစ်ဦး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပေါင်းစပ်ညှိနှိုင်းပြီး သစ္စာရှိရှိ လုပ်ဆောင်သွားကြရန်လိုကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၈ ဖွဲ့တို့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဆောင်ရွက်ရန်လျာထားချက်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး စာရင်းစစ်ချုပ်က စာရင်းများ မှန်မှန်ကန်ကန် တိတိကျကျ ဖြစ်စေရေးအတွက် တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ပြန်/ဆက်)**

**ရန်ကုန် ဇူလိုင် ၁၇**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဆင်မင်းရပ်ကွက် ဆင်မင်းလမ်းတစ်လျှောက်နှင့် ကမ်းနားလမ်းတို့တွင် ဇူလိုင် ၁၇ ရက် မွန်းလွဲပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြုပြင်ဆဲရေမြောင်းများမှ ရေမဆင်းနိုင်ဘဲ ရေမြောင်းများမှ ရေများ လမ်းပေါ်သို့ လျှံတက်ကာ လူသွားလမ်းနှင့် ကားလမ်းများ ယာဉ်သွားလာမှု အခက်အခဲများဖြစ်ခဲ့ပြီး ယာဉ်ကြောကျပ်တည်းမှုများ အနည်းငယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**(ရွှေတိုင်လွင်)**

## မိုးသည်းထန်စွာ ရွာသွန်း၍ မပြီးပြတ်သေးသည့် ရေနုတ်မြောင်းများ ရေလျှံကာ ကားလမ်းကျပ်တည်းမှုဖြစ်



# ပြည်တွင်းရေးရာ

☆ **ကျော်ဖုံးမှ**

ဖြေ။ ဟိုးအရင် အဘွားရှိတုန်းက ကျွန်မတို့ငယ်ငယ်လေးက ကြားဖူးခဲ့တာ အာဇာနည်နေ့ဆိုရင် နိုင်ငံတော်သမ္မတအဆင့်တက်ရောက်ခဲ့တာ။ နိုင်ငံတော်သမ္မတကြီး မန်းဝင်းမောင်ကိုယ်တိုင် တက်ရောက်ခဲ့တယ်လို့ပြောပါတယ်။ ကျွန်မတို့တော့မမီလိုက်ဘူး။ အခုအစိုးရလက်ထက်မှာ ဒုတိယသမ္မတတို့၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ တက်ရောက်ဂါရဝပြုတာကိုလည်းတွေ့ရတယ်။ ကျွန်မတို့အဘိုးနဲ့ပတ်သက်ပြီး အာဇာနည်နေ့ရောက်တိုင်း အိမ်မှာဆွမ်းကပ်တယ်။ ဒီလိုလုပ်တယ်ဆိုတာလည်း အဘိုးအဘွားတွေကို ကျေးဇူးဆပ်ဂုဏ်ပြုသလို အစိုးရအနေနဲ့လည်း သူတို့တာဝန်ကို သူတို့လုပ်တယ်လို့မြင်ပါတယ်။

**မေး။ အာဇာနည်ခေါင်းဆောင်တစ်ဦးရဲ့ မြေးဖြစ်ရတဲ့အတွက် ရင်ထဲမှာ ဘယ်လို ခံစားရပါသလဲ။ အန်တီ့အနေနဲ့ နိုင်ငံ့တာဝန်တွေကို ဘယ်လိုကဏ္ဍတွေမှာ တာဝန်ထမ်းဆောင်ခဲ့တယ်ဆိုတာလည်းပြောပြပေးပါ။**

ဖြေ။ အဲဒီအတွက်တော့ ဂုဏ်ယူတာပေါ့။ ကျွန်မအဘိုးက လူတိုင်းနဲ့တူတဲ့သူမှ မဟုတ်တာ။ အရင်တုန်းက ကျွန်မက ဆရာဝန်ပါ။ ဆေးရုံကြီးမှာ အလုပ်လုပ်ခဲ့ပါတယ်။ လုပ်သက် ၁၃ နှစ်မှာ အလုပ်ထွက်ခဲ့တာပါ။

**အာဇာနည်ခေါင်းဆောင်တစ်ဦးဖြစ်သူ မန်းဘခိုင်သည် ကရင် - ဗမာ ချစ်ကြည်ရေးကို အထူးကြိုးပမ်းတည်ဆောက်ခဲ့သူဖြစ်သည်။ ဖဆပလအဖွဲ့ကြီး ဖြစ်မြောက်ရေးတွင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ကရင်လူငယ်များ အစည်းအရုံး ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရသူဖြစ်သည်။ ၁၉၄၆ ခုနှစ် စက်တင်ဘာလတွင် စက်မှုလက်မှုနှင့် အလုပ်သမားဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ မန်းဘခိုင်၏ မိသားစုဝင်များနှင့် တွေ့ဆုံခဲ့ရာတွင်-**

**နန့်ခင်ဌေးရီခိုင်၊ အလယ်တန်းပြ (ငြိမ်း)**
**(အာဇာနည်ခေါင်းဆောင် မန်းဘခိုင်၏ သမီး)**

**မေး။ အာဇာနည်နေ့နီးလာပြီဆိုရင် အာဇာနည်နေ့နဲ့ ပတ်သက်ပြီး ရင်ထဲမှာ ဘယ်လို ခံစားရပါသလဲခင်ဗျာ။**

ဖြေ။ အာဇာနည်နေ့ရောက်တော့မယ်ဆိုရင် အမိုးက ပါပါဆုံးတဲ့အချိန်မှာ ၇ နှစ်သမီးလေးပဲရှိသေးတယ်။ သိတတ်တယ်ဆိုရုံလောက်အရွယ်ပဲ ရှိသေးတယ်။ အခုလို အာဇာနည်နေ့ရောက်လာပြီဆိုရင် ကိုယ့်ရဲ့ပါပါကို ပြန်ပြီး မြင်ယောင်လာတယ်။ ပြန်လည်တွေ့ချင်နေသလိုပဲ။ အခုလိုအခမ်းအနားနဲ့ လုပ်ပေးတဲ့အခါကြတော့ ရင်ထဲမှာ ကျေးဇူးလည်းတင်တယ်၊ ဝမ်းလည်းသာတယ်။ အာဇာနည်နေ့ရောက်ပြီဆိုရင် ပါပါအတွက် ဟိုးနဂိုကတည်းက ယုန်တလင်းရွာမှာ နှစ်တိုင်းပဲ ဘုရားရှိခိုးပေးတယ်။ ဆုတောင်းပေးတယ်။ အမိုးတို့က ခရစ်ယာန်ဆိုတော့ ဘုရားရှိခိုးပေးပါတယ်။


မန်းဘခိုင်၏ သမီး နန့်ခင်ဌေးရီခိုင်။

**မေး။ အခုအစိုးရလက်ထက်မှာ အာဇာနည်နေ့အခမ်းအနား ကျင်းပတာနဲ့ ပတ်သက်ပြီး ဘယ်လိုမြင်ပါသလဲ ။**

ဖြေ။ အာဇာနည်နေ့ အခမ်းအနားကို နိုင်ငံတော်က သိုက်သိုက်ဝန်းဝန်း ကျင်းပပေးတဲ့အတွက် အများကြီး ဝမ်းသာပါတယ်။ ဘာလို့လဲဆိုတော့ ပါပါတို့ ဆုံးသွားပြီးတဲ့နောက်ပိုင်းမှာ တော်တော်လေး တိမ်မြုပ်သွားတယ်။ အမိုးတို့ ပန်းခွေချခွင့်ရတဲ့ အချိန်ကလည်း ဖြစ်သလိုလေးပဲလုပ်သွားတယ်။ အခုလက်ထက်မှာ အာဇာနည်နေ့အခမ်းအနားကို ပြည့်ပြည့်စုံစုံလေးနဲ့ ပြန်လည်ကျင်းပပေးတဲ့အတွက် ဝမ်းသာစရာဖြစ်မိတယ်။

**မေး။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ဆောင်ရွက်နေတဲ့အပေါ် အာဇာနည်ခေါင်းဆောင်ကြီးတစ်ယောက်ရဲ့ သမီး အနေနဲ့ ဘယ်လိုမြင်ပါသလဲ။**

ဖြေ။ အမိုးတို့ကတော့ ဘာပဲဖြစ်ဖြစ် အကုန်လုံး ငြိမ်းချမ်းသာယာစေချင်တယ်။ အမိုးတို့ ပါပါရှိကတည်းကိုက ပါပါက နိုင်ငံကိုချစ်သလို လူမျိုးကိုလည်း အလွန်ချစ်တယ်။ တိုင်းရင်းသားတွေ အကုန်လုံးကိုလည်း ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးနဲ့ ဖြစ်စေချင်ခဲ့တာ။ အမိုးတို့ ကရင်စကားပုံမှာ **ညီညွတ်မှုရှိရင် ပင်လယ်ထဲမှာရှိတဲ့ ရေကိုအကုန်ခပ်ထုတ်နိုင်တယ်**ဆိုတဲ့ စကားပုံရှိတယ်။ ညီညီညွတ်ညွတ်နဲ့ တိုင်းပြည်အတွက် အခုလိုငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေတယ်ဆိုတော့ ဝမ်းသာစရာပါ။ ကွဲပြားနေတာကိုတော့ အမိုးတို့လည်း သဘောမကျပါဘူး။ ပြန်ပြီးတော့ စည်းစည်းလုံးလုံးနဲ့ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်အစိုးရလက်ထက်မှာ ငြိမ်းချမ်းရေးအတွက် ပြန်လုပ်တဲ့အခါ အလွန်ဝမ်းသာတယ်။ ဒါတွေကိုလည်း အားလုံးပြေပြေလည်လည်နဲ့ ဖြစ်မြောက်ပါစေလို့ ဆုတောင်းပေးတယ်။

**မေး။ ကရင်ပြည်နယ်ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အာဇာနည်ခေါင်းဆောင်ကြီး ကရင်တိုင်းရင်းသားတစ်ယောက်ဖြစ်တဲ့ မန်းဘခိုင်ရဲ့ သမီးတစ်ယောက်အနေနဲ့ ကရင်လူထုကို ဘာများပြောချင်ပါသလဲ။**

ဖြေ။ ကရင်ပြည်နယ် ကရင်လူမျိုးတွေနဲ့ မြန်မာတိုင်းရင်းသားတွေ တစ်ယောက်နဲ့တစ်ယောက် စည်းစည်းလုံးလုံးချစ်ချစ်ခင်ခင်ဖြစ်စေချင်တယ်။ ဖြစ်ဖို့အတွက်လည်း အမိုးတို့ ဘုရားသခင်ဆီ ဆုတောင်းပေးတယ်။ ဆုတောင်းတဲ့အချိန်မှာလည်း ဒီတိုင်းပြည်မှာရှိတဲ့ ကရင်တွေ၊ ဗမာတွေ၊ အခြားတိုင်းရင်းသားတွေ ဘာသာမတူပေမယ့် အားလုံးစည်းစည်းလုံးလုံးနဲ့ ဖြစ်ဖို့ ဆုတောင်းနေပါတယ်။ ကရင်လူထုတွေကလည်း ဘာပဲဖြစ်ဖြစ် ပါပါတို့ချမှတ်သွားတဲ့မူတွေကို တစ်ယောက်နဲ့တစ်ယောက် စည်းစည်းလုံးလုံးနဲ့ ခွင့်လွှတ်သည်းခံပြီး တစ်ယောက်ကိုတစ်ယောက် နားလည်မှုရှိပြီးတော့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အတူတကွ လက်တွဲပြီးတော့သွားစေချင်တယ်။

**မေး။ လက်ရှိနိုင်ငံတော်အစိုးရရဲ့ ဒီမိုကရေစီလမ်းကြောင်း ဖော်ဆောင်နေတဲ့ အပေါ် ဘယ်လိုမြင်ပါသလဲ ခင်ဗျာ။**

ဖြေ။ အလွန်ဝမ်းသာတယ်။ အခုဆိုရင် အကုန်လုံးလမ်းပန်းဆက်သွယ်ရေးတွေကောင်းပြီး လျှပ်စစ်မီးတွေရလာတယ်။ အားလုံးပြည့်ပြည့်စုံစုံမဟုတ်ပေမယ့် လိုအပ်တဲ့နေရာတွေမှာ ဖြည့်ဆည်းပေးနေသလို ကျန်တဲ့နေရာတွေကိုလည်း ဖြည့်ဆည်းပေးမှာပါ။ ဖြည့်ဆည်းပေးရမယ့်နေရာတွေကိုလည်း ပြည့်ပြည့်ဝဝနဲ့ ဖြည့်ဆည်းပေးတယ်လို့ မြင်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းတို့ ပါပါတို့ ချသွားတဲ့ လမ်းစဉ်ကို အားလုံးညီညီညွတ်ညွတ်နဲ့ လက်တွဲပြီး အကောင်အထည်ဖော်ကြပါလို့ ပြောချင်တယ်။

**ဒေါ်မြင့်မြင့်ခိုင်၊ ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**
**(အာဇာနည်ခေါင်းဆောင် မန်းဘခိုင်၏ သမီး)**

**မေး။ အာဇာနည်နေ့ရောက်လာပြီဆိုရင် တစ်တိုင်းပြည်လုံးက ပြည်သူတွေကလည်း လွမ်းဆွတ်သတိရကြတယ်။ မိသားစုတွေအနေနဲ့ကော ဘယ်လိုခံစားမှုတွေ ဖြစ်ပေါ်လာတယ်ဆိုတာ သိပါရစေ။**

ဖြေ။ အထူးသဖြင့် အာဇာနည်ဗိမာန်သွားရင် အခု ဘာမှ အမှတ်တရမရှိတော့ဘူး။ ဟိုတုန်းက အုတ်ဂူတွေမှာဆိုရင် ဝန်ကြီးဌာနနဲ့တကွ နာမည်တွေ၊ ဘယ်နှစ်တွေမှာမွေးဖွားတယ်၊ ဘယ်ဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်တယ်၊ ပြီးတော့ အဲဒီဂူရဲ့အပေါ်မှာ ဓာတ်ပုံတွေ အသီးသီးရှိတယ်။

အခုအကုန်လုံး ဘာမှမရှိတော့တဲ့အခါ နောက်လူတွေသိဖို့ရာ အတော့်ကိုခက်သွားတယ်။ ဒါကြောင့် အနည်းဆုံးတော့ ဓာတ်ပုံ၊ ဥပမာဆိုပါစို့ ကြေးရုပ်နဲ့ပဲဖြစ်ဖြစ်၊ အနုပညာရှင်တွေတောင်မှ ကြေးရုပ်နဲ့ထုပြီး လုပ်နေတော့ ဒီခေါင်းဆောင်ကြီးတွေရဲ့ပုံတွေကို မလုပ်နိုင်စရာအကြောင်းမရှိဘူးလို့ထင်တယ်။

အနည်းဆုံးနာမည်နဲ့ သူတို့ဘယ်လိုတာဝန်ထမ်းဆောင်ခဲ့သလဲဆိုတာ အရင်တုန်းက အုတ်ဂူတွေမှာရှိတဲ့ ကျောက်ပြားမှာရေးထားတာ။ အခု အဲဒီလောက်တော့ဖြစ်စေချင်ပါတယ်။ အဲဒီလို မဟုတ်တဲ့အခါ သွားတိုင်းသွားတိုင်း စိတ်မကောင်းဖြစ်ရတယ်။

နောက်တစ်ခုက လွတ်လပ်ရေးနေ့ရောက်တိုင်းမှာ ဂုဏ်ပြုညစာစားပွဲ လုပ်ပြီးတော့ လွတ်လပ်ရေးအတွက် တာဝန်ထမ်းဆောင်ခဲ့တဲ့ လူတွေရဲ့မိသားစုတွေနဲ့ ဂုဏ်ပြုတဲ့ညစာထမင်းစားပွဲရှိတယ်။ အဲဒါ ဟိုတုန်းက အမြဲဖိတ်ခဲ့တယ်။ ဖိတ်တာ ဒီလွတ်လပ်ရေးနေ့မှ မဟုတ်ဘူး။ ဟိုတုန်းက တပ်မတော်နေ့တို့၊ ဘာအခမ်းအနားရှိရှိ ဝန်ကြီးတွေ Level သတ်မှတ်ပြီး ဘာပွဲလမ်းရှိရှိ၊ ဒီအာဇာနည်မိသားစုဝင်တွေကို အမြဲတမ်းရှေ့တန်းကဖိတ်ခဲ့တယ်။ အခု အသိအမှတ်မပြုတော့ဘဲ လွတ်လပ်ရေးနေ့ညစာစားပွဲ ကျင်းပနေတာ မိသားစုအနေနဲ့ ပိုပြီးတော့ စိတ်မကောင်းဖြစ်ရတယ်။ အဓိကက အဲဒီအချက် နှစ်ချက်ပဲ ပြောချင်တာ။ တခြားဟာတွေ ဘာမှမရှိပါဘူး။

**မေး။ လက်ရှိ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ငြိမ်းချမ်းရေးဆွေးနွေးနေမှု အပေါ် ဆရာမကြီးအနေနဲ့ ဘယ်လိုမြင်ပါသလဲ။**

ဖြေ။ ဟိုတုန်းကဆို တိုင်းရင်းသားတွေအကုန်လုံး စည်းစည်းလုံးလုံးနဲ့ဝိုင်းပြီး လွတ်လပ်ရေးအတွက်လုပ်ခဲ့ကြတာ။ အခုလည်း အဲသလိုအခြေအနေမျိုး ဖြစ်စေချင်တယ်။ ဗိုလ်ချုပ်တို့၊ အဖေတို့ကြိုးစားခဲ့တာ အသက်ပါပေးပြီး ကြိုးစားခဲ့တာတွေ အခုမှဒီလိုဖြစ်နေတယ်ဆိုတော့ နှမြောဖို့ကောင်းပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေ အသက်စွန့်သွားတာ မတန်ဘူး ဖြစ်သွားတာပေါ့။ တစ်နိုင်ငံလုံးစည်းစည်းလုံးလုံးနဲ့ လွတ်လပ်ရေးရဲ့အရသာခံစားပြီး ပျော်ရွှင်တဲ့နိုင်ငံကြီး ဖြစ်စေချင်တယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ စိတ်ထဲမှာလည်း ဒီလိုဆန္ဒတွေရှိနေမယ်လို့ ထင်တယ်။


အာဇာနည်ခေါင်းဆောင် မန်းဘခိုင်။

**ဦးအုန်းမောင်သည် ၁၉၃၄ ခုနှစ်တွင် ဝိဇ္ဇာတန်းအောင်ပြီး ၁၉၃၇ ခုနှစ်တွင် အိုင်စီအက် (စ်) စာမေးပွဲ ဝင်ရောက်ဖြေဆိုရာ ဖြေဆိုသူသုံးဦးအနက် ပထမရရှိခဲ့သူဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး အတွင်းဝန်အဖြစ် ဆောင်ရွက်နေစဉ် ဗိုလ်ချုပ်တို့နှင့်အတူ ကျဆုံးခဲ့ရခြင်းဖြစ်သည်။ ဦးအုန်းမောင်၏ သားဖြစ်သူ ဒေါက်တာမင်းမြင့်နှင့် တွေ့ဆုံခဲ့ရာတွင်-**

**ဒေါက်တာ မင်းမြင့်၊ ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ ကုန်ထုတ်ဓာတုဗေဒဌာန**
**(အတွင်းဝန် ဦးအုန်းမောင်၏ သားအငယ်ဆုံး)**

**မေး။ အာဇာနည်နေ့ရောက်ပြီဆိုရင် အာဇာနည်ခေါင်းဆောင်ကြီးတွေနဲ့ ပတ်သက်ပြီး တစ်နိုင်ငံလုံးကပြည်သူတွေက လွမ်းဆွတ်သတိရမှုတွေ ရှိနေကြတယ်။ ဆရာ့အနေနဲ့ အာဇာနည်နေ့ရောက်ခါနီး ဘယ်လိုခံစားမှုတွေရှိတယ်ဆိုတာ သိပါရစေ။**

ဖြေ။ အဖေတို့ကျဆုံးချိန်မှာ ဆရာက တစ်နှစ်နဲ့ ၁၀ လသားပဲ ရှိသေးတယ်။ စိတ်မကောင်းဖြစ်တာတော့ အရွယ်ရောက်ပြီး ၁၉ ဇူလိုင်မှာ တစ်နှစ်တစ်ခါ လွမ်းသူ့ပန်းခွေချတော့မှသိတယ်။ စိတ်မကောင်းဖြစ်မိတယ်။ ကျဆုံးချိန်တုန်းက ၁နှစ် ၁၀ လသားဆိုတော့ ဒါတွေမသိဘူးပေါ့၊ ပိုပြီးခံစားရတာ သားသမီးတွေထက်စာရင် ဆရာ့အမေ ဒေါ်သိန်းကြွယ်က ပိုခံစားရတယ်။

အဖေကျဆုံးချိန်တုန်းက အမေက အသက်(၂၂)နှစ်လောက်ပဲရှိသေးတယ်။ အမေက နှစ်တိုင်း ဒီအချိန်ရောက်ရင်အခုထိ နေထိုင်မကောင်းဖြစ်ပြီး အိပ်မက်လိုလို အတိတ်ကို ပြန်သတိရတယ်။ အခုလိုတစ်ယောက်ထဲဆိုရင် ပြန်တွေးပြီး စိတ်မကောင်းဖြစ်နေတတ်တယ်။ မျက်ရည်ကျနေတယ်။ ဆရာတို့ကိုတော့ ဖွင့်မပြောဘူးပေါ့။ အခုအမေက အသက် (၉၁) နှစ်ရှိပြီ။ အဖေ့အတွက် ရည်စူးပြီး အမြဲတမ်း သံဃာတွေပင့်ပြီး ဆွမ်းကျွေးတယ်။

အဖေကျဆုံးချိန်တုန်းက (၃၄)နှစ်အရွယ်ပါ။ ဒီနှစ်သက်စေ့ သံဃာတော်တွေဆွမ်းကပ်မယ်။ နိုင်ငံတော်ကလုပ်တဲ့မြို့တော်ခန်းမမှာ ဆွမ်းကျွေးတာ တောင်မသွားဘူး။ သူကိုယ်တိုင်အိမ်မှာ သံဃာတွေပင့်ပြီးဆွမ်းကပ်တယ်။


မန်းဘခိုင်၏ သမီး ဒေါ်မြင့်မြင့်ခိုင်။

> အာဇာနည်ခေါင်းဆောင်တစ်ဦးဖြစ်သူ မန်းဘခိုင်သည် ကရင် - ဗမာ ချစ်ကြည်ရေးကို အထူးကြိုးပမ်းတည်ဆောက်ခဲ့သူဖြစ်သည်။ ဖဆပလအဖွဲ့ကြီး ဖြစ်မြောက်ရေးတွင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ကရင်လူငယ်များ အစည်းအရုံး ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရသူဖြစ်သည်။ ၁၉၄၆ ခုနှစ် စက်တင်ဘာလတွင် စက်မှုလက်မှုနှင့် အလုပ်သမားဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရ။
>
> ဦးအုန်းမောင်သည် ၁၉၃၄ ခုနှစ်တွင် ဝိဇ္ဇာတန်းအောင်ပြီး ၁၉၃၇ ခုနှစ်တွင် အိုင်စီအက်(စ်) စာမေးပွဲဝင်ရောက်ဖြေဆိုရာ ဖြေဆိုသူသုံးဦးအနက် ပထမ ရရှိခဲ့သူဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး အတွင်းဝန် အဖြစ် ဆောင်ရွက်နေစဉ် ဗိုလ်ချုပ်တို့နှင့်အတူ ကျဆုံးခဲ့ရခြင်းဖြစ်။

**စာမျက်နှာ ၉ သို့** ❖


ဦးအုန်းမောင်။

❖ စာမျက်နှာ ၈ မှ

**မေး။ ။အစိုးရသစ်လက်ထက်မှာ ကျင်းပတဲ့ အာဇာနည်နေ့ အခမ်းအနားနဲ့ ပတ်သက်ပြီး မိသားစုဝင်တွေအနေနဲ့ ဘယ်လိုထင်မြင်ပါလဲ။**

ဖြေ။ ။ ဟိုးတုန်းကသိတတ်တဲ့အရွယ်ရောက်ကတည်းက အာဇာနည်နေ့အခမ်းအနားတက်ရင် သမ္မတကြီးမန်းဝင်းမောင်ကိုယ်တိုင်လာတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ဇနီး အန်တီ ဒေါ်ခင်ကြည်၊ ဒေါ်အောင်ဆန်းစုကြည်လည်း ပါတာပေါ့။ ဦးအောင်ဆန်းဦးတို့ရော၊ သူတို့မိသားစုကထိပ်ဆုံးမှာနေပြီး သမ္မတကြီးက အားလုံးကို လက်ဆွဲနှုတ်ဆက်တယ်။ အားပေးစကားပြောတယ်။ မိသားစု ၉ ဖွဲ့ကို တစ်ဖွဲ့စီ လိုက်နှုတ်ဆက်တယ်။ ပြီးတော့မှအားလုံး အာဇာနည်ဗိမာန်ပေါ်အတူတက်တယ်။ ပန်းခွေအတူတူချတယ်။ အလေးပြုတာလည်း အတူတူပဲ။

အဲဒီအစဉ်အလာကို တော်လှန်ရေးကောင်စီအစိုးရ ဗိုလ်ချုပ်ကြီးနေဝင်းလက်ထက်မှာလည်း လုပ်ခဲ့တယ်။ ဗိုလ်ချုပ်ကြီးနေဝင်းကိုယ်တိုင် မိသားစုဝင်တွေကိုရင်းရင်းနှီးနှီးနှုတ်ဆက်တယ်။ နှုတ်ဆက်ပြီးရင် ဗိုလ်ချုပ်ကြီးနေဝင်းက အာဇာနည်ဗိမာန်ပေါ်တက်သွားတယ်။ မိသားစုဝင်တွေက နောက်ကလိုက်သွားတယ်။ အတူတူပန်းခွေချတယ်။ အဲဒါလေးက ဟိုတုန်းက အစီအစဉ်ပေါ့။

နောက်ပိုင်းတော့ ပြန်ကြားရေးဝန်ကြီးအဆင့်လောက်၊ အဲဒီကနေ နောက်ဆုံး မြို့တော်ဝန် အဆင့်ထိဖြစ်သွားတယ်။ ဟိုတုန်းကတော့ ဗိုလ်ချုပ်ကြီးတွေ၊ သမ္မတကြီးတွေ ပန်းခွေချရင် မိသားစုဝင်တွေပါအတူတူလိုက်ချတယ်။ နောက်ပိုင်းတော့ ဘယ်သူ့လက်ထက်လည်းမသိတော့ဘူး။ အဲဒီ အစီအစဉ်တွေ ပျက်သွားတယ်။

အခုတော့ နိုင်ငံတော်လူကြီးတွေ ဂါရဝပြုပြီးရင် အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ မိသားစုတွေက တစ်ဖွဲ့ချင်း ဂါရဝပြုကန်တော့ကြရတယ်။ ဖြစ်နိုင်ရင် ဟိုတုန်းကလို ပြန်ဖြစ်ချင်တယ်။အခုလည်း သမ္မတကြီး ဦးသိန်းစိန် အစိုးရလက်ထက်ကစပြီး နိုင်ငံတော်ဒုတိယသမ္မတအဆင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတွေ တက်ရောက်ပြီး ဂါရဝပြုလာတာ တွေ့ရတယ်။

ဆရာတို့ဆို သွားရေးလာရေးကားအဆင်မပြေလို့ နိုင်ငံတော်ကနေပြီး အဆင်ပြေအောင် ဆောင်ရွက်ပေးတယ်။ နိုင်ငံတော်ကလုပ်ပေးတဲ့ အစီအစဉ်က ဆရာ့အမြင်နဲ့ပြောရင် အဆင်ပြေပါတယ်။ ဒီနှစ်နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ကိုယ်တိုင်လာမယ်လို့ သတင်းသဲ့သဲ့ကြားတယ်။ လာမယ်ဆိုရင်တော့ အတိုင်းမသိဝမ်းသာတာပေါ့။

စိတ်အရမ်းထိခိုက်နေတဲ့အချိန် နိုင်ငံ့အကြီးဆုံး ခေါင်းဆောင်က ဘာပဲပြောပြော လာတယ်ဆိုရင်တော့ မိသားစုတစ်ဦးချင်းက အလွန်ဝမ်းသာကြလိမ့်မယ်။ စိတ်မကောင်းတဲ့ကြားထဲကပဲ လာအားပေးမယ်ဆိုရင် အင်မတန်ပဲ အားရှိတာပေါ့။

**မေး။ ။ အခု အစိုးရလက်ထက်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုတွေလုပ်နေတဲ့အပေါ် ဘယ်လိုမြင်ပါသလဲ။**

ဖြေ။ ။ အခုလုပ်နေတဲ့အချိန်ထိ ဆရာကိုယ်တိုင်ကလည်းနိုင်ငံရေးသမားစစ်စစ် မဟုတ်သေးတော့ နိုင်ငံရေးလုပ်ဖို့ စိတ်ဆန္ဒတော့ရှိတယ်။ နိုင်ငံရေးသမ္မာရင့်အတွေ့အကြုံမရှိတော့ သမ္မတကြီးဦးသိန်းစိန်လုပ်တာတွေ မှတ်ချက်ပေးဖို့ခက်တယ်။ ယေဘုယျပြောမယ်ဆိုရင် သမ္မတကြီးလုပ်နေတဲ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို အများကြီး သဘောကျပါတယ်။ထောက်လည်းထောက်ခံပါတယ်။ လိုချင်တဲ့ဒီမိုကရေစီအဆင့်ကိုတော့ အပြည့်အဝ မရောက်ရှိသေးဘူးလို့ ထင်တယ်။


ဦးအုန်းမောင်၏ သားဖြစ်သူ ဒေါက်တာ မင်းမြင့်

(ဟုတ်ကဲ့၊ အခုလို စိတ်ရှည်လက်ရှည် ဖြေကြားပေးတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်ခင်ဗျာ။ )

## အာဇာနည်နေ့ မမေ့ဝန်တာ

★ ဝါဆိုမိုးတွေက
စွေဆဲပ ယနေ့တိုင်။
မြန်ပြည်သူ မြန်နယ်ဝှန်းမှာလည်း
လွမ်းဆဲတူပြိုင်။
မမေ့တဲ့နိုင်
လဇူလိုင် တစ်ဆယ့်ကိုး။
နှစ်အလီလီ ဘယ်လိုညောင်းလို့
ခေတ်အလီလီ ဘယ်ပုံပြောင်းသော်လည်း
မဟောင်းနိုင် သစ်မြဲသစ်
ချစ်မြတ်ဆတိုး။
★ လက်ရုံးရည် နှလုံးရည်နှင့်
စိတ်ဓာတ်ခိုင်ကျည် ထူးကဲလို့
သတ္တိဖွဲ့ မြဲသာလွန်။
နိုင်ငံနှင့်လူမျိုးအတွက်
အသက်ကိုပင် စဉ်မနှေး
ပေးဆက်ကျေပွန်။
လွတ်လပ်စခန်းအလှဆီသို့
လမ်းပြတဲ့ ကြယ်တံခွန်
မိုးစွန်မှာ လင်းလက်ဆဲ။
လူသာသေသည်
နာမည်က ရှင်သန်မြဲပါကွဲ့
သူ့ဖွဲ့ သူ့စိတ်ဓာတ်နှင့်
သူ့လုပ်ရပ် သူ့စကားတွေက
သည်းကြားမှတ်စွဲ။
★ အာဇာနည်နေ့ ရောက်လေတိုင်း
ဝိုင်းမျက်ရည် လည်ကာသာ။
ဦးညွှတ်ကာ အလေးပြု
ပေါင်းစုညီညာ။
ပြီးပြန်ပေါ့ တစ်နှစ်စာ
မဖြစ်ပါလိုလျှင်ဖြင့်။
"စွန့်လွှတ်မှု" "ပေးဆပ်မှု"များကို
စေ့ငုကာ စံနမူယူလို့
မြန်ပြည်သူ မြန်ပြည်အရေးအတွက်
ပေးဆပ်ကြသင့်။
★ သူ့ကိုချစ်ပါကြား
သူ့စကား နားထောင်ရာ။
ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး
တိုးချစ်ကြပါ။
ဥပဒေကို လေးစား
စည်းကမ်းများလည်း တို့လိုက်နာ
အကျင့်သိက္ခာ ကိုယ်စီထိန်း။
ဒီမိုကရေစီ စံနှုန်းနှင့်
အပြည့်မီဆုံး နိုင်ငံသစ်ရယ်လို့
တို့ခေတ်မှာ မော်ကွန်းထိုးရအောင်
ကြိုးစို့ခပ်သိမ်း။
★ ဖခင်ဗိုလ်ချုပ် မျှော်မှန်းတဲ့
ဒီမိုကရေစီ ပန်းတိုင်ဆီ။
ယနေ့ခါ ညီညာလှမ်း
စခန်းမဝေးပြီ။
ဥမကွဲ သိုက်မပျက်
လက်ချင်းယှက် စိတ်ချင်းညီ
တို့ပြည်ရဲ့ အနာဂတ်လမ်း။
တည်ငြိမ်အေးချမ်း မပျက်ပါဘဲ
ဖွံ့ဖြိုးတိုးတက်ဝပြောစည်လို့
များပြည်သူ ဘဝင်နှလုံး
(ကွယ်. . . ) ပြုံးရွှင်မြေ့ချမ်း။ ။
(၆၈)နှစ်မြောက်အာဇာနည်နေ့ကို ဂုဏ်ပြုလျက်

ဇော်မင်းမင်းဦး

## တရုတ်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဇူလိုင် ၁၇**

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ မစ္စတာ ဟုန်လျန်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဟုန်လျန်သည် ၁၉၆၉ ခုနှစ် စက်တင်ဘာလတွင် မွေးဖွားခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မလေးရှားနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးများတွင် အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ်မှစ၍ လက်ရှိကာလအထိ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာဟုန်လျန်သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားတစ်ဦးရှိသည်။

**(သတင်းစဉ်)**

**✳ ဟံသာဝတီမှ**

အမှတ်ပေးပြိုင်ပွဲ၏ နိုင်ပွဲဆက်စံချိန်ကို ဆက်ထိန်းနိုင်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းမှာ ပထမပိုင်းကတည်းက သုံးဂိုးပြတ်အနိုင်ရနေခဲ့ပြီး ပွဲပြီးခါနီးတွင် ချေပဂိုးနှစ်ဂိုးပြန်ပေးခဲ့ရသော်လည်း ၁၂ ပွဲဆက် အနိုင်ရရှိအောင် ကစားနိုင်ခဲ့ခြင်းဖြစ်သည်။

ပွဲပယ်ခံထားရသည့် အသင်းခေါင်းဆောင် ခင်မောင်လွင်နှင့် တောင်ပံကစားသမား ကြည်လင်းတို့နေရာတွင် ရန်ကုန်အသင်း အပြောင်းအလဲလုပ်ခဲ့သော်လည်း အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ခြေစွမ်းအရ ရန်ကုန်အသာရခဲ့သော်လည်း ဟံသာဝတီအပိုင်အခွင့်အရေးများကို အသုံးမချနိုင်ခဲ့၍ ဂိုးပြတ်သွားခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းမှာပင် ရန်ကုန်တို့ ဂိုးပြတ်ဦးဆောင်နိုင်ခဲ့ပြီး ၁၉၊ ၃၁ မိနစ်တွင် အီမာဆင်၊ ၂၃မိနစ်တွင် ကျော်ကိုကိုတို့က ဂိုးများသွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ဂိုးပြတ်အနိုင်ရထားသည့် ရန်ကုန်အသင်းမှာ ထိန်းကစားသွားခဲ့ပြီး ဂိုးထပ်မံရရှိရန် ထင်သလောက် အားထည့်ကစားခြင်း မရှိတော့ပေ။ ဟံသာဝတီအသင်းမှာ ချေပဂိုးရရှိရန် အားထည့်ကစားခဲ့သော်လည်း အဆုံးသတ် အားနည်းမှုကြောင့် မိနစ် ၈၀ ကျော်မှ ချေပဂိုးများပြန်လည်ရရှိခဲ့သည်။ ၈၂ မိနစ်တွင် အောင်မျိုးသူရက ခေါင်းတိုက်ပြီး ပထမချေပဂိုးယူခဲ့သလို တိုက်စစ်မှူး အူစမန်နေ့ဒ်မ်က ၈၉ မိနစ်တွင် ဒုတိယချေပဂိုးသွင်းယူခဲ့သည်။ ရန်ကုန်အသင်းမှာ နိုင်ပွဲဆက်စံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့ခြင်းဖြစ်သည်။

**ယနေ့ပွဲ**
(သုဝဏ္ဏကွင်း)
မနောမြေ-ချင်းယူနိုက်တက်
(အောင်ဆန်းကွင်း)
မကွေး-ရခိုင်
(ဗထူးကွင်း)
ရတနာပုံ-နေပြည်တော်
(ကျောက်တိုင်ကွင်း)
ဧရာဝတီ-ဇွဲကပင်
(တောင်ကြီးကွင်း)
ကမ္ဘောဇ-ဇေယျာရွှေမြေ
**(ဓာတ်ပုံ-ရှိုင်းထက်ဇော်)**

## (၆၈) နှစ်မြောက် အာဇာနည်နေ့အကြိုဟောပြော

**ကျောက်တန်း ဇူလိုင် ၁၇**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီခွဲက (၆၈) နှစ်မြောက် အာဇာနည်နေ့အကြိုဟောပြောပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ တံတားမြို့အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲမင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင် ကော်မတီဝင် ဦးမြတ်စိုး [စာရေးဆရာမြတ်စိုး(လှိုင်)]နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမြတ်ဝေတိုး အမျိုးသားစာပေဆုရ စာရေးဆရာ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်) တို့က ဟောပြောကြသည်။

**အောင်ဆွေ(ရွှေတံတား)**

# ၂၀၁၄ – ၂၀၁၅ ဘဏ္ဍာနှစ်တွင် ရေချိုငါးလုပ်ငန်းမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ရရှိ

**ဖျာပုံ ဇူလိုင် ၁၇**

ပြည်တွင်းစားသုံးမှု ဖူလုံစေရေးနှင့် ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်ရေးအတွက် ငါးကဏ္ဍ၏တစ်နှစ်ပျမ်းမျှတိုးတက်မှုနှုန်းကို ၆ ဒသမ ၉ ရာခိုင်နှုန်း လျာထားဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာ ငါးဈေးကွက်၏ သတ်မှတ်စံချိန်စံညွှန်းများနှင့်ညီညွတ်အောင် ငါးများကိုအဆင့်မြှင့်ထုပ်ပိုးလျက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် အာဖရိကနိုင်ငံများသို့ တင်ပို့ရောင်းချခဲ့ရာ အမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော်ရရှိခဲ့ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ထုတ်ပြန်သည့်စာရင်းများအရ သိရသည်။

ပဉ္စမကာလတိုငါးနှစ် အမျိုးသားစီမံကိန်းသည် ၂၀၁၁-၂၀၁၂မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ သတ်မှတ်ထားပြီး နိုင်ငံအတွင်း သယံဇာတများ ပေါ်ကြွယ်ရေးနှင့်သားငါးကဏ္ဍမှ လျာထားချက်ပြည့်မီရေး အတွက် ငါးလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ သုတေသနလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းတို့ကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါး၊ ပုစွန်မွေးမြူဖမ်းဆီးထုတ်လုပ်ခြင်းဆိုင်ရာ အသင်းအဖွဲ့များအား ဦးဆောင်ကြီးကြပ်လမ်းညွှန်မှုပေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**



(၆၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းပုံတူပန်းချီပြိုင်ပွဲကို ပျဉ်းမနားမြို့နယ် ရန်အောင်(၂)ရပ်ကွက်ရှိ ကံကော်ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ဇူလိုင် ၁၅ ရက်က ကျင်းပရာ ပဉ္စမတန်းမှ ဒသမတန်းအထိ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြစဉ်။ [မောင်ကျိုက်လတ် ( iprd)]

# သန့်ရှင်းလတ်ဆတ်သော အစားအသောက်များရောင်းချရေး ဆွေးနွေး

**ဂန့်ဂေါ ဇူလိုင် ၁၇**

တရားဝင်တင်သွင်းခြင်းမဟုတ်သည့် အစားအသောက်များ ရောင်းချခြင်းမပြုရေး၊ သန့်ရှင်းလတ်ဆတ်သော အစားအသောက်များသာ ရောင်းချရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပညာရေးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၆ ရက်တွင် ဂန့်ဂေါမြို့ပေါ်ရပ်ကွက်များရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများ၌ ရောင်းချလျက်ရှိသော မုန့်ဈေးတန်းများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ မုန့်ဈေးတန်းရောင်းချသူများနှင့်တွေ့ဆုံကာ ကျောင်းသားကျောင်းသူများ ကျန်းမာရေးထိခိုက်စေမည့် အစားအသောက်များ ရောင်းချခြင်းမပြုရေး ဆွေးနွေးခဲ့သည်။



"ကျောင်းသူ ကျောင်းသားတွေ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ မဖြစ်ပွားရေးအတွက် အဓိကထား စစ်ဆေးပညာပေးဆွေးနွေးတာပါ။ အမှည့်လွန် သစ်သီး၊ ယင်နားစာ၊ သတ်မှတ်ရက်လွန် အစားအသောက်တွေ ရောင်းချခြင်းမပြုဖို့ ဈေးသည်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်"ဟု ကျန်းမာရေးဝန်ထမ်းတစ်ဦးက ပြောသည်။

ဂန့်ဂေါမြို့နယ်တွင် ကျန်းမာရေးဌာနက နယ်မြေအလိုက် ကျောင်းမုန့်ဈေးတန်းများအား စစ်ဆေးပညာပေး ဆွေးနွေးလျက်ရှိပြီး ကျောင်းသား ကျောင်းသူများ ကျန်းမာရေးအတွက် ကျောင်းမုန့်ဈေးတန်းများ စစ်ဆေးပညာပေးခြင်းလုပ်ငန်းကို အဆက်မပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(၄၆၅)**

# မော်လမြိုင်ကျွန်းအနောက်ပိုင်း မြစ်ရေတိုက်စားမှုကြောင့် ဗိုလ်ချုပ်ဈေးအချို့နေရာများ မြေပြိုမှုများဖြစ်ပေါ်

**မော်လမြိုင်ကျွန်း ဇူလိုင် ၁၇**

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဇူလိုင် ပထမပတ်မှစတင်ပြီး မိုးအဆက်မပြတ်ရွာသွန်းမှုများနှင့် ရေစီးကြမ်းသော အနောက်တုံးလှဲချောင်းမြစ်ရေ တိုက်စားမှုများကြောင့် မော်လမြိုင်ကျွန်းမြို့အနောက်ပိုင်း မြို့မ (၁၀)ရပ်ကွက် ဗိုလ်ချုပ်ဈေး၏ အချို့နေရာများတွင် မြေပြိုမှုများဖြစ်ပေါ်လျက်ရှိသည်။

"ဗိုလ်ချုပ်ဈေးက ကျေးရွာနဲ့မြို့မရပ်ကွက်နေပြည်သူတွေအတွက် အရေးပါတဲ့ဈေးတစ်ဈေးပါ။ ဗိုလ်ချုပ်ဈေးအနောက်ဘက်ခြမ်းမှာ အနောက်တုံးလှဲချောင်း မြစ်ရေတိုက်စားမှုကြောင့် အချို့နေရာတွေမှာ မြေပြိုမှုတွေဖြစ်ပေါ်နေပါတယ်။ မြို့မ(၉)ရပ်ကွက် ယမုံနာလမ်းတစ်လျှောက်မှာတော့ ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းလုပ်ထားလို့ ကမ်းပြိုတိုက်စားမှုလျော့နည်းသွားတာတွေ့ရပါတယ်"ဟု ယမုံနာလမ်းထိပ်နေသူတစ်ဦးက ပြောသည်။

ထို့ပြင် မော်လမြိုင်ကျွန်းမြို့တောင်ဘက် တုံးလှဲချောင်းမြစ်ရေမှာ ရေကြောင်းပြောင်းတိုက်စားမှုများကြောင့် မော်လမြိုင်ကျွန်းမြို့ဘက်ခြမ်းတွင် ယခုအခါ ရေတိုက်စားမှုလျော့နည်းသွားပြီး မြို့တစ်ဖက်ကမ်း တုံးလှဲရပ် မြို့မ (၈)ရပ်ကွက် အချို့နေရာများတွင် ရေတိုက်စားမှုကြောင့် ကမ်းမြေပြိုမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**(မော်ကျွန်း-မြင့်အောင်)**

# ၂၀၁၅ ခုနှစ် ဇူလိုင် ၁၉ ရက် (၆၈) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပစဉ် လမ်းကြောင်းပိတ်ဆို့ထားမှုနှင့် အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရမည့် လမ်းကြောင်းသတ်မှတ်

## အသိပေးကြေညာချက်

အာဇာနည်ဗိမာန်သို့ ဂါရဝပြု လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည် -

- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ကင်မရာ အမျိုးမျိုး
- လက်ကိုင်ဖုန်းအမျိုးမျိုး
- လက်ကိုင်အိတ်အမျိုးမျိုး

၂၀၁၅ ခုနှစ်၊ (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား
လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

## အသိပေးကြေညာချက်

အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့လာရောက်ကြည့်ရှုလေ့လာမည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်၍ ဗိုလ်ချုပ်ပြတိုက်သို့ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည် -

- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ကင်မရာ အမျိုးမျိုး
- လက်ကိုင်ဖုန်းအမျိုးမျိုး
- လက်ကိုင်အိတ်အမျိုးမျိုး

၂၀၁၅ ခုနှစ်၊ (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား
လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

**ရန်ကုန် ဇူလိုင် ၁၇**

၁။ (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ ၀၈း၀၀ နာရီ၌ စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၁၈ ရက်နေ့ ၁၈း၀၀ နာရီမှ ဇူလိုင် ၁၉ ရက်နေ့ ၁၈း၀၀ နာရီထိ အောက်ဖော်ပြပါ လမ်းကြောင်းများကို ဖြတ်သန်းသွားလာမှု ယာယီပိတ်ဆို့ထားမည်ဖြစ်ပါသည်။

(က) ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံရာမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း အနောက်ရွှေဂုံတိုင် (၁) လမ်းထိပ်ထိ။

(ခ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့မုခ်စောင်းတန်းအထိ။

(ဂ) အနောက်ရွှေဂုံတိုင်လမ်းမှအာဇာနည်ဗိမာန်သို့ တက်ရောက်ရာ အုတ်လှေကားလမ်းနှင့်ကျောက်ဆည်ဓမ္မာရုံဘေးလမ်းကြားများ။

၂။ အာဇာနည်နေ့အခမ်းအနားသို့တက်ရောက်ရန်ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံတောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန် ဝင်ပေါက် ဂိတ် (၂)မှ ဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ဂိတ် (၃) မှပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

၃။ ဇူလိုင်လ ၁၉ ရက်နေ့ မွန်းတည့် ၁၂း၀၀ နာရီမှ ၁၇း၀၀ နာရီထိ အာဇာနည်ဗိမာန်သို့ အများပြည်သူလာရောက် ဂါရဝပြုနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့် ပြည်သူများသည် အနောက်ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့်အာဇာနည်လမ်းဆုံရှိ ဂိတ် (၁) မှ ဝင်ရောက်၍ ဂိတ် (၂) မှတစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေဂုံတိုင် အရှေ့ဘက်မုခ်စောင်းတန်းသို့ ထွက်ခွာရမည်ဖြစ်ပါသည်။

၄။ အာဇာနည်ဗိမာန်နှင့်ဗိုလ်ချုပ်ပြတိုက်သို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် လက်ကိုင်အိတ်၊ လက်ဆွဲအိတ်၊ ကင်မရာ၊ လက်ကိုင်ဖုန်းနှင့် ကြိုတင်စစ်ဆေးခံယူမှုမရှိသော ပန်းခွေ၊ ပန်းခြင်းစသည့်လုံခြုံရေးကို ထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

၅။ အာဇာနည်ဗိမာန်နှင့်ဗိုလ်ချုပ်ပြတိုက်သို့ ဝင်/ထွက်ရာလမ်းကြောင်းနှင့်ဂိတ်များ၌ လုံခြုံရေးအရ ရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာ အစစ်ဆေးခံပေးကြပါရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျ ဝင်ရောက်ထွက်ခွာကြပါရန် မေတ္တာရပ်ခံပါသည်။

**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့**

# ၂၀၂၀ ပြည့်နှစ် တိုကျို အိုလံပစ်အားကစားကွင်းဒီဇိုင်း ဂျပန်အစိုးရဖျက်သိမ်း



**တိုကျို ဇူလိုင် ၁၇**

ဂျပန်အစိုးရသည် ၂၀၂၀ ပြည့်နှစ် တိုကျိုအိုလံပစ်နှင့် ပါရာလံပစ် အားကစားပွဲတော်တို့အတွက် အားကစားကွင်းတည်ဆောက်မည့် ၎င်း၏ အငြင်းပွားဖွယ်စီမံကိန်းများကို ဖျက်သိမ်းရန် ဆုံးဖြတ်လိုက်ကြောင်း ယနေ့ သတင်းများတွင် ဖော်ပြသည်။

ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ၎င်း၏ အစိုးရသည် သုညမှစတင်မည်ဖြစ် ကြောင်း၊ ဒီဇိုင်းအသစ် ရှာဖွေမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ ဗြိတိသျှ ဗိသုကာပညာရှင် ဇာဟာဟာဒစ်ရေးဆွဲသော မူလဒီဇိုင်းသည် တည်ဆောက်ရန်ကုန်ကျစရိတ် ဒေါ်လာနှစ်ဘီလီယံအထိ မြင့်တက်လာသဖြင့် ဝေဖန်ခြင်းခံရလျက်ရှိသည်။

အားကစားကွင်းအသစ်သည် အိုလံပစ်အားကစားပြိုင်ပွဲ ကျင်းပရေး အတွက်တည်ဆောက်ပြီးစီးရန် အချိန်မီနိုင်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။ သို့သော် ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၉ ခုနှစ် ရပ်ဘီ အားကစားပြိုင်ပွဲအတွက် မူလအားကစားကွင်းမှာမူ အချိန်မီအဆင် သင့် မဖြစ်နိုင်တော့ပေ။

ဒီဇိုင်းအသစ်ဖြင့် အားကစားကွင်း တည်ဆောက်ခြင်းသည် အိုလံပစ် အားကစား ပြိုင်ပွဲအတွက် အချိန်မီပြီးစီးနိုင်ကြောင်း သေချာသည့်အတွက် ဤသို့ ဆုံးဖြတ်ခြင်းဖြစ်သည်ဟု ထပ်မံပြောကြားသည်။မူလစီမံကိန်းအရ တည် ဆောက်သည့် တိုကျိုအားကစားကွင်းသည် နောက်ဆုံးတည်ဆောက်ခဲ့သော အားကစားကွင်းများထက် ပိုကြီးပြီး ကုန်ကျစရိတ် ပိုမိုကြီးမားမည်ဖြစ်သည်။

ခန့်မှန်းကုန်ကျစရိတ် ဒေါ်လာတစ်ဘီလီယံမှ ဒေါ်လာနှစ်ဘီလီယံသို့ မြင့်တက်လာသဖြင့် ဝေဖန်ခံရလျက်ရှိသည်။ **ရိုက်တာ။**

## ချေးငွေရရှိရန် လှည့်လည်မဲဆွယ်သည်ဆိုသော ဘရာဇီးသမ္မတဟောင်းအား စုံစမ်းစစ်ဆေး

**ဘရာဇီးလီးယား ဇူလိုင် ၁၇**

ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုအား ချေးငွေရရှိရန်အတွက် ဩဇာ အရှိန်အဝါသုံး၍ လှည့်လည်မဲဆွယ်ခဲ့သည်ဆိုသော သမ္မတဟောင်း လူးဝစ်အင်အာစီယိုလူလာ ဒါဆေးလ်ဗား ပါဝင်သောအဖွဲ့အား စုံစမ်းစစ်ဆေးမှုတစ်ရပ် စတင်ခဲ့ကြောင်း ဘရာဇီးပြည်သူ့ရှေ့နေတစ်ဦးက ပြောကြားသည်။

သမ္မတဟောင်းအား တရားဝင် စုံစမ်းစစ်ဆေးမှု မစတင်မီ အထောက်အထား စုဆောင်းခဲ့သည်။ လူလာမှာ ၂၀၁၀ ခုနှစ်က သမ္မတသက်တမ်းကုန်ဆုံးပြီးနောက် ဘရာဇီးနိုင်ငံ၏ အကြီးဆုံး ဆောက်လုပ်ရေးကုမ္ပဏီ Odebrecht ထံ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုဘဏ် (ESDB) မှ ချေးငွေများ ထုတ်ချေးရန် ဆုံးဖြတ်ခဲ့မှုတွင် ပါဝင်ခဲ့သည်ဟုဆိုသည်။ Odebrecht မှာ ဘရာဇီးနိုင်ငံပိုင် ရေနံကုမ္ပဏီပက်ထရိုဘရာစ် အရှုပ်တော်ပုံတွင်ပါဝင်သော အကျင့်ပျက်ခြစားမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်း ခံနေရသည့် ကုမ္ပဏီများအနက် တစ်ခုဖြစ်သည်။



သမ္မတဟောင်း လူလာက စုံစမ်းစစ်ဆေးမှုကိစ္စအပေါ် မည်သည့်ယူဆချက်ကိုမျှ မပေးချေ။ ပြီးခဲ့သည့်မေလက ၎င်းနှင့်ပတ်သက်သည့် တိုင်ကြားချက်များထွက်ပေါ်လာသောအခါ ဘရာဇီး အခွင့်ထူးခံလူတန်းစားက သူ့အာဏာပြန်လည်ရရှိမည်ကို စိုးရိမ်ကြောက်ရွံ့နေကြောင်း လူလာက ကြေညာခဲ့သည်။ မကြာသေးမီက ပြုလုပ်ခဲ့သည့် ဥပဒေပြဋ္ဌာန်းချက်တစ်ခုအရ ဘရာဇီးနိုင်ငံက ယခုအခါ အကန့်အသတ်မရှိ ပြန်လည်ရွေးကောက်ပွဲဝင်မှုများကို ခွင့်ပြုထားသော်လည်း နှစ်နှစ်ဆက်တိုက် သက်တမ်းထက် မကျော်လွန်ရန် ကန့်သတ်ထားသည်။ **ဆင်ဟွာ။**

## လေးကြိမ်မြောက်ဒေသတွင်းဆိုင်ရာလုံခြုံရေးဖိုရမ်သို့တက်ရောက်ရန် တောင်ကိုရီးယားနိုင်ငံက မြောက်ကိုရီးယားကို ဖိတ်ကြား

**ဆိုးလ် ဇူလိုင် ၁၇**

စက်တင်ဘာလတွင် ဆိုလ်းမြို့၌ ကျင်းပမည့် လေးကြိမ်မြောက် ဒေသတွင်းဆိုင်ရာ လုံခြုံရေးဖိုရမ်သို့ တက်ရောက်ရန် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက မြောက်ကိုရီးယားနိုင်ငံအား ဖိတ်ကြားထားကြောင်း ဒေသဆိုင်ရာသတင်းများအရ သိရသည်။

တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက မြောက်ကိုရီးယား ကာကွယ်ရေးဒုဝန်ကြီးဆီသို့ ဖိုရမ်တက်ရောက်ရန် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန ဒုဝန်ကြီးဘိတ်စန်းဂျို၏ အမည်ဖြင့် ဖိတ်ကြားလွှာကို အွန်လိုင်းမှတစ်ဆင့် ပေးပို့ခဲ့သည်။

၂၀၁၂ခုနှစ်တွင် ဆိုးလ်မြို့တော်၌ ကျင်းပခဲ့သည့် ဆိုးလ်ကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲကို တောင်ကိုရီးယားနိုင်ငံက မြောက်ကိုရီးယားနိုင်ငံကို ပထမဆုံးအကြိမ်အဖြစ် တက်ရောက်ဆွေးနွေးရန် ဖိတ်ကြားခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် အာရှပစိဖိတ်ဒေသတွင်း နှစ်နိုင်ငံအပြန်အလှန်စစ်ရေးယုံကြည်မှုများတိုးပွားစေရန် ဆွေးနွေးခဲ့ကြသည်။

ဒေသတွင်းလုံခြုံရေးနှင့် ကမ္ဘာတစ်ဝန်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ယခုနှစ်ကျင်းပမည့်ဖိုရမ်တွင် ဆွေးနွေးကြမည်ဖြစ်သည်။ လေးကြိမ်မြောက်ဖိုရမ်ကို ဆိုးလ်မြို့တော်တွင် စက်တင်ဘာ ၉ ရက်မှစပြီး သုံးရက်ကြာ ကျင်းပမည်ဖြစ်သည်။ တတိယအကြိမ်မြောက်ဖိုရမ်ကို ယမန်နှစ် အောက်တိုဘာလက ဆိုးလ်မြို့တော်တွင် ကျင်းပခဲ့သည်။

ဖိုရမ်သို့ နိုင်ငံပေါင်း ၃၂ နိုင်ငံမှ စစ်ဘက်ဆိုင်ရာ အရာရှိကြီးများနှင့် နိုင်ငံတကာ အေဂျင်စီများ တက်ရောက်ဆွေးနွေးမည်ဟု မျှော်လင့်ရကြောင်း တောင်ကိုရီးယားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက ဆိုသည်။ **ဆင်ဟွာ။**

## ဂျပန်နိုင်ငံတွင် တိုင်ဖုန်းမုန်တိုင်းတိုက်ခတ်၊ လူ နှစ်ဦးသေဆုံး လူအများအပြား ထိခိုက်ဒဏ်ရာရ

**တိုကျို ဇူလိုင် ၁၇**

ဂျပန်နိုင်ငံတောင်ပိုင်းတွင် တိုင်ဖုန်းမုန်တိုင်း 'နန်းက' တိုက်ခတ်ခဲ့သဖြင့် လူပေါင်း ၃၅၀၀၀၀ ကျော်ကိုဘေးလွတ်ရာရွှေ့ပြောင်းကြရန် ဂျပန်အာဏာပိုင်များက တိုက်တွန်းခဲ့ကြောင်း သိရသည်။

အဆိုပါမုန်တိုင်းသည် ယမန်နေ့နှောင်းပိုင်းကစပြီး ရှီကိုကုကျွန်းသို့ စတင်တိုက်ခတ်ခဲ့ရာ မိုးပြင်းထန်စွာရွာသွန်းပြီး တစ်နာရီ ၁၁၅ မိုင်နှုန်းဖြင့် လေပြင်းများ တိုက်ခတ်ခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံးခဲ့ပြီး ၃၁ ဦးထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ကျိုဒိုသတင်းဌာနက ပြောသည်။ ဇူလိုင် ၁၇ ရက်တွင် မုန်တိုင်းတိုက်ခတ်မှုမှာ အားပျော့သွားသော်လည်း လေပြင်းတိုက်ခတ်မှုများရှိသေးသဖြင့် ဂျပန်အာဏာပိုင်များက သတိပေးထားသည်။ မုန်တိုင်းသည် မြောက်ဘက်ပိုင်းသို့ဦးတည်ရွေ့လျားသွားပြီး ဟွန်ရှူးကျွန်းတွင် လှိုင်းကြီးမှုများ၊လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ဂျပန်နိုင်ငံမိုးလေဝသနှင့် ဇလဗေဒအေဂျင်စီက သတိပေးထုတ်ပြန်ထားသည်။ **ကျိုဒို။**



## အီရန်နျူသဘောတူညီချက်အား အတည်ပြုရေး ကုလသမဂ္ဂ လုံခြုံရေးကောင်စီ မဲခွဲဆုံးဖြတ်မည်

**နယူးယောက် ဇူလိုင် ၁၇**

အီရန်နျူကလီးယား သဘောတူညီချက်အား အတည်ပြုပေးမည့် ဆုံးဖြတ်ချက်တစ်ရပ်နှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဇူလိုင် ၂၀ ရက်တွင် မဲခွဲဆုံးဖြတ်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်မူကြမ်းကို အမေရိကန်ပြည်ထောင်စုက ဇူလိုင် ၁၅ ရက်တွင် အဖွဲ့ဝင်နိုင်ငံများသို့ ဖြန့်ဝေပေးခဲ့သည်။ အီရန်၏ နျူကလီးယား အစီအစဉ်အား ထိန်းချုပ်ကန့်သတ်နိုင်မည့် သမိုင်းဝင် သဘောတူညီချက် ပေါ်ထွက်လာရေးအတွက် စေ့စပ်ညှိနှိုင်းပွဲများ၌ ပါဝင်ခဲ့ကြသော နိုင်ငံများနှင့် အီရန်နိုင်ငံတို့က လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံများအား ယင်းသဘောတူညီချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြသည်။

အီရန်နျူကလီးယား အစီအစဉ်ကို ထိန်းချုပ်နိုင်ရန် မနားမနေ ကာလရှည်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ရာတွင် လုံခြုံရေးကောင်စီ၏ ဗီတိုအာဏာပိုင်စိုးသော အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများအားလုံး ပါဝင်ခဲ့ကြသည်။

အဆိုပါ သဘောတူညီချက်ကို ပြန်လည်သုံးသပ်ပြီးချိန်အထိ လုံခြုံရေးကောင်စီက အတည်ပြုခြင်း မပြုပါရန် အမေရိကန် အမတ်အချို့က တိုက်တွန်းခဲ့ကြသော်လည်း လုံခြုံရေးကောင်စီအနေဖြင့် ဇူလိုင် ၂၀ ရက်တွင် မဲခွဲဆုံးဖြတ်ရန် စီစဉ်ထားခြင်းဖြစ်သည်။

လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်တွင် အမေရိကန်ကွန်ဂရက်လွှတ်တော်က သုံးသပ်မှု ပြုလုပ်နိုင်ရန် အချိန်ပေးထားမည်ဖြစ်ကြောင်း အမေရိကန် စေ့စပ်ဆွေးနွေးရေးမှူးတစ်ဦးက ပြောကြားသည်။ **ရိုက်တာ။**



# ကားနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက် ဆိုင်ကယ်သမားသေဆုံး

**ကျောင်းကုန်း ဇူလိုင် ၁၇**

ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ် (၇၈/၅) နှင့် (၇၈/၆) ကြားတွင် ဇူလိုင် ၁၅ရက်က ယာဉ်တိုက်မှုဖြစ်ပွားပြီး ဆိုင်ကယ်မောင်းနှင်သူ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲက ကံကလေးမှ သဲကုန်သို့ ဦးအောင်ဝင်း မောင်းနှင်သော ဇင်းနစ် ဆိုင်ကယ်သည် ကျောင်းကုန်းမြို့နယ် သဲကုန်တံတားအနီး ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ် (၇၈/၅)နှင့် (၇၈/၆) ကြားတွင် ရှေ့မှယာဉ်တစ်စီးအားကျော်တက်စဉ် ရန်ကုန်မှ ကံကလေးသို့ ကျော်စိုးဟန် မောင်းနှင်သော 2B/---- ယာဉ်နှင့် မျက်နှာချင်းဆိုင်တိုက်မိပြီး ဆိုင်ကယ်မောင်းနှင်သူ ဦးအောင်ဝင်း(၄၃)နှစ် မအူပင်မြို့နေသူတွင် ဒဏ်ရာများရရှိသဖြင့် ဆေးရုံသို့ပို့ဆောင်စဉ် လမ်းတွင်သေဆုံးခဲ့သဖြင့် ကျော်စိုးဟန်အား ကျောင်းကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းကြိုင်(မြန် /ဆက်)**

# ရပ်ထားသည့်ယာဉ်အား တိုက်မိ၍ ဒဏ်ရာရ



**ရန်ကုန် ဇူလိုင် ၁၇**

ကြည့်မြင်တိုင်မြို့နယ် သရက်တော(၅)လမ်းအနီးတွင် ဇူလိုင် ၁၅ရက်က ယာဉ်တိုက်မှုဖြစ်ပွားသဖြင့် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ ည ၁၀နာရီ ၄၅မိနစ်ခန့်က ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းအတိုင်း တောင်မှမြောက်သို့ ယာဉ်မောင်း (စုံစမ်းဆဲ)မောင်းနှင်လာသော 6B /----နစ်ဆန်းဒီဇယ် ဆီဘောက်ဆာယာဉ်သည် ကြည့်မြင်တိုင်မြို့နယ် သရက်တော(၅)လမ်းအနီး အရှိန်မထိန်းနိုင်ဘဲ စက်ပျက်၍ရပ်ထားသော ဦးငွေးလွင် (၄၅)နှစ် ရွာမစက်ဆန်းလမ်း ရွာမအနောက်ရပ်ကွက် အင်းစိန်မြို့နယ်နေသူ မောင်းနှင်သည့် 1B /---အီဇူဇူးကွန်တိန်နာယာဉ်အား နောက်မှဝင်တိုက်မိရာ ယာဉ်နှစ်စီးလုံးပျက်စီးသွားပြီး နစ်ဆန်းဆီဘောက်ဆာယာဉ်ပေါ်ပါ ကိုအောင်ဖြိုးဝေ (၃၃)နှစ် ယာဉ်အကူ ရတနာလမ်းသွယ်(ဒ)ရပ်ကွက် ရွှေပြည်သာမြို့နယ်နေသူတွင် ဒဏ်ရာရရှိပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသည်။

ယာဉ်မောင်းမှာ အခင်းဖြစ်နေရာတွင် ယာဉ်ကိုထားပြီး ထွက်ပြေးသွားသဖြင့် 6B /---- ယာဉ်မောင်း (စုံစမ်းဆဲ)အား ကြည့်မြင်တိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

# အငှားယာဉ်အရှိန်လွန်ပြီး ချောင်းထဲကျ ယာဉ်မောင်းသေဆုံး

**နေပြည်တော် ဇူလိုင် ၁၇**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရတနာဒီပရပ်ကွက်ရှိဗုံးကွဲချောင်းအတွင်း ဇူလိုင် ၁၄ ရက်က အငှားယာဉ်တစ်စီး အရှိန်လွန်ပြီး ချောင်းထဲထိုးကျကာ ယာဉ်မောင်း သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၄ ရက် နံနက် ၇ နာရီခွဲက ရတနာဒီပရပ်ကွက်မှ ဆင်ဖြူရှင်ရပ်ကွက်သို့ ဧရာဝတီလမ်းအတိုင်း မျိုးကို မောင်းနှင်လာသည့် EE/------ AD Van ယာဉ်သည် နေပြည်တော် ပုဗ္ဗသီရိ မြို့နယ် ရတနာဒီပရပ်ကွက်ရှိ ဗုံးကွဲချောင်းနေရာအရောက် အရှိန်လွန်ကာ ဗုံးကွဲချောင်းအတွင်းသို့ ထိုးကျ တိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် နေပြည်တော် ဇေယျာသီရိမြို့နယ် ဝဲကြီးကျေးရွာနေ မျိုးကို(၁၉)နှစ်မှာ ဒဏ်ရာများရရှိ၍ သေဆုံးကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ထုံးဖိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ခရီးသည်တင်ယာဉ်နှင့်ဆိုင်ကယ် တိုက်မိ

**မြင်းမူ ဇူလိုင် ၁၇**

မြင်းမူမြို့ မြို့ရှောင်လမ်း မုံရွာ-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၄၆/၆)နှင့် (၄၆/၇)အကြားတွင် ယနေ့ နံနက်၉နာရီခွဲခန့်က မုံရွာမှ မန္တလေးသို့ မြတ်ကိုကို(၄၂)နှစ် အောင်ချမ်းသာရပ် မုံရွာမြို့နေသူ မောင်းနှင်သည့် ခရီးသည်တင်မှန်လုံယာဉ်နှင့် မြင်းမူမြို့သို့ ဦးသန်းပို (၆၃)နှစ် ကံဆွယ်ရွာ မြင်းမူမြို့နယ်နေသူ မောင်းနှင်သည့် ၅ယ/----- ဆိုင်ကယ်တို့ တိုက်မိပြီး ဦးသန်းပိုတွင် ဒဏ်ရာများရရှိ၍ မြင်းမူဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး မြင်းမူမြို့မရဲစခန်းက အမှုဖွင့် ထားကြောင်း သိရသည်။

**(၆၂၄)**

# လေးထောင့်ကန်နှင့် ဝေဇယန္တာလမ်းဆုံတွင် ယာဉ်သုံးစီး ဆင့်တိုက်

**ရန်ကုန် ဇူလိုင် ၁၇**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းနှင့် ဝေဇယန္တာလမ်းဆုံတွင် ဇူလိုင် ၁၅ရက် ညနေပိုင်းက ယာဉ်နှစ်စီးခေါင်းချင်းဆိုင်တိုက်မိပြီးနောက် တစ်ဖက်မီးပွိုင့်တွင် ရပ်ထားသော ယာဉ်၏ခေါင်းကိုပါ တိုက်မိခဲ့သည်။

ဖြစ်စဉ်မှာ သုဝဏ္ဏဘက်ခြမ်းမှ လေးထောင့်ကန်လမ်းမပေါ်သို့ ဘယ်ကျောမှကွေ့တက်လာသည့် Toyota Vitz 7D/-----ယာဉ်နှင့် ဝေဇယန္တာလမ်းအတိုင်း အနောက်မှ အရှေ့သို့မောင်းနှင်လာသည့် Honda Fit 1E/---- ယာဉ်တို့ အဆိုပါလမ်းဆုံတွင် မျက်နှာချင်းဆိုင်တိုက်မိခဲ့ပြီး Toyota Vitz ယာဉ်သည် မီးပွိုင့်တွင်ရပ်ထားသော Daihatsu Hijet f 5H/----ယာဉ်ကို ဆင့်ကဲတိုက်မိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ လေးထောင့်ကန်လမ်းနှင့် ဝေဇယန္တာလမ်းဆုံတွင် တာဝန်ကျ ယာဉ်ထိန်းအဖွဲ့က အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

# ဇူလိုင် ၁၇ ရက် သောကြာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၄၄၅၀၀ |
| ၂ | ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၅၀၀ မှ ၂၂၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၆၇၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၈၀၀၀ မှ ၁၃၇၀၀၀ |
| ၉ | စွန်တာ (ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၀၀၀၀ မှ ၅၂၀၀၀ |
| ၁၀ | ထောပတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀၀ မှ ၅၅၀၀၀ |
| ၁၁ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၀၀၀၀ မှ ၈၅၀၀၀ |
| ၁၂ | ပြောင်းဆန် | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀၀ |
| ၁၃ | ပဲလွမ်းဖြူ (ပဲ) | ပဲခူး၊ မင်းလှ၊ မြစ်ဝကျွန်းပေါ် | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၄၀၀၀ မှ ၈၀၀၀၀ |
| ၁၄ | ဗိုလ်ကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၀၀၀၀ မှ ၅၅၀၀၀ |
| ၁၅ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၉၈၀၀၀ မှ ၂၀၀၀၀၀ |
| ၁၆ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၄၀၀၀ မှ ၈၅၀၀၀ |
| ၁၇ | ပန်းနှမ်း(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၀၅၀၀၀ |
| ၁၈ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၀၀၀၀၀ မှ ၁၀၅၀၀၀ |
| ၁၉ | နှမ်းနက်(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၁၀၀၀၀ မှ ၁၁၆၅၀၀ |
| ၂၀ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ၊မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၁၅ မှ ၉၀၀ |
| ၂၁ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၆၀ မှ ၂၀၀၀ |
| ၂၂ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၀၀ မှ ၂၅၅၀ |
| ၂၃ | ပဲပုပ်(ရှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၂၀၀၀ မှ ၄၈၀၀၀ |
| ၂၄ | ပဲပုပ်(ဗမာ) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၅၀၀၀၀ မှ ၅၁၀၀၀ |
| ၂၅ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၂၀ မှ ၆၄၀ |
| | **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။** | | | | |

# ဆိုင်ကယ် အထောက်အထား မပြနိုင်သူအား အမှုဖွင့်စစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၇။** ။မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၅ ရက် ညနေ ၅ နာရီက ချမ်းမြသာစည်မြို့နယ် မနော်ဟရီလမ်း (၆၁/၆၂)လမ်းကြားတွင် New Xonbo - 125 ဆိုင်ကယ် စီးလာသူအား စစ်ဆေးရာ ပိုင်ရဲထက်(၁၉)နှစ် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နေသူဖြစ်ပြီး အဆိုပါဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ခိုင်လုံသောအထောက်အထား တစ်စုံတစ်ရာပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် အမှတ်(၁၁) နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# ကောက်စိုက်နေစဉ် မိုးကြိုးထိမှန် သေဆုံး

**မိုးကောင်း ဇူလိုင် ၁၇**

မိုးကောင်းမြို့နယ် ကြာအင်းကျေးရွာအုပ်စု ကွင်းအမှတ်(၉၀)ရှိ တောင်သူဦးအိုက်ဆန်မြပိုင်လယ်မြေ၌ ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက မဝေဝေအောင်(၁၇)နှစ် အင်ဒိုင်လေးကျေးရွာ ဒီပဲယင်းမြို့နယ်နေသူ အပါအဝင် အမျိုးသမီးငါးဦး ကောက်စိုက်နေစဉ် မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးပစ်သဖြင့် မဝေဝေအောင်မှာ မိုးကြိုးထိမှန် သေဆုံးသွားကြောင်း သိရသည်။

**(၄၉၉)**

# အကောက်ခွန်မဲ့ ကလေးစားစရာ မုန့်မျိုးစုံအား မီးရှို့ဖျက်ဆီး

**နောင်ချို ဇူလိုင် ၁၇**

တရားမဝင် အကောက်ခွန်မဲ့ပစ္စည်းများ ကူးသန်းရောင်းဝယ်တင်သွင်းမှုမရှိစေရေး၊ နိုင်ငံ့ဘဏ္ဍာငွေများ လေလွင့်ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ တရားဝင်အခွန်ပေးဆောင်ပြီးမှ ကုန်ပစ္စည်းများ မှန်ကန်စွာ တင်သွင်းရေးတို့အတွက် နောင်ချိုမြို့အဝင်(အေးရှားဝေါလ်တိုးဂိတ်အနီး)တွင် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်ဦးကျော်စိုးဝင်း(ဒုတိယညွှန်မှူး)ပါဝင်သော (Mobile Team)လရ(၁) ဌာနစုံပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် မော်တော်ယာဉ်များအား စစ်ဆေးရာမှ ဖမ်းဆီးရမိသော တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများနှင့် တစ်ဖက်နိုင်ငံမှ ထုတ်လုပ်သော မုန့်မျိုးစုံများသည် ကလေးသူငယ်များစားမိလျှင် အန္တရာယ်ဖြစ်စေပြီး ကျန်းမာရေးနှင့်လည်း ညီညွတ်မှုမရှိသည့်အတွက် ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက မီးရှို့ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# ဓာတ်မြေသြဇာအိတ်များ သိမ်းဆည်းရမိ

**မိုးကောင်း ဇူလိုင် ၁၇**

ကချင်ပြည်နယ် မိုးကောင်းမြို့ မြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်သန်းဦးသည် ရှစ်မိုင်လမ်းဆုံ တန်ပိုစစ်ဆေးရေးဂိတ်ရဲကင်း၌ ရဲကင်းမှူးတာဝန်ထမ်းဆောင်စဉ် ဇူလိုင် ၁၂ ရက်က မန္တလေးမြို့မှ ဖားကန့်မြို့သို့သွားမည့် UD ၁၂ ဘီးယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်၌ အထောက်အထား တစ်စုံတစ်ရာမပါရှိဘဲ ဓာတ်မြေသြဇာ (မြေဆီ)အိတ် ၃၀၀ တွေ့ရှိ၍ သိမ်းဆည်းရမိခဲ့သည်။

ယာဉ်မောင်း ပြည့်စေ(ခ) ဇော်မျိုး (၃၀)နှစ် ကုတ်ကဲကျေးရွာ မြင်းခြံမြို့နယ်နေသူနှင့် ယာဉ်နောက်လိုက် ငြိမ်းချမ်းလေး(၂၃)နှစ် ဇေယျာမိုင်းမန်ကျေးရွာ နမ့်ခမ်းမြို့နယ်နေသူတို့နှစ်ဦးအား မိုးကောင်းမြို့ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ထက်သူအောင်)**

# မြန်မာနိုင်ငံတမံကြီးများဆိုင်ရာအမျိုးသားကော်မတီဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံတမံကြီးများဆိုင်ရာအမျိုးသားကော်မတီဥပဒေ**
**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၁။)**
**၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်**
**( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ကော်မတီ**ဆိုသည်မှာ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသား ကော်မတီကို ဆိုသည်။

(ခ) **တမံကြီးများ**ဆိုသည်မှာ အမြင့် ၁၅ မီတာနှင့်အထက် သို့မဟုတ် အမြင့် ၅ မီတာမှ ၁၅ မီတာအထိရှိ၍ ရေထုထည်ပမာဏ ၃ သန်း ကုဗမီတာနှင့်အထက် သိုလှောင်နိုင်သော မြေသားတမံ၊ ကျောက်ဖြည့်တမံ၊ ကွန်ကရစ်တမံများကို ဆိုသည်။

(ဂ) **အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင်** ဆိုသည်မှာ ၁၉၂၈ ခုနှစ်၊ ဇူလိုင်လတွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ဌာနချုပ်ရုံးကိုဖွဲ့စည်း တည်ထောင်၍ ရေလှောင်တမံများနှင့် ဆက်စပ်ရေအား အဆောက်အအုံများ လုံခြုံစိတ်ချရမှု၊ စီးပွားရေးတွက်ခြေကိုက်မှု ရှိစေရန် တည်ဆောက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖြစ်တည်ပေါ်ပေါက်စေနိုင်မည့် အင်ဂျင်နီယာပညာရပ်ပိုင်းဆိုင်ရာ အတွေ့အကြုံများ နှီးနှောဖလှယ်ရေးနှင့် စံနှုန်းများသတ်မှတ်ရာတွင် ကျွမ်းကျင်မှုပေးသော အဖွဲ့အစည်းကို ဆိုသည်။

(ဃ) **ဒေသတွင်းအဖွဲ့ခွဲများ** ဆိုသည်မှာ မြန်မာနိုင်ငံတွင် အနည်းဆုံး ကော်မတီအဖွဲ့ဝင် ၁၅ ဦး ရှိသောဒေသများတွင် ဖွဲ့စည်းထားသည့် အဖွဲ့ခွဲများကို ဆိုသည်။

(င) **နည်းပညာဆိုင်ရာအဖွဲ့ခွဲများ** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင်၏ နည်းပညာဆိုင်ရာ အဖွဲ့ခွဲများကို အခြေခံ၍ ဘာသာရပ်အလိုက်စုစည်းကာ လိုအပ်ချက်နှင့်အညီ ကော်မတီကဖွဲ့စည်းထားသော အဖွဲ့ခွဲများကို ဆိုသည်။

(စ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဆ) **ဥက္ကဋ္ဌ** ဆိုသည်မှာ ကော်မတီဝင်များက ရွေးချယ်တာဝန်ပေးအပ်သော အလုပ်အမှုဆောင်ကော်မတီ၏ ဥက္ကဋ္ဌကို ဆိုသည်။

(ဇ) **အတွင်းရေးမှူးများအဖွဲ့** ဆိုသည်မှာ သတင်းအချက်အလက်များ ရယူစိစစ်ခြင်းလုပ်ငန်းနှင့် ကော်မတီရုံးလုပ်ငန်းကို ဦးစီးဆောင်ရွက်သော အမြဲတမ်းအဖွဲ့အစည်းကို ဆိုသည်။

## အခန်း(၂)
## ဖွဲ့စည်းခြင်းဆိုင်ရာအခြေခံမူများနှင့် ရည်ရွယ်ချက်များ

၃။ ကော်မတီ၏ ဖွဲ့စည်းခြင်းဆိုင်ရာအခြေခံမူများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီသည် တမံကြီးများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်ဆက်စပ်သည့် လုပ်ငန်းနယ်ပယ်များတွင် စိတ်ပါဝင်စား၍ တက်ကြွစွာ ပါဝင်ဆောင်ရွက်လိုသော လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများစသည်တို့ကို စုစည်းထားသော ပညာရပ်ဆိုင်ရာအဖွဲ့အစည်း ဖြစ်သည်။

(ခ) တမံကြီးများတည်ဆောက်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ လေ့လာခြင်း၊ စီမံခြင်း၊ စူးစမ်းခြင်း၊ ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ တည်ဆောက်ခြင်း၊ တည်ဆောက်ပြီးတမံကြီးများ ထိန်းသိမ်းလည်ပတ်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ စက်ယန္တရား၊ ယာဉ်နှင့် စက်ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း၊ တည်ဆောက်ရေးပစ္စည်းများ ထုတ်လုပ်ခြင်း၊ နည်းပညာအချက်အလက်များဖလှယ်ခြင်းနှင့် ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် တမံကြီးများနှင့်သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်း အပါအဝင် အခြားလုပ်ငန်းတစ်ခုခုတွင် သတ်မှတ်ချက်များနှင့်အညီ ပါဝင်ဆောင်ရွက်နေသည့် လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများကို ကော်မတီအဖွဲ့ဝင်များဖြင့် အခြေခံ၍ ဖွဲ့စည်းရမည်။

(ဂ) ကော်မတီကို လွတ်လပ်၍ ကိုယ်ပိုင်ရပ်တည်နိုင်သော အခြေခံမူများနှင့်အညီ တည်ထောင်ရမည်။

၄။ ကော်မတီ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီအဖွဲ့ဝင်များသည် တမံကြီးများ၏ လုပ်ငန်းဆိုင်ရာ တာဝန်ဝတ္တရားများကို သိရှိနားလည်စေရန်၊

(ခ) ကော်မတီအဖွဲ့ဝင်များ၏ စိတ်အားထက်သန်မှုနှင့် ခံယူချက်ကို မြှင့်တင်ပေးရန်၊

(ဂ) ကော်မတီအဖွဲ့ဝင်များအချင်းချင်း တမံကြီးများဆိုင်ရာ သတင်းအချက်အလက်များနှင့် မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများကို ဖလှယ်ပြီး ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုကို မြှင့်တင်ပေးရန်၊

(ဃ) တမံကြီးများဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးအကျိုးတရားများကို စိစစ်သုံးသပ်ရာတွင် အတိုင်ပင်ခံပညာရှင်များအဖြစ် ဆောင်ရွက်ပေးနိုင်ရန်၊

(င) မြန်မာနိုင်ငံအတွင်းရှိ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ရန်ရှိသည့် တမံကြီးများ၏ လုံခြုံစိတ်ချရမှု၊ ခိုင်ခံ့တည်ငြိမ်မှု၊ သဘာဝပတ်ဝန်းကျင်၊ စီးပွားရေးနှင့် လူမှုရေးပတ်ဝန်းကျင်တို့အပေါ် အကျိုးသက်ရောက်မှု၊ စွမ်းရည်မြှင့်မားတိုးတက်မှု၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များအတွက် ကျယ်ပြန့်စွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန်၊

(စ) တည်ဆဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတကာ ဥပဒေများနှင့်အညီ နိုင်ငံတွင်း၊ ဒေသတွင်းအပါအဝင် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့်နည်းပညာကော်မရှင်များနှင့် ပူးပေါင်းဆက်သွယ်ဆောင်ရွက်ရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ခုနစ်ဦးထက်မပိုသော ကော်မတီ၏ နာယကအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ပြည်ထောင်စုဝန်ကြီး
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

(ခ) ဒုတိယဝန်ကြီး
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

(ဂ) ဒုတိယဝန်ကြီး
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊

(ဃ) ဝါရင့်ပညာရှင်များ။

၆။ နာယကအဖွဲ့သည် -

(က) ကော်မတီ၏ ပထမအကြိမ်အထွေထွေညီလာခံကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

(ခ) ပုဒ်မခွဲ (က) အရ ကျင်းပသည့် အထွေထွေညီလာခံတွင် စုစုပေါင်း အဖွဲ့ဝင် ၄၅ ဦး ထက်မပိုသောဦးရေဖြင့် ကော်မတီကို ဖွဲ့စည်းရမည်။

၇။ ကော်မတီဝင်များသည် မိမိတို့ကော်မတီဝင်များထဲမှ နိုင်ငံ့ဝန်ထမ်းများ အပါအဝင် အလုပ်အမှုဆောင်ကော်မတီကို စုစုပေါင်း အဖွဲ့ဝင် ၁၅ ဦးဖြင့် အောက်ပါအတိုင်း ရွေးကောက်တင်မြှောက်ရမည် -

(က) ဥက္ကဋ္ဌ ၁ ဦး၊
(ခ) ဒုတိယဥက္ကဋ္ဌ ၂ ဦး၊
(ဂ) အတွင်းရေးမှူး ၁ ဦး၊
(ဃ) တွဲဖက်အတွင်းရေးမှူး ၂ ဦး၊
(င) ဘဏ္ဍာရေးမှူး ၁ ဦး၊
(စ) စာရင်းစစ် ၁ ဦး၊
(ဆ) အလုပ်အမှုဆောင်အဖွဲ့ဝင် ၇ ဦး။

၈။ နာယကအဖွဲ့သည် ကော်မတီနှင့် အလုပ်အမှုဆောင်ကော်မတီတို့ကို လိုအပ်သော လမ်းညွှန်မှုများ ပြုလုပ်ဆောင်ရွက်ခွင့်ရှိသည်။

၉။ ကော်မတီသည် ကော်မတီ၏ဖွဲ့စည်းပုံကို အထွေထွေညီလာခံ၏အတည်ပြုချက်ဖြင့် ပြင်ဆင်ဖြည့်စွက်ခွင့်ရှိသည်။

၁၀။ ကော်မတီ၏ အထွေထွေညီလာခံကို နှစ်နှစ်လျှင်တစ်ကြိမ်ကျင်းပ၍ ကော်မတီအသစ်ကို ဖွဲ့စည်းရမည်။

၁၁။ ကော်မတီသည် အောက်ပါလုပ်ငန်းများအပေါ် တာဝန်ခံရမည် -

(က) အထွေထွေညီလာခံအစည်းအဝေး၏ ဆုံးဖြတ်ချက်များကိုကော်မတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းများနှင့်အညီ အကောင်အထည်ဖော်ခြင်း၊

(ခ) လုပ်ငန်းအစီအစဉ်၊ ရသုံးမှန်းခြေငွေစာရင်း၊ ကော်မတီ၏ဖွဲ့စည်းပုံတို့ကို အဆုံးအဖြတ်ပြုခြင်း၊

(ဂ) အလုပ်အမှုဆောင်ကော်မတီဝင် ၁၅ ဦးကို ရွေးချယ်ခြင်း။

၁၂။ ကော်မတီရုံးမှ ထုတ်ပြန်ဖြန့်ဝေသည့် အင်ဂျင်နီယာပညာရပ်ပိုင်းဆိုင်ရာ ဖြန့်ဝေစာများနှင့် မဂ္ဂဇင်းများသည် ကော်မတီ၏ တရားဝင်ထုတ်ပြန်ချက်ဟု မှတ်ယူရမည်။ ကော်မတီသည် မိမိ၏ကိုယ်ပိုင်အမှတ်တံဆိပ်နှင့် တံဆိပ်တုံးတို့ကို သုံးစွဲခွင့်ရှိပြီး ပုံသေပိုင်ပစ္စည်းများ၊ ပြည်တွင်းသုံးငွေနှင့် နိုင်ငံခြားငွေဘဏ်စာရင်းများ ထူထောင်ထားရှိနိုင်သည်။

## အခန်း (၄)
## အဖွဲ့ခွဲများ ဖွဲ့စည်းခြင်း

၁၃။ အလုပ်အမှုဆောင်ကော်မတီသည် အောက်ပါအဖွဲ့ခွဲများကို ဖွဲ့စည်းပေးရမည်-

(က) ဒေသတွင်းအဖွဲ့ခွဲများ၊

(ခ) နည်းပညာဆိုင်ရာအဖွဲ့ခွဲများ။

၁၄။ ဒေသတွင်းအဖွဲ့ခွဲများကို အနည်းဆုံး တင်းပြည့်အဖွဲ့ဝင် ၁၅ ဦးရှိသော ဒေသများတွင် ဖွဲ့စည်းနိုင်သည်။ အဖွဲ့ခွဲ၏အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်ကျင်းပပြီး အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) အဖွဲ့ခွဲ၏ ဆောင်ရွက်မည့်လုပ်ငန်းများ သတ်မှတ်ခြင်းနှင့် လုပ်ငန်းအစီရင်ခံစာကို ဆွေးနွေးအတည်ပြုခြင်း၊

(ခ) ကော်မတီ၏ အစီရင်ခံစာများကို ဆွေးနွေးခြင်းနှင့် ကော်မတီသို့ အစီရင်ခံစာတင်သွင်းခြင်း၊

(ဂ) အထွေထွေညီလာခံ အစည်းအဝေးတွင်ပါဝင်ရန် ကိုယ်စားလှယ်များသတ်မှတ်ရွေးချယ်ခြင်းနှင့် အဖွဲ့ခွဲအမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်တာဝန်ပေးအပ်ခြင်း၊

(ဃ) အဖွဲ့ခွဲအမှုဆောင်အဖွဲ့ဝင် အရေအတွက်ကို သတ်မှတ်ဆုံးဖြတ်ခြင်း။

၁၅။ နည်းပညာဆိုင်ရာအဖွဲ့ခွဲများကို အပြည်ပြည်ဆိုင်ရာတမံကြီးများ ကော်မရှင်၏ နည်းပညာဆိုင်ရာအဖွဲ့များကိုအခြေခံ၍ ဘာသာရပ်အလိုက် စုစည်းကာ လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းနိုင်သည်။ အဖွဲ့ခွဲများသည် မိမိတို့ ဆက်စပ်ရာ ဘာသာရပ်အလိုက် အဖွဲ့ခွဲဝင်များကိုစုစည်း၍ မိမိတို့အဖွဲ့ခွဲ အလိုက် ဆောင်ရွက်မည့် လုပ်ငန်းများသတ်မှတ်ခြင်း၊ အစည်းအဝေးကျင်းပခြင်း၊ ဆောင်ရွက်ချက်၊ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။

၁၆။ အလုပ်အမှုဆောင်ကော်မတီသည် ကော်မတီလုပ်ငန်းများကို အထောက်အကူပြုရန် -

(က) အလုပ်အမှုဆောင်ကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်ကော်မတီက တာဝန်ပေးအပ်သော အဖွဲ့များမှ အဖွဲ့ဝင်များပါဝင်စေလျက် အတွင်းရေးမှူးများအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) တမံကြီးများနှင့်သက်ဆိုင်သည့် လိုအပ်သောအထူးအဖွဲ့များကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းနိုင်သည်။

## အခန်း (၅)
## ကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၇။ ကော်မတီ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တမံကြီးများ တည်ဆောက်၍ အသုံးချရာတွင် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေး၊ ဘေးကင်းလုံခြုံစိတ်ချစေရေးနှင့် စွမ်းဆောင်ရည်မြင့်မားသော ရင်းနှီးမြှုပ်နှံမှု ဖြစ်စေရေးအတွက် အဖွဲ့ဝင်များ၏ အသိအမြင်များကို မြှင့်တင်ပေးခြင်း၊ ဖန်တီးနိုင်စွမ်းနှင့်စိတ်အားထက်သန်မှုတို့ကို တိုက်တွန်းအားပေးခြင်း၊

(ခ) အရည်အသွေးမြင့်မားသောတမံကြီးများ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် ပါဝင်ကြသော လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပညာပေးခြင်းနှင့် လုပ်ငန်းစွမ်းရည်အဆင့် တိုးတက်မြင့်မားစေရန် ကူညီဆောင်ရွက်ပေးခြင်း၊ တိုက်တွန်းအားပေးခြင်း၊

(ဂ) နိုင်ငံတော်က တည်ဆောက်ဆဲ၊ တည်ဆောက်မည့် တမံကြီးစီမံကိန်းများကို ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်အရ စူးစမ်းလေ့လာမှုအပိုင်း၊ ဒီဇိုင်းစနစ်ချမှတ်မှုအပိုင်း၊ အသေးစိတ် ဒီဇိုင်းပုံစံထုတ်လုပ်မှုအပိုင်း၊ တည်ဆောက်အကောင်အထည်ဖော်မှုအပိုင်းတို့ကို စိစစ်ခြင်း၊ ထောက်ခံအကြံပြုချက်ပေးခြင်း၊

(ဃ) နိုင်ငံတော်၏ တည်ဆောက်ပြီး တမံကြီးစီမံကိန်းများကို ကော်မတီက ကြံ့ခိုင်မှုစစ်ဆေးခြင်း ဆက်စပ်လုပ်ငန်းများနှင့် ရေအား အဆောက်အအုံများအား လည်ပတ်အသုံးချမှု၊ ထိန်းသိမ်းထားရှိမှုတို့ကို စစ်ဆေးခြင်း၊ အကြံပြုထောက်ခံချက်ပေးခြင်း၊

(င) တမံကြီးများ၏ ဖွံ့ဖြိုးမှုနှင့်ဆက်နွှယ်သော သိပ္ပံနှင့်နည်းပညာ ဘာသာရပ်ဆိုင်ရာ အသိပညာဗဟုသုတများ အသိပေးဖြန့်ဖြူးခြင်း၊

(စ) လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များ၊ ပညာရပ်ပိုင်းဆိုင်ရာကျင့်ဝတ်များ၊ စံချိန်စံညွှန်းများနှင့်အညီ တမံကြီးများကို လေ့လာစိစစ်ခြင်း၊ တည်ဆောက်ခြင်း၊ နည်းဗျူဟာများ ချမှတ်ခြင်း၊ ဆက်စပ်စီမံခန့်ခွဲခြင်းနှင့် အသုံးပြုခြင်းတို့ ဆောင်ရွက်ရာတွင် လိုအပ်သည့် အထောက်အပံ့များပေးခြင်း၊ တမံကြီးများဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေသည့် ဌာန၊ အဖွဲ့အစည်းအသီးသီးသို့ သဘောထားမှတ်ချက်များ ဖြန့်ဝေပေးခြင်း၊ ကော်မတီ၏ လေ့လာသုံးသပ်ချက်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းတိုင်ပင် အကြံပြုဆောင်ရွက်ခြင်း၊

(ဆ) ကော်မတီသည် ရေအရင်းအမြစ်များ ထုတ်နုတ်အသုံးချမှုဆိုင်ရာ အခြားဆက်စပ်အဖွဲ့အစည်းများနှင့် ပေါင်းစည်းညှိနှိုင်း၍ တမံကြီးများကို တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်းတာဝန်ယူဆောင်ရွက်ခြင်း၊

(ဇ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်ဆံဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊

(ဈ) ကော်မတီအဖွဲ့ဝင်ဖြစ်သည့် လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းများ၏ ပညာရပ်ပိုင်းကျွမ်းကျင်မှုဆိုင်ရာ အခွင့်အရေးများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးခြင်း။

၁၈။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်မှ တမံကြီးများဖွံ့ဖြိုးတိုးတက်မှုအတွက် မူဝါဒများ၊ လုပ်ငန်းအစီအစဉ်များ၊ စီမံကိန်းများချမှတ်ဆောင်ရွက်ရာတွင် လိုအပ်သည့်ရှင်းလင်းချက်နှင့် သဘောထားမှတ်ချက်တို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှတစ်ဆင့် တင်ပြခြင်းဖြင့် နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ခ) နိုင်ငံတော်အတွင်း တည်ဆောက်ဆဲ၊ တည်ဆောက်မည့် တမံကြီး စီမံကိန်းများကို ကော်မတီ၏တာဝန်အရလည်းကောင်း၊ အထူးလိုအပ်ချက် အခြေအနေအရလည်းကောင်း အတိုင်ပင်ခံအဖြစ် ဆောင်ရွက်ခြင်း၊ ဆန်းစစ်ဝေဖန်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ နည်းပညာဆိုင်ရာ ကြီးကြပ်အကြံပြုခြင်းတို့တွင် ပါဝင်ဆောင်ရွက်ခြင်း၊

**စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

(ဂ) တမံကြီးများဖွံ့ဖြိုးမှုဆိုင်ရာ သတင်းအချက်အလက်များဖလှယ်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းတို့ကို ဆောင်ရွက်ရန် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဃ) တမံကြီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ထုံးလုပ်နည်း စည်းမျဉ်းများနှင့်အညီ အကြံပေးခြင်း၊ သတင်းပေးခြင်းစသည် တို့ကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ တမံကြီးများဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများဖြစ်သည့် ဒီဇိုင်းပုံထုတ်လုပ်ခြင်း၊ အသုံးပြုခြင်း၊ အဆင့်မြင့်နည်းပညာများသုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းစသည်တို့ အတွက် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) မိမိ၏ လက်အောက်ခံအဖွဲ့အစည်းများကို ဖွဲ့စည်းထူထောင်ခြင်း၊

(စ) ညီလာခံများ၊စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးနှီးနှောဖလှယ်ပွဲများ ခေါ်ယူကျင်းပခြင်း၊

(ဆ) တမံကြီးများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အတွေ့အကြုံများဖလှယ် ဖြန့်ဝေခြင်း၊ လေ့ကျင့်မှု၊ ပို့ချမှုများပြုလုပ်ခြင်း၊ သုတေသန တွေ့ရှိချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊

(ဇ) ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာတမံကြီးများနှင့်ဆိုင်သော လုပ်ငန်း အုပ်စုများတွင် မိမိ၏အဖွဲ့ဝင်များကို ဥပဒေများနှင့်အညီ ပါဝင် ဆောင်ရွက်ရန် တာဝန်သတ်မှတ်ပေးခြင်း၊

(ဈ) အဖွဲ့ဝင်များနှင့် တမံကြီးများဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းအသီးသီးတွင် ပါဝင်ဆောင်ရွက်နေသူများကို လုပ်ငန်းဆိုင်ရာ သင်တန်းများ ပို့ချခြင်း၊

(ည) သုတေသနဖော်ထုတ်ချက်များ၊ လေ့လာပြီးလုပ်ငန်းများ၊ သုတေ သနတွေ့ရှိချက်များနှင့် ပညာရပ်ဆိုင်ရာ စာစောင်များကို ထုတ်ဝေ ခြင်း၊ ကြေညာခြင်းနှင့် လုပ်ငန်းဆိုင်ရာ အသိပညာများကိုဖြန့်ဖြူး ပေးခြင်း၊

(ဋ) ရရှိသော ငွေကြေးအရင်းအမြစ်များကို ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ သုံးစွဲခြင်း၊

(ဌ) အဖွဲ့ဝင်များအတွက် ပညာရပ်ပိုင်းဆိုင်ရာ အသိအမှတ်ပြု လက် မှတ်များ၊ စိစစ်ရေးကတ်ပြားများ ထုတ်ဝေပေးခြင်း၊

(ဍ) အဖွဲ့ဝင်လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အရည်အသွေးနှင့် စည်းကမ်းလိုက်နာမှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ၊ ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ပေးအပ်ခြင်း။

**အခန်း (၆)**

**ကော်မတီအဖွဲ့ဝင်များ၏ တာဝန်နှင့်အခွင့်အရေးများ**

၁၉။ ကော်မတီအဖွဲ့ဝင်များ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းများကို အကောင်အထည်ဖော်ခြင်း၊ ကော်မတီ၏ ညွှန်ကြားချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ မိမိ၏စွမ်းဆောင်ရည်အလိုက် ကော်မတီ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) မိမိတို့၏ လုပ်ငန်းစွမ်းဆောင်ရည်ကို စဉ်ဆက်မပြတ်တိုးတက် စေရန် ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းဆိုင်ရာ အရည်အသွေးကို ထိန်းသိမ်းခြင်း၊

(ဂ) ကော်မတီ၏အကျိုးစီးပွားကို ကာကွယ်ခြင်း၊ ကော်မတီ၏ ဆောင် ရွက်ချက်များကို အများပြည်သူ သဘောပေါက်နားလည်စေရန် ရှင်းလင်းဖြန့်ဝေခြင်း၊ အဖွဲ့ဝင်သစ်များ တိုးပွားစေရန် စည်းရုံး ခြင်း၊

(ဃ) အဖွဲ့ဝင်များသည် ကော်မတီ၏ ရည်ရွယ်ချက်များကို ထိရောက် စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီ ၏ လုပ်ငန်းရပ်များကို အခကြေးငွေရယူခြင်းမရှိဘဲ အစဉ်တစိုက် ပါဝင်ဆောင်ရွက်ခြင်း၊

(င) ကော်မတီသို့ သတ်မှတ်ထားသည့် အခကြေးငွေများ ပေးသွင်း ခြင်း။

၂၀။ ကော်မတီအဖွဲ့ဝင်များ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ် သည်-

(က) ကော်မတီ၏ဆောင်ရွက်မှုများ၊ ဆွေးနွေးမှုများတွင် ပါဝင်ဆောင် ရွက်ခွင့်ရှိခြင်း၊

(ခ) တွဲဖက်အဖွဲ့ဝင်များနှင့် ဂုဏ်ထူးဆောင်အဖွဲ့ဝင်များမှအပ ကျန်အဖွဲ့ဝင်များသည် မဲပေးရွေးချယ်မှုနှင့် ဖွဲ့စည်းတာဝန်ပေးမှု တို့တွင် ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဂ) တမံကြီးများဆိုင်ရာ သတင်းအချက်အလက်များ ရရှိနိုင်ခြင်းနှင့် တမံကြီးများ ဖွံ့ဖြိုးမှုဆိုင်ရာ ပညာရပ်ပိုင်းအဆင့်အတန်း တိုးတက်စေရန် ကော်မတီ၏အကူအညီများ ရယူခွင့်ရှိခြင်း၊

(ဃ) အဆိုပြုချက်များ၊ တီထွင်မှုများ၊ သုတေသနပြုချက်များအတွက် ကော်မတီ၏ ကူညီထောက်ပံ့မှုများ ရယူခွင့်ရှိခြင်း၊

(င) ပညာရပ်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများအတွက် ကော်မတီ၏ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အကာအကွယ်ပေးမှုကို ရယူခွင့်ရှိခြင်း၊

(စ) ပညာရပ်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် တမံကြီးများဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအတွက် ကော်မတီ၏ အသိအမှတ်ပြု ထောက်ခံချက်ရယူဆောင်ရွက်ခွင့်ရှိခြင်း။

၂၁။ ကော်မတီသည် မြန်မာနိုင်ငံ၏ တမံကြီးများနှင့် ဆက်စပ်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသော သို့မဟုတ် စိတ်ပါဝင်စားသော နိုင်ငံ့ဝန်ထမ်းများ အပါအဝင် မြန်မာနိုင်ငံသား လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် မြန်မာနိုင်ငံအတွင်း တရားဝင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများက ကော်မတီ၏ ဖွဲ့စည်းပုံ စည်းမျဉ်းများကို သဘောတူပြီး ကော်မတီနှင့်ပူးပေါင်းဆောင်ရွက်ရန် အဆိုပြု လာလျှင် ကော်မတီ၏ အဖွဲ့ဝင်အဖြစ် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင် သည်။

၂၂။ (က) ကော်မတီအဖွဲ့ဝင်အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ် သည်-

(၁) အစုအဖွဲ့ဝင်များဆိုရာတွင် ဆန်းစစ်လေ့လာမှုအဖွဲ့များ၊ စီးပွားရေးဆိုင်ရာ အစုအဖွဲ့များ၊ လေ့ကျင့်ရေး၊ တည်ဆောက် ရေး၊ ပစ္စည်းကိရိယာထုတ်လုပ်ရေး၊ စီမံခန့်ခွဲမှုလုပ်ငန်းများ နှင့် ဆက်စပ်သည့်အဖွဲ့များ စသည်တို့ပါဝင်သည်။

(၂) ပုဂ္ဂိုလ်တစ်ဦးချင်းအဖွဲ့ဝင်များဆိုရာတွင် မန်နေဂျာများ၊ ပညာရှင်များ၊ နည်းပညာပါရဂူများ၊ ကျွမ်းကျင်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးဆောင်ရွက်သူများနှင့် တမံကြီးများဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက် နေသူများ စသည်တို့ပါဝင်သည်။

(၃) တင်းပြည့်အဖွဲ့ဝင်များဆိုသည်မှာ ကော်မတီလုပ်ငန်းများနှင့် ဆုံးဖြတ်ချက်များတွင် အပြည့်အဝ ပါဝင်ဆောင်ရွက်ရန် အခြေအနေရှိသော ပြည်တွင်းအဖွဲ့ဝင်များဖြစ်သည်။

(၄) တွဲဖက်အဖွဲ့ဝင်များဆိုသည်မှာ ကော်မတီတွင် ပူးပေါင်းပါဝင် ရန် ဆန္ဒရှိသော်လည်း ကော်မတီလုပ်ငန်းများတွင် အပြည့် အဝ ဆောင်ရွက်ရန် အခြေအနေမရှိသောသူများ ဖြစ်သည်။

(၅) ဂုဏ်ထူးဆောင်အဖွဲ့ဝင်များဆိုသည်မှာ တမံကြီးများဆိုင်ရာ မြင့်မားသော လုပ်ငန်းစွမ်းဆောင်ရည်၊ ပညာအရည်အချင်း နှင့် အတွေ့အကြုံရှိသူများဖြစ်ကြသော်လည်း ကော်မတီ၏ လုပ်ငန်းများတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်ရန် အခြေအနေ မပေးသည့်အတွက် ဂုဏ်ထူးဆောင်အဖွဲ့ဝင်များအဖြစ် အသိအမှတ်ပြုထားသူများ ဖြစ်သည်။

(ခ) ကော်မတီအဖွဲ့ဝင် အမျိုးအစားများ၏ ပါဝင်ဆောင်ရွက်ပိုင်ခွင့်တို့မှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) မြန်မာနိုင်ငံအတွင်း တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း များ၊ အခြားကော်မတီတစ်ခုခု၏ အစုအဖွဲ့ဝင်များနှင့်အဖွဲ့ဝင် များသည် ကော်မတီသို့ ပူးပေါင်းရန် စာဖြင့်ဆက်သွယ်ပြီး ကော်မတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းများကို လက်ခံလျှင် ကော်မတီ အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခံနိုင်ခွင့်ရှိသည်။

(၂) တွဲဖက်အဖွဲ့ဝင်များနှင့်ဂုဏ်ထူးဆောင်အဖွဲ့ဝင်များသည် ကော်မတီ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီတို့တွင် ရွေးချယ် ခံခွင့်၊ မဲပေးခွင့်တို့မှအပ ကော်မတီက ခွင့်ပြုသည့်ကိစ္စများကို ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

**အခန်း (၇)**

**အထွေထွေညီလာခံနှင့် အစည်းအဝေးများကျင်းပခြင်း**

၂၃။ ကော်မတီ၏ အထွေထွေညီလာခံ အစည်းအဝေးကို နှစ်နှစ်လျှင်တစ်ကြိမ် ကော်မတီက ခေါ်ယူကျင်းပရမည်။

၂၄။ အထူးညီလာခံကို ကော်မတီဝင် သုံးပုံနှစ်ပုံနှင့်အထက် သို့မဟုတ် တရားဝင်အသိအမှတ်ပြုအဖွဲ့ဝင် စုစုပေါင်း၏ သုံးပုံတစ်ပုံနှင့်အထက်က တောင်းဆိုလျှင် အလုပ်အမှုဆောင်ကော်မတီက ခေါ်ယူပေးရမည်။

၂၅။ ကော်မတီ၏ အထွေထွေညီလာခံသည် ပြီးခဲ့သည့်သက်တမ်းအတွင်း ဆောင်ရွက်ခဲ့သည့် အလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို ဆွေးနွေး ခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဖွဲ့စည်းပုံစည်းမျဉ်းများ ပြင်ဆင်ခြင်း၊ ကော်မတီရုံးအတွက် ဝန်ထမ်းများကို ခန့်ထားရန်ဆုံးဖြတ်ခြင်းတို့ကို ဆွေးနွေး အတည်ပြု ဆောင်ရွက်ခွင့်ရှိသည်။

၂၆။ ကော်မတီ၏ ပုံမှန်အစည်းအဝေးများကို အနည်းဆုံးတစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပရမည်။ အလုပ်အမှုဆောင်ကော်မတီသည် လိုအပ်ပါက ကော်မတီအထူး အစည်းအဝေးကို ခေါ်ယူနိုင်သည်။

၂၇။ အလုပ်အမှုဆောင်ကော်မတီသည် ကော်မတီ၏ အထွေထွေညီလာခံနှင့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည်။ အလုပ် အမှုဆောင်ကော်မတီ အစည်းအဝေးကို နှစ်လလျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပပြီး ဥက္ကဋ္ဌကသော်လည်းကောင်း၊ အလုပ်အမှုဆောင်ကော်မတီဝင်ဦးရေ ထက်ဝက်ကျော်က သော်လည်းကောင်း အဆိုပြုလျှင် အထူးအစည်းအဝေး ခေါ်ယူနိုင်သည်။

**အခန်း (၈)**

**နုတ်ထွက်ခြင်းနှင့် တာဝန်မှရပ်စဲခြင်း**

၂၈။ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခြင်းနှင့် တာဝန်မှရပ်စဲခြင်းတို့ကို အောက်ပါ နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်-

(က) အဖွဲ့ဝင်တစ်ဦး သို့မဟုတ် အဖွဲ့ဝင်အဖွဲ့အစည်းတစ်ခုသည် ကော်မတီ မှ နုတ်ထွက်လိုလျှင် အလုပ်အမှုဆောင်ကော်မတီသို့ စာဖြင့်တင်ပြ ၍ နုတ်ထွက်ရမည်။

(ခ) အဖွဲ့ဝင်တစ်ဦး သို့မဟုတ် အဖွဲ့ဝင် အဖွဲ့အစည်းတစ်ခုတွင် အောက်ဖော်ပြပါ အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိခဲ့လျှင် အလုပ်အမှုဆောင်ကော်မတီသည် အဆိုပါ အဖွဲ့ဝင်အား အဖွဲ့ဝင်အဖြစ်မှ ရပ်စဲရမည် -

(၁) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ကော်မတီတွင် ပါဝင်ဆောင်ရွက်မှုကို ဥပဒေနှင့်အညီ တားမြစ်ခြင်း၊

(၂) ကော်မတီ၏ဖွဲ့စည်းပုံစည်းမျဉ်းကို ချိုးဖောက်ခြင်း၊

(၃) တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း၊

(၄) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခံရခြင်း၊

(၅) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းသည့် အတိုင်း သတ်မှတ်ခံရခြင်း၊

(၆) ကွယ်လွန်ခြင်း။

**အခန်း (၉)**

**ရန်ပုံငွေရှာဖွေခြင်းနှင့် သုံးစွဲခြင်း**

၂၉။ ကော်မတီ၏ရန်ပုံငွေကို အဖွဲ့ဝင်များနှင့် အစုအဖွဲ့ဝင်များ၏ အသင်း ဝင်ကြေးနှင့် ထည့်ဝင်ငွေများ၊ တမံကြီးများနှင့်သက်ဆိုင်သည့် ပညာရပ်ဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းများမှ ရရှိသည့် ဝင်ငွေများ၊ ပြင်ပပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေများနှင့် အခြားတရားဝင်ရငွေများဖြင့် ထူထောင်ထားရှိရမည်။

၃၀။ ကော်မတီသည် -

(က) မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်။

(ခ) မိမိရန်ပုံငွေဖြင့် ရပ်တည်ရာတွင် လုံလောက်မှုမရှိပါက ဝန်ကြီးဌာန မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

(ဂ) ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ရမည်။

၃၁။ အတွင်းရေးမှူးများအဖွဲ့သည် ရန်ပုံငွေကို အောက်ပါကိစ္စရပ်များအတွက် သုံးစွဲခွင့်ရှိပြီး ရန်ပုံငွေ သုံးစွဲမှုများကို အနီးဆုံးကျင်းပသော အလုပ်အမှုဆောင် ကော်မတီအစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည် -

(က) စီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်ရယူခြင်း၊ သင်တန်းပေးခြင်း စသည့်လုပ်ငန်းများအတွက် သုံးစွဲခြင်း၊

(ခ) ကော်မတီရုံးဝန်ထမ်းများ၏ လစာ၊ ထောက်ပံ့ကြေး၊ ဝန်ထမ်း ရေးရာကိစ္စများအတွက် သုံးစွဲခြင်း၊

(ဂ) ကော်မတီက အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားသော အဖွဲ့အစည်း များသို့ နှစ်စဉ်ကြေးပေးသွင်းခြင်း၊

(ဃ) အထွေထွေကုန်ကျစရိတ်များအတွက် သုံးစွဲခြင်း။

၃၂။ (က) အဖွဲ့ခွဲများသည် ကော်မတီက သတ်မှတ်အတည်ပြုထားသည့် ဘဏ္ဍာရေးနှင့် ငွေစာရင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘဏ္ဍာရေးနှင့် ငွေစာရင်းကို စီမံခန့်ခွဲရမည်။

(ခ) အဖွဲ့ခွဲတစ်ခုခုကို ဖျက်သိမ်းလျှင် သို့မဟုတ် ဖျက်သိမ်းရန်ရှိလျှင် ၎င်း၏ပုံသေပိုင်ပစ္စည်းများနှင့် ဘဏ္ဍာရေး စာရင်းရှင်းတမ်းကို တည်ဆဲဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၃။ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကို အလုပ်အမှုဆောင်ကော်မတီ၏ ဒုတိယ ဥက္ကဋ္ဌတစ်ဦးကို ဦးဆောင်စေလျက် အဖွဲ့ဝင်သုံးဦးဖြင့် ကော်မတီက ရွေးချယ် ခန့်ထားရမည်။ လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် ကော်မတီ၊ အဖွဲ့ခွဲများနှင့် အဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက်ခြင်းများသည် လုပ်ထုံးလုပ်နည်း စည်းမျဉ်း များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကော်မတီ၏ ရန်ပုံငွေ သုံးစွဲမှု စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပြီး စစ်ဆေးတွေ့ရှိချက်များကိုကော်မတီ အထွေထွေညီလာခံ၊ ကော်မတီနှင့် အလုပ်အမှုဆောင်ကော်မတီအစည်း အဝေးများသို့ တင်ပြရမည်။

**အခန်း (၁၀)**

**ထူးချွန်ဆုချီးမြှင့်ခြင်း၊ အသိအမှတ်ပြုထောက်ခံခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း**

၃၄။ ကော်မတီသည် ကော်မတီ၏ လုပ်ငန်းများနှင့် တမံကြီးများဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင် ထူးချွန်စွာဆောင်ရွက်သူ အဖွဲ့ဝင်များနှင့် အဖွဲ့အစည်း များကို ထူးချွန်ဆုများ ချီးမြှင့်ခြင်းကိုသော် လည်းကောင်း၊ နိုင်ငံတော်ကအသိ အမှတ်ပြုသည့် အဖွဲ့အစည်းအဖြစ် သတ်မှတ်ခံရရေးအတွက် အသိအမှတ်ပြု ထောက်ခံပေးခြင်းကို သော်လည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်။

၃၅။ ကော်မတီသည် ကော်မတီ၏ရပ်တည်မှု၊ ဂုဏ်သိက္ခာ၊ ကော်မတီ၏ စည်းမျဉ်းများနှင့် ကိုက်ညီခြင်း မရှိသော မည်သည့်အဖွဲ့ဝင် သို့မဟုတ် အဖွဲ့အစည်းကိုမဆို သတ်မှတ်ချက်များနှင့်အညီ စည်းကမ်းပိုင်းဆိုင်ရာ အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်သည်။

**အခန်း (၁၁)**

**အထွေထွေ**

၃၆။ အလုပ်အမှုဆောင်ကော်မတီသည် ကော်မတီရုံး၏ ဝန်ထမ်းများကို သတ်မှတ်ချက်နှင့်အညီ ခန့်ထားရမည်။ ကော်မတီရုံးသည် အတွင်းရေးမှူးများ အဖွဲ့၏ လုပ်ငန်းများကို တာဝန်ခံဆောင်ရွက်ရမည်။

၃၇။ ဝန်ကြီးဌာနသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ကော်မတီက ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ် သည်များကို ပေါင်းစပ်ညှိနှိုင်း ထောက်ပံ့ကူညီပေးရမည်။

၃၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော နာယကအဖွဲ့ဝင်များ၊ ကော်မတီဝင်များနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့သဘော တူညီချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ချီးမြှင့်ငွေနှင့် စရိတ်များ ကို ခံစားခွင့်ရှိသည်။

၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက် ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင် သည်။

(ခ) ကော်မတီနှင့် ဝန်ကြီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## အတ္ထုပ္ပတ္တိ

*၁၉၃၈ ခုနှစ်မှ ၁၉၇၄ ခုနှစ်အတွင်း ဆရာရေးသားခဲ့သော ဆောင်းပါးအများစုအနက် ဗိုလ်တထောင်သတင်းစာပါ 'ပွင့်ပွင့်လင်းလင်းပြောပါရစေ' ကဏ္ဍမှ ဆောင်းပါးများနှင့် မြန်မာ့အလင်း၊ အိုးဝေ၊ သွေးသောက်၊ ရှုမဝ စသည့် သတင်းစာ၊ မဂ္ဂဇင်းများမှ ဆောင်းပါးများအား အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ဆရာသိန်းဖေမြင့်၏ အလွှာစုံ နယ်ပယ်စုံမှ လူပုဂ္ဂိုလ်အကြောင်းပြု အနုပညာမြောက်ရေးဖွဲ့မှုနှင့် 'မူ' အပေါ် အလေးအနက်ထားရေးသားထားမှုတို့ကို တည်းဖြတ်ခြင်းမပြုဘဲ မူရင်းအတိုင်း ဖတ်ရှုရခြင်းဖြင့် လူပုဂ္ဂိုလ်အတ္ထုပ္ပတ္တိစာပေ၏ သရုပ်သကန်ကိုသိရှိလိမ့်မည်ဟု ယုံကြည်ပါသည်။*

# ဗိသုကာမှ ဒါရိုက်တာသို့

**à သိန်းဖေမြင့်**

ရုပ်ရှင်ဒါရိုက်တာအသစ်နှစ်ယောက်နှင့် သူတို့ရိုက်ကူးတင်ဆက်လိုက်တဲ့ ဇာတ်ကားနှစ်ခုအကြောင်းကို ကျွန်တော်ရေးချင်တယ်ဗျ။

ပထမ ရုပ်ရှင်ဒါရိုက်တာကတော့ ကိုခင်မောင်ရင်ဖြစ်ပါတယ်။ သူရိုက်ကူးတင်ဆက်လိုက်တဲ့ "ဘမှန် ဘဇံအကြောင်း"ဟာ အမှန်စင်စစ် သူရဲ့ဒုတိယဇာတ်ကားဖြစ်ပါတယ်။ သို့သော် သူ့ပထမဇာတ်ကားဟာ မထင်ရှားရုံမက အလုပ်သင်အဖြစ်ဖြင့်အစမ်းရိုက်ကူးလိုက်တဲ့ဇာတ်ကားသာဖြစ်ပါတယ်။ အဲဒီတုန်းက ကျွန်တော်ဟာ သူ့ကိုရုပ်ရှင်ဒါရိုက်တာအဖြစ်ဖြင့် အသိအမှတ်မပြုပါဘူး။ ခုကားကြည့်ပြီးတော့မှ သူ့ကို ကျွန်တော်က "ခုတော့ မင်းဒါရိုက်တာဖြစ်သွားပြီကွ"လို့ ကြေညာပေးလိုက်ပါတယ်။ ဒီနေရာမှာ ကျွန်တော်နှင့် လူအများအပြားသဘောတူကြလိမ့်မယ်လို့ ကျွန်တော်ပြောရဲတယ်ဗျာ။

လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကျော်တုန်းက ခင်မောင်ရင်ကို စတွေ့ရတယ်။ သူက စက်မှုတက္ကသိုလ်မှာ နောက်ဆုံးနှစ်ကျောင်းသားအဖြစ်ဖြင့် ဗိသုကာပညာကိုသင်နေတယ်။ ထို့နောက် စာမေးပွဲအောင်ပြီး ခဏတစ်ဖြုတ် ဗိသုကာလုပ်နေတယ်။ ကျွန်တော်နေနေတဲ့ အိမ်ရဲ့ပုံစံဟာ သူကျောင်းသားဘဝက ဆွဲပေးတဲ့ပုံစံဖြစ်ပါတယ်။ ကျွန်တော်က သူဟာဗိသုကာဆရာအဖြစ်နှင့် အသက်မွေးလိမ့်မယ်ထင်နေခဲ့တယ်။ သို့သော် သူက ပန်းချီဆွဲနေပြန်တယ်။ သူပန်းချီဆွဲခါစက ကျွန်တော့ကို သူ့လက်ရာတစ်ပုံလာပေးတယ်။ အိမ်မှာဆွဲဖို့တဲ့။ ကျွန်တော်က မကြိုက်လို့မဆွဲခဲ့ဘူး။ သူတို့ စိတ္တဇပန်းချီကို ကျွန်တော်နားမလည်လို့မကြိုက်တာဘဲလို့လည်း ပြောနိုင်ပါတယ်။ နောက်တော့ ခေတ်သစ်ပန်းချီပြပွဲများမှာ သူ့လက်ရာများကိုတွေ့လာရတယ်။ ကျွန်တော် နားလည်စပြုပြီထင်ပါရဲ့။ "အင်း၊ မဆိုးဘူးကွ"လို့ မှတ်ချက်ချနိုင်ခဲ့ပါတယ်။

ဟော ယခုသူဟာ ရုပ်ရှင်ဒါရိုက်တာဖြစ်လာပြန်ပြီ။ "ဘမှန်ဘဇံအကြောင်း"တဲ့။ တကယ်တော့ သူ့ဇာတ် ကားကို "သပွတ်အူ"လို့ ခေါ်ထိုက်တယ်။ နာမည်က ရိုးအအဖြစ်ပြီး ဇာတ်လမ်းက ပွေလီလီဖြစ်တယ်။ လူကြီးချင်းသဘောတူထားသော မိန်းကလေးကို ဘမှန်အဖြစ်နှင့်လည်းကောင်း၊ ဘဇံအဖြစ်နှင့်လည်းကောင်း စရိုက်သဘာဝနှစ်မျိုးနှင့်နှစ်ကိုယ်ခွဲပြီး တစ်လှည့်စီပိုးပြတဲ့ဇာတ်လမ်းဖြစ်တယ်။ (တစ်ပြိုင်နက် နှစ်ကိုယ်ခွဲ မဟုတ်ပါဘူး။ တစ်နည်းဆိုရရင် ကင်မရာလိမ်တဲ့ဇာတ်ကားမျိုးမဟုတ်ပါဘူး)



ဗိသုကာ ခင်မောင်ရင်
(၁၉၃၈ - )

"ဘမှန်ဘဇံအကြောင်း"မှာ လေးနက်တဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြဿနာတစ်ရပ်ရပ်ကို တင်ပြရှင်းလင်းရန် အားထုတ်မှုမရှိပါဘူး။ အပျိုကြီးဖြစ်လေ့ဖြစ်ထရှိတဲ့၊ ခေတ်ပညာတတ် အမျိုးသမီးတစ်ဦးကို စိတ္တဗေဒပညာရှင်တစ်ဦးက စိတ်ပညာနည်းများကိုသုံးပြီး မရရအောင် ပိုးသွားခြင်းကိုအကြောင်းရင်းခံပြီး ဇာတ်ဖွဲ့ထားပါတယ်။ ဟာသရသကိုအပြည့်အဝပေးထားတယ်။

ဇာတ်ဆောင်တွေများပြီး ဇာတ်ရှုံနည်းတဲ့ ဇာတ်ကားဖြစ်တယ်။ ဇာတ်ဆောင်တွေများပြီဆိုရင် ဇာတ်ဆောင်တစ်ဦးစီရဲ့ စရိုက်သဘာဝကို ပီပီပြင်ပြင်ဖော်ထုတ်နိုင်အောင် ဒါရိုက်တာကအားထုတ်ရတယ်။ ဒီကိစ္စမှာ မနိုင်ရင် စရိုက်သဘာဝတွေ ရောထွေးကုန်ပြီး ဇာတ်အရသာမပေါ်ဘဲရှိတတ်တယ်။ ဒီနေရာမှာ ခင်မောင်ရင်ဟာ အောင်မြင်သွားတယ်။ ဇာတ်ဆောင်တွေများသလောက် စရိုက်သဘာဝအမျိုးမျိုးထွက်လာပြီး ဇာတ်အရသာပေါ်လွင်လာတယ်။

ဇာတ်ဆောင်များအဖြစ် ကောလိပ်ဂျင်နေဝင်း၊ ခင်ယုမေ၊ အေးအေးသင်း၊ ဖိုးပါကြီး၊ ဂျော်လီဆွေ၊ မြင့်ဖေ၊ မေသစ်နှင့် မေနွဲ့တို့က ကပြကြတယ်။ ထိပ်တန်းပညာရှင်တွေပဲ။ ဒီလိုထိပ်တန်းပညာရှင်တွေကို ဒါရိုက်တာသစ်တစ်ယောက်မပြောနှင့် ဒါရိုက်တာဘဝေးကြီးတွေတောင် ကိုင်ဖို့ခက်တယ်။ သူတို့က ဆရာလုပ်နေကြရင် မခက်ပါလား။ သူတို့က ဇာတ်ဝင်အောင်မကပြဘဲ အတ္တရှိုးပြနေကြရင် မခက်ပါလား။ ဒီနေရာမှာလည်း ခင်မောင်ရင် အောင်မြင်သွားတယ်။ ဒီထိပ်တန်းပညာရှင်တွေကို သူ့နေရာနှင့်သူ ဇာတ်ဝင်အောင် ခင်မောင်ရင်က ညွှန်ကြားနိုင်ခဲ့တယ်။

ရုပ်ရှင်ရိုက်ကွင်း ရိုက်ကွက်ရွေးချယ်ရာမှာလည်းကောင်း၊ အခန်းအကူးအပြောင်းတို့မှာ လည်းကောင်း၊ အဖြတ်အတောက်တို့မှာ လည်းကောင်း ခင်မောင်ရင်ကို ချီးကျူးစရာတွေအများကြီးရှိပါတယ်ဗျာ။

■ ■ ■

(၁၉၇၂ ခုနှစ် ဇူလိုင် ၂၀ ရက်ထုတ် ပွင့်ပွင့်လင်းလင်း ပြောပါရစေ ဗိုလ်တထောင်သတင်းစာမှ အခေါ်အဝေါ် နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်း သတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)

## ထန်းတပင်မြို့နယ် ဝါးတရာကျေးရွာအုပ်စု၌ နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်

**ထန်းတပင် ဇူလိုင် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဝါးတရာကျေးရွာအုပ်စုတွင် ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဝါးတရာဘုန်းတော်ကြီးကျောင်း ဝါးတရာကျောင်းတိုက်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်သန်းက နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ထားရန်နှင့် မိုးပွင့်(အထူး)စီမံချက်အကြောင်းရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူ ၁၆၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းထံ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ထန်းတပင်မြို့နယ်အတွင်းရှိ ပရွှတ်ကျေးရွာ၊ ဒေါင့်ကြီးကျေးရွာ၊ နဲဗျောကျေးရွာ၊ ကျားဟုန်းကျေးရွာများသို့ ဇူလိုင်လအတွင်း အခမဲ့နေ့ချင်းပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်မင်း(iprd)**

## အသက်မွေးဝမ်းကျောင်း သင်တန်းကြည့်ရှု

**သထုံ ဇူလိုင် ၁၇**

သထုံခရိုင် ကျိုက်ထိုမြို့နယ် အဘိုင်းကျေးရွာတွင် ကျေးလက်နေပြည်သူများအတွက် ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ဖွင့်လှစ်ပို့ချနေမှုကို ဇူလိုင်လ ပထမပတ်က မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ကြည့်ရှုခဲ့ပြီး ဆက်လက်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကဒက်ချောင်းတံတား တင်ဒါအောင်မြင်သည့် လျှမ်းဘုန်းမြင့်ကုမ္ပဏီမှ လုပ်ငန်းများဆောင်ရွက်နေမှုကို စစ်ဆေးကြောင်း သိရသည်။

**ခရိုင်/ကျေးလက်ဦးစီး**


**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်မောင်ငြိမ်းချမ်း[၁၂/ပဘတ (နိုင်)၀၂၇၄၆၉]၏ CDC -61823 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၇၈၄၃၁

**ဖခင်အမည်မှန်**
နေပြည်တော်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ပညာသင်ကြားနေသော ဒုတိယနှစ်ကျောင်းသူ မခင်မြတ်နိုး(ကင်းတားဆောင်)၏ ဖခင်အမည်မှန်မှာ ဦးငွေးကိုကို[၉/ပမန(နိုင်)၁၁၉၇၀၀]ဖြစ်ပါသည်။ **ဦးငွေးကိုကို**

STI MYANMAR UNIVERSITY

**Job Vacancies for Lecturers**

1. Lecturer in Civil Engineering — 10 posts (Full-time)
2. Lecturer in Architectural Engineering — 10 posts (Full-time)
3. Lecturer in Electrical Engineering — 10 posts (Full-time)
4. Lecturer in Electronic Engineering — 10 posts (Full-time)

Closing date: July 30th, 2015 — Job Type: Full-time
Interview date: August 7th, 2015 — (Attractive Compensation)

Candidates must have a degree/ postgraduate degree in a relevant subject and considerable experience and success.

*Detailed application with full particulars of qualification & experience should be sent to The Administrator,* **STI Myanmar University, Block-10, Phase-III, MICT Park, Hlaing University Campus, Yangon.**

**Email: stiedu@gmail.com**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် သံတွဲခရိုင်၊ မအီမြို့နယ်ရုံး၊ ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) (၄၄ပေ×၂၄ပေ×၁၁ပေ)+(၃၂ပေ×၂၀ပေ×၁၁ပေ)

၂။ စိတ်ဝင်စားသူ လုပ်ငန်းရှင်များအနေဖြင့် ဆောက်လုပ်မည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များပါဝင်သော အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံအား ရုံးချိန်အတွင်း ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်တွေမြို့တွင် လာရောက် ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံ စတင်ရောင်းမည့်ရက် - ၂၀-၇-၂၀၁၅ရက်
တင်ဒါပုံစံ ရောင်းချမှု နောက်ဆုံးရက် - ၁၀-၈-၂၀၁၅ရက်

၄။ အသေးစိတ် အချက်အလက်များအား သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က)ဖုန်း-၀၄၃-၂၂၆၅၁၊ ရုံးအဖွဲ့၊ ပြည်နယ်လူမှုရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့
(ခ)ဖုန်း-၀၄၃-၂၁၉၂၃၊ ပြည်နယ်ရုံး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊စစ်တွေမြို့
(ဂ)ဖုန်း-၀၄၃-၆၅၂၃၉၊ ခရိုင်ရုံး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သံတွဲမြို့

**တင်ဒါရွေးချယ်ကြီးကြပ်ရေးကော်မတီ**

**G.T.I ကျောင်းသားဟောင်းများဂေါက်သီးရိုက်ပြိုင်မည်**

G.T.I ကျောင်းပေါင်းစုံကျောင်းသားဟောင်းများစုပေါင်း၍ (၂၇)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၂၀ရက် (တနင်္လာနေ့) နံနက်(၇)နာရီ မှစ၍ ရန်ကုန်မြို့၊ ပြည်လမ်း၊ ကိုးမိုင်(မြန်မာဂေါက်ကွင်း)၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲ Sponsor အဖြစ် Fist Glass Industry Ltd(FGI)က ပံ့ပိုးဆောင်ရွက်မည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်လိုသူများသည် ဇူလိုင် (၁၉)ရက်၊ ညနေ ၄နာရီ နောက်ဆုံးထားပြီး ဦးခင်ဇေ(ရုံးအဖွဲ့မှူး)ဖုန်း-၀၁-၅၁၉၈၆၃၊ ၀၉-၈၆၂၆၈၈၅ သို့ စာရင်းပေးသွင်းနိုင်ပါသည်။

23 မဆလာ (ဟင်းခတ်အမွှေးအကြိုင်)
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။
အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၀၀၅၆၃၈၊ ၀၉၈၆၃၆၇၆၅၊ ၀၉၂၅၀၄၉၉၇၂၆

**Online Shopping** စတင်ပါပြီရှင်...
ဒေစီကျော်လင်း(ပွဲထိုင်ဇာ၊ ပိုးထည်)နှင့်
ပွဲထိုင်သုံး (ကျား/မ/ကလေး/လူကြီး)အဝတ်အထည်များကို
Face book လိပ်စာ - Daisy Kyaw Lin Wedding
Special Showroom တွင် မှာယူပါက
(ပြည်တွင်း/ပြည်ပ)အိမ်အရောက်ပို့ဆောင်ပေးပါမည်ရှင်။
လက်လီ လက်ကား
ဗညားဒလလမ်း
ယုဇနပလာဇာ ဒေစီကျော်လင်း
ဒေစီကျော်လင်း Special Showhouse
ဆက်သွယ်ရန် - ၀၁ ၅၅၂၀၄၇, ၂၀၁၅၃၆, ၂၀၁၉၅၃ ၊ ၀၉ ၉၇၀၁၄၃၂၇၃




**Total Skin Repair**

ဝက်ခြံ၊ တင်းတိပ်၊ မဲ့ခြောက်၊ မျက်နှာ အမာရွတ်ချိုင့်ခွက်နှင့် အရေးကြောင်းများ ပြုပြင်ရေး Center

ရန်ကုန် ဆိုင်ခွဲ(၁)။ ။ဘုရင့်နောင် တာဝါ 2(A) လှည်းတန်း
Ph:01-532183, 09-2053186

ရန်ကုန် ဆိုင်ခွဲ(၂)။ ။ရွှေအုန်းပင်အိမ်ရာ(၂)၊ ရန်ကင်း၊ ရန်ရှင်းလမ်းမကြီး၊
Ph:09-2000926

ရန်ကုန် ဆိုင်ခွဲ(၃)။ ။မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ ဝါဝါဝင်းကွန်ဒို၊ မောင်ဝိတ်ကွန်ဒိုနှင့် ကပ်လျက်၊ မင်္ဂလာတောင်ညွန့်။
Ph:01-393097, 09-91019264

ရန်ကုန် ဆိုင်ခွဲ(၄)။ ။တိုက် 24(B)၊ အခန်း(၀၀၂)၊ မြေညီထပ်၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်။
Ph:09-798807911, 798807912

ရန်ကုန် ဆိုင်ခွဲ(၅)။ ။အမှတ်(၁၁)C၊ မြေညီထပ်၊ ကျောက်ကုန်းလမ်းမ၊ အထက(၂)ကျောင်းဘေး၊ ရန်ကင်းမြို့နယ်။
Ph:09-798734478, 258304048

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြား ဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ် လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင် မည်ဟုယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

"ဩော်. . . ငါ့ညီကလည်း. . . စာရေးဆရာပီပီ စကားလုံးအကျကောက်ပြီး အနက်တွေ ထွေထွေထူးထူး ကောက်နေပြန်ပါပြီ၊ ကိုကြီးပြောတာက ဒီမှာ သူငယ်ချင်းတွေ ပြန်တိုက်တိုက်ဆိုင်ဆိုင် ကြုံကြရတာကိုပါ၊ အခု ဒီမှာ ကိုကြီးလည်းရှိတယ်၊ ဖိုးစံရွှေကြီးလည်းရှိတယ်၊ အတော်ပဲ . . . ဟိုမှာ ဖိုးစံရွှေ၊ ဟေး. . . ဖိုးစံရွှေ ဒီမှာ ဘယ်သူလဲ"

ဖိုးစံရွှေက လှမ်းကြည့်သည်။ ခေတ္တပါးစပ်ကြီးပြဲသွားပြီးနောက် မပြေးရုံတစ်မည် လှမ်းလာ၍ ကိုသက်ခိုင်၏လက်ကို အားရပါးရဆွဲနှုတ်ဆက်သည်။

"အစစ အလှအပ ရှိရဲ့နော် ကိုကြီး"

"အား. . . အစစ အလှအပ ရှိတယ်နော် ကိုကြီး၊ ဟားဟား. . . ဒီမှာသူငယ်ချင်း၊ ဘာလာလုပ်တာလဲ"

"စာမေးပွဲမေးခွန်းတွေ လာပို့တာပါ"

"ဟုတ်ပြီ. . . သူငယ်ချင်းတွေအားလုံး လာဆုံကြတာပဲ၊ ဒီမှာ. . . ထွန်းငွေကို မှတ်မိလား. . . မောင်ညိုမှိုင်းလေ၊ အေး ဟေး ဟေး. . . အံမာ သူက အခုသူ့ထက် ရှစ်နှစ်ကြီးတဲ့ ဇနီးအကြီးစားနဲ့ဗျ။ ပြီးတော့ ဘဲတွေရော၊ ကြက်တွေရော၊ ဝက်တွေရော အကောင်ပလောင်တွေ အစုံမွေးနေတယ်။ သူ့ဆီသွားရင် ဟင်းကောင်းကောင်း၊ လတ်လတ်ဆတ်ဆတ် လည်လျှိုး ချက်ကျွေးတယ်၊ ဘုရားစူး. . တကယ့်ကောင်ပဲ၊ အဟုတ်"

ဖိုးစံရွှေသည် ကိုသက်ခိုင်ကိုစကားဆက်ပြောခွင့်မပေး၊ ကွဲကွာနေသည်မှာ ကြာပြီဖြစ်သော သူငယ်ချင်းပီပီ သူပြောချင်ရာတို့ကို အားရပါးရမရပ်တမ်း မှုတ်လွှတ်နေတော့၏။ သူ ခေတ္တလေအပြတ်တွင်မှ ကိုသက်ခိုင်က ပြောရ၏။

"ဒီလိုဆို သိပ်ဟန်ကျတာပေါ့၊ကျွန်တော်က ကိုကြီးရီတစ်ယောက်ကိုပဲ တွေ့ရမယ်မှတ်တာ၊ အခုတော့ ခင်ဗျားရော မောင်ညိုမှိုင်းရော၊ မောင်ညိုမှိုင်းကိုတော့သိပ်တွေ့ချင်တယ်ဗျာ"

"တွေ့လိုက်ဦး၊ တွေ့လိုက်ဦး၊ သူက ခင်ဗျားကို ဟင်းချက်ကျွေးမှာပဲ၊ ဒီမှာ . . ခင်ဗျား မင်းဘူးဘက်လည်း ကူးသွားပါလား၊ ဟိုမှာ ဖိုးထင်ကျော်ကြီးက ရာဇဝတ်ဝန်ကြီးတဲ့နော်၊ ဘာမှတ်သလဲ၊ ဟင်း. . . ခြောက်လုံးပြူးကြီးနဲ့ မျက်နှာကြီးကလည်း ပြဲလို့၊ ဗိုက်ကြီးကလည်း ရွှဲလို့၊ ခန့်ခန့်ကြီးမှ တကယ့်ခန့်ခန့်ကြီး လူရေ့. . အဲဒါထက် တိုက်ဆိုင်ပုံက စောစောက ရန်ကုန်လေယာဉ်ပျံဆိုက်တော့ မောင်ရင့် ဟိုသင်း. . အဲ မောင်ရင့်. . ဟို. . . "

ဖိုးစံရွှေသည် သူ့သဘာဝ မဟုတ်စွာ စကားထစ်ငေါ့ဖြည်းလေးရပ်သွား၏။ "လေယာဉ်ဆိုက်တော့ . . ကျွန်တော့် ဘာလဲ. . ဆက်ဦးလေ"

ဖိုးစံရွှေက ဦးဘရီကို လှမ်းကြည့်သည်။ ဦးဘရီသည် ဖိုးစံရွှေသာ သတိပြုမိရုံ ခေါင်းကို ဆတ်ခနဲခါ၏။ ဖိုးစံရွှေသည် အတန်ကသိကအောက်ဖြစ်သွားပြီး စကားကို လှီးလွှဲဆိုသည်။

"ဟိုသင်းပါ. . အဲ. . ခင်ဗျား အသိထဲက ဖြစ်မလားမသိဘူး၊ ဆရာဝန်မလေးတစ်ယောက် တွေ့လိုက်လို့၊ နိုး. နိုး. . ခင်ဗျား အသိမဖြစ်နိုင်ဘူး၊ သူက အများကြီးဂျူနီယာကျတာပဲ၊ ကျွန်တော်နဲ့သာ သိတာ၊ အဲဒါ ပြောမလို့ပါ၊ ကဲ. . လေယာဉ်ပျံနှစ်စီးတောင် လွှတ်ပေးရဦးမယ်၊ အိုကေ. . သွားမယ်၊ ဆီးယူ"

ဖိုးစံရွှေသည် မသပ်မရပ် နှုတ်ဆက်ကာ အပါးမှ အဟုန်ပြင်းစွာနှင့် ထွက်ခွာသွား၏။ ကိုသက်ခိုင်ကသာ မကျေမနပ် မရှင်းမလင်းနှင့် ကျန်ရစ်သည်။ ဦးဘရီက ခွင့်လွှတ်စွာ ရယ်၍ ဆိုသည်။

"လာပါ ငါ့ညီ သွားကြစို့၊ စံရွှေကြီးအကြောင်းလည်း သိသားပဲ၊ သူက အချိန်အနည်းဆုံးမှာ စကားအများဆုံး ပြောချင်တော့ တစ်ခါတလေ ဘာဆိုလိုမှန်း မသိတော့ဘူး၊ ကဲ. . . သွားကြစို့"

မကျေနပ်လှသော်လည်း ကိုသက်ခိုင်သည် ဘာမျှ မတတ်နိုင်သဖြင့် သဘောတူသယောင် ခေါင်းညိတ်လိုက်ပြီး ကားဆီသို့ လိုက်လာခဲ့၏။

ဦးတင်မောင်လတ်မောင်းသော ဗောက်(စ်)ဟော(လ်) ကားဝါသည် လေယာဉ်ကွင်းမှ ထွက်၍ ရေနံချောင်း မကွေးလမ်းအတိုင်း မြို့တွင်းဆီသို့ ဦးတည်လာခဲ့သည်။

အစသော် လမ်းက အနည်းငယ် ကြမ်းကာ ဖုန်ထူသည်။ မြို့တွင်းဝင်မိ၍ အတန်ကြာသောအခါ လမ်းမှာ ပြေပြစ်လာပြီး တစ်ဖက်တစ်ချက်၌ မြင့်မားထွားကျိုင်းသမျှ အရိပ်ကောင်းသော တမာပင်ကြီးများကို တွေ့ရသည်။

ကိုသက်ခိုင်သည် နှုတ်ဆိတ်စွာ လိုက်ပါလာသောကြောင့် ဦးဘရီက မေးသည်။

"ဘယ့်နှယ်. . . ငြိမ်လှချေလား"

ကိုသက်ခိုင်က မဖြေသောအခါ ဦးမြသန်းက ထင်မြင်ချက်ပေးသည်။

"အင်း. . . မကွေးရာသီက ဆရာ့ကို ငိုက်မျဉ်းစေပြီနဲ့တူတယ်" သည်တော့မှ ကိုသက်ခိုင်က ဝန်ခံ၏။

"မကွေးရာသီနဲ့ ပတ်ဝန်းကျင်က ကျွန်တော့်ကို ငိုက်မျဉ်းစေရုံမကဘူး။ မြင်ဖူးခဲ့တဲ့ အိပ်မက်တစ်ခုကိုတောင် ပြန်မက်ခိုင်းနေတယ်လေ။"

ကိုသက်ခိုင်က ရိုးသားစွာ ဝန်ခံခြင်းပြုသော်လည်း ကျန်လူများက ဟာသတစ်ရပ်ထင်ကာ ပြိုင်တူရယ်မောကြသည်။

"အံ့ပါရဲ့ ဖိုးသက်ခိုင်လေး၊ ကိုကြီးဖြင့် အိုက်လွန်းလို့ စိတ်ပျက်နေတာ၊ ကိုယ့်ညီက အိပ်မက်တောင်မက်ချင်တယ်ဆိုတော့ ကောင်းကွာ၊ အင်းလေ. . စာရေးဆရာ ဆိုတော့ နေရာမရွေး အချိန်မရွေး စိတ်ကူးယဉ်နိုင်တယ် ထင်ပါရဲ့"

ကိုသက်ခိုင်က ပြန်မဖြေ။ သူ ပြောခဲ့သော စကားကိုသာ ပြန်စဉ်းစားနေမိသည်။

ဖြစ်ခဲ့ပြီး၍ လွန်လေခဲ့သော အကြောင်းတို့သည် လည်းကောင်း၊ မဖြစ်ဘဲနှင့် အစစ်ပမာ မြင်ရသော အိပ်မက်တို့သည် လည်းကောင်း နှစ်မျိုးလုံးသည် မရှိခြင်းသဘော၌ အတူတူပင် ဖြစ်ကြသည်။ နှစ်မျိုးလုံးသည် ဥပါဒ်ဒါန်ကိုလည်း ပေးလေတတ်သေးသည်။

ထိုစဉ် မော်တော်ကားက မကွေး ဥပစာကောလိပ်ရှေ့၌ ဆိုက်မိသည်။ ခပ်လှမ်းလှမ်းရှိ မြန်မာကုက္ကိုပင်ထက်မှ ဥသြငှက်သံက ကိုသက်ခိုင်က ဆီးကြိုနေလေသည်တကား။

**အခန်း–၃**

**နှင်းမြူရိပ်လျှင်**

အပြင်ဘက်တွင်မူ နွေဦး၏ ငွေလရောင်သည် ရွှန်းရွှန်းမြမြ ကျဆင်းနေသည်။ အခန်းတွင်း၌ကား လျှပ်စစ်မီးရောင်ကြောင့် ထိန်ဝင်းနေ၏။

"ဘယ့်နှယ် ကိုသက်ခိုင်. . . ခင်ဗျားပြောသလို ဖြစ်ရင် မြို့မှာ လူပြုပြင်လို့ နုလာရတဲ့ အယဉ်က တောမှာ ပေါက်တဲ့ သဘာဝပင်ကို အရိုင်းထက် သာတယ်လို့ ယူဆစရာတွေ ဖြစ်နေတော့ စာချိုးတွေနဲ့ မညီပါလား"

ဦးဘရီက ဆီးတော်သီးတစ်လုံးကို လက်ညိုးနှင့် လက်မကြား၌ ညှပ်ကိုင် စေ့စေ့ကြည့်ရင်း မှတ်ချက်ချသည်။

"ဒါတော့ ကိုကြီးရီ. . . လူနတ်မကျို၊ ကမ္ဘာလိုဖြင့် နဂိုမမှစ်၊ ကတ္တားနစ်သားစတဲ့ အရိုင်းကို အလေးပေး အမွှန်းတင်ထားတဲ့ ဦးပုည ရဲ့ ကဗျာသဘောမျိုးတွေ အရိုင်းစံပယ်မို့ ပစ်ပယ်၊ ပန်တောမဝင်တယ်။ ငွေသဇင်ကြုံမွှေးကို သူရွေးပြီထင်အားငယ်. . . ဆိုတဲ့ ကိုစောငြိမ်းရဲ့ တေးသဘောမျိုးတွေ၊ အဲဒီအနုပညာတွေမှာ ဆိုလိုတဲ့ အရိုင်းနဲ့ အယဉ်ရဲ့ အနက်အဓိပ္ပာယ်တွေနဲ့ ခုကျွန်တော် ပြောနေတဲ့ လူမှုသိပ္ပံရေးဆိုင်ရာ အရိုင်းနဲ့အယဉ်ရဲ့ အနက်အဓိပ္ပာယ်တွေကို မရောထွေးထိုက်ဘူးထင်တယ်"

ညစာ ထမင်းစားပွဲပြီးစ ကိုသက်ခိုင်တို့၏ စကားဝိုင်းမှ နိဒါန်းပင်ဖြစ်ပါသည်။

ဦးဘရီ၏ ချစ်ဇနီးမှာ ရန်ကုန်တွင် အလုပ်တာဝန်ကြောင့် တကွဲတပြားနေနေရသည်။ ဖြစ်သောကြောင့် သူ၏ အိမ်ဖော်တပည့်ကျော်ကြီးဦးဘနှင်း ချက်ကျွေးသော ထမင်း၊ ချဉ်ရည်ဟင်း၊ ဘဲဥကြော်တို့အား တရုတ်ဆိုင်မှ အစိမ်းကြော်၊ ဘဲကင်တို့နှင့် မြိန်ရှက်စွာ စားသောက်အပြီး အချိုဝိုင်း ထိုင်ရင်း စကားစမြည် ပြောဆိုနေကြခြင်းဖြစ်လေသည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


**ဒဂုံမြို့သစ်၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းမြို့နယ်**
များအတွင်း မြေဖို့ခြင်းလုပ်ငန်းများအား စက်ယန္တရားများဖြင့် ဈေးနှုန်းချိုသာစွာ ဝန်ဆောင်မှုပေးနေပါသည်။
**Ph:5001764**
**09-8619600**

**တိုက်ခန်းရောင်းမည်**
ယုဇနဥယျာဉ်မြို့တော်
ငုဝါလမ်း၊ (A),(5)လွှာ၊
ညှိနှိုင်း သိန်း(၁၃၀)
**Ph:09-421091346**

**ဖခင်အမည်မှန်**
ပဲခူးမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ပထမတန်း(B)မှ မောင်ဥက္ကာမောင်၏ ဖခင်အမည်မှန်မှာ ဦးဆောင်းထက်ဦး ဖြစ်ပါကြောင်း။
**ဦးဆောင်းထက်ဦး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
**အသိပေးကြေညာချက်**

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးစီးသည့် ရန်ကုန်တိုင်းဒေသကြီး(ရွာသာကြီး)နှင့် မန္တလေးတိုင်းဒေသကြီး (မြစ်ငယ်) တို့တွင် ကုန်းတွင်းဆိပ်များတည်ဆောက်၍ လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီသည် (၅.၁၁.၂၀၁၄)ရက်နေ့တွင် တင်ဒါလုပ်ငန်းစဉ် ပထမအဆင့်၌ အလားအလာရှိသော ကုမ္ပဏီ(၇)ခုအား ပဏာမရွေးချယ်ပေးခဲ့ပြီး ဒုတိယအဆင့်ဖြစ်သော ပဏာမဖြစ်နိုင်ခြေဆန်းစစ်ချက်များပါဝင်သည့် ကနဦးအဆိုပြုလွှာပုံစံပါ အချက်များကို ဆက်လက်ယှဉ်ပြိုင်စေခဲ့ရာ ကုမ္ပဏီ(၆)ခုမှ (၉.၁.၂၀၁၅)ရက်နေ့တွင် ကနဦးအဆိုပြုလွှာ တင်သွင်းခဲ့ကြပါသည်။

၂။ ၎င်းကနဦးအဆိုပြုလွှာများကို တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီမှ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စိစစ်ရွေးချယ်ခဲ့ရာတွင် အောက်ဖော်ပြပါ ကုမ္ပဏီ(၅)ခုမှာ ဒုတိယအဆင့်တွင် အလားအလာရှိသော လုပ်ငန်းဆောင်ရွက်လိုသူ ကုမ္ပဏီများအဖြစ် ရွေးချယ်ခံခဲ့ရပါသည်-

(က) KERRY Logistics Network
(ခ) Resources Group Logistics Co.,Ltd
(ဂ) KMA Shipping Co.,Ltd
(ဃ) Malikha Automobile Co.,Ltd
(င) UMG Logistics Co.,Ltd

၃။ အထက်ဖော်ပြပါ ရွေးချယ်ခံရသည့် ကုမ္ပဏီ(၅)ခုအနေဖြင့် တင်ဒါလုပ်ငန်းစဉ်တတိယအဆင့်ဖြစ်သော ပြည့်စုံသည့် အဆိုပြုလွှာ စာရွက်စာတမ်းများကို ဆက်လက်ယှဉ်ပြိုင် ပြုစုတင်ပြသွားရမည်ဖြစ်ပါသည်။

၄။ အဆိုပြုလွှာဖိတ်ခေါ်ခြင်း (မြန်မာ/အင်္ဂလိပ်)ပုံစံများကို ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၉၅-၁-၂၉၁၉၈၅၊ ၂၉၁၉၉၄တွင် ကုမ္ပဏီ၏ တရားဝင်စာဖြင့် (၂၀.၇.၂၀၁၅)ရက်နေ့မှစတင်၍ ငွေကျပ်(၁,၀၀၀,၀၀၀)(ကျပ် တစ်ဆယ်သိန်း တိတိ)ပေးသွင်းပြီး ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

၅။ အဆိုပြုလွှာများကို (၁၈.၉.၂၀၁၅)ရက်နေ့(၁၄:၀၀)နာရီ နောက်ဆုံးထား၍ ဒုတိယအထွေထွေမန်နေဂျာ(ထောက်ပံ့)၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော အဆိုပြုလွှာများကို လုံးဝ(လုံးဝ)လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ မြန်မာ့မီးရထားအနေဖြင့် ပေးပို့လာသော အဆိုပြုလွှာများအနက်မှ စီမံကိန်းအတွက် အရည်အချင်းပြည့်ဝပြီး အလားအလာရှိဆုံးသော လုပ်ငန်းဆောင်ရွက်လိုသူ(၂)ဦးကို ရွေးချယ်သွားမည်ဖြစ်ပါသည်။ စီမံကိန်းနှင့်ပတ်သက်၍ သိရှိလိုသည်များ ရှိပါက ဖုန်း-၉၅-၆၇-၇၇၀၀၅၊ ၇၇၀၂၅၊ ၇၇၀၂၄ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ Email လိပ်စာ kampi.leitui@gmail.com သို့လည်း မေးမြန်းစုံစမ်းနိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့မီးရထား
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

**"အခမဲ့ ဦးရေပြားပြဿနာဆွေးနွေးပွဲ"**
1. ဆံပင် ? ဘာကြောင့် ကျွတ်နေတာလဲ ?
2. ဆံပင် ? အကွက်လိုက် ကျွတ်နေတာလဲ ?
3. ဗောက် ? ဘာကြောင့် ကုလို့လည်းမပျောက်တာလဲ ?
4. ဦးရေပြား ပြဿနာများအားလုံးအကြောင်းသိချင်ပါသလား?
ဦးရေပြားပြဿနာအတွက်စိတ်ညစ်နေသူများနှင့်စိတ်ဝင်စားသော Salonပိုင်ရှင်များအားလုံး လာရောက်၍ မလေးရှားနိုင်ငံ ဦးရေပြားပညာရှင် INTERNATIONAL EDUCATOR MR.SAM ကိုယ်တိုင်ပြောကြားမည့် ပညာပေးဟောပြောပွဲနှင့် ဆွေးနွေးပွဲကို အခမဲ့တက်ရောက်နိုင်ပါသည်။
**ကြိုတင်စာရင်းပေးသွင်းရန်လိုအပ်ပါသည်။လူဦးရေကန့်သတ်ထားပါသည်။**
နေ့စွဲ : 20.07.2015 အချိန် : 9:00am to 12:30pm
ဆက်သွယ်ရန် - မပြည့်ပြည့် (INTERNATIONAL TIGER CO,Ltd.)
ပွဲကျင်းပမည့်နေရာ ; Fancy House hair beauty nail Academy
လိပ်စာ-အမှတ်(၅၆/B) ကမ္ဘာအေးဘုရားလမ်းမ၊ ချော်တွင်းကုန်းမီးပွိုင့်အနီး၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။ **Ph: 01-657855, 09-799492201**

**အများသိစေရန် အသိပေးကြေငြာခြင်း**
Glory Heyday Co.,Ltd သည်အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကုမ္ပဏီများမှတ်ပုံတင်ရုံးမှ(၂၁.၉.၂၀၁၁)နေ့ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၉၈၂/ ၂၀၁၁–၂၀၁၂)ဖြင့်တရားဝင်မှတ်ပုံတင်ပြုလုပ်ကာဝန်ဆောင်မှုလုပ်ငန်း၊ဥပဒေအကြံပေးလုပ်ငန်း၊သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊လမ်းတံတား၊ အဆောက်အဦးများနှင့် သက်ဆိုင်သောတန်ဘိုးမျှတအိမ်ရာ အစရှိသော ဆောက်လုပ်ရေးလုပ်ငန်းများကို ကိုယ်တိုင်တာဝန်ခံ ဆောင်ရွက်လုပ်ကိုင်လျှက်ရှိပြီး မည်သည့်ကုမ္ပဏီ အဖွဲ့အစည်းပုဂ္ဂိုလ်တစ်ဦးနှင့်မျှ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ ကိုယ်စားလှယ်လွှဲပေးခြင်း၊ တဆင့်ခံလုပ်ငန်းတာဝန်ပေးလုပ်ကိုင်ခြင်းများမရှိပါကြောင်းအများသိစေရန် သတိပေးကြေငြာအပ်ပါသည်။အကယ်၍ကုမ္ပဏီ၏ တရားဝင်ခွင့်ပြုချက်မရရှိပဲလုပ်ကိုင်ဆောင်ရွက်ထားသော လုပ်ငန်းများနှင့်ပတ်သက်၍ ကုမ္ပဏီမှတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ထပ်ဆင့်အသိပေးကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးသိန်းရွှေ (B.A, H.G.P, R.L)
တရားလွှတ်တော်ရှေ့နေ (စဉ်–၅၂၆၈)
အမှတ်(၄၅၂)၊သုတ(၂)လမ်း၊၄–ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်း
ဒေသကြီး။ ဖုန်း–၀၉–၅၁၈၄၈၉၃

## မြင်းမူမြို့တွင် ငါးသယံဇာတ ထိန်းသိမ်းရေး အသိပညာပေးဆွေးနွေး

**မြင်းမူ ဇူလိုင် ၁၇**

ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ ရွှေပြည်သစ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အသိပညာပေးဆွေးနွေးပွဲတွင် စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ညွန့်မေက စီးပွားဖြစ်ငါးမွေးမြူနိုင်သော နည်းလမ်းများ၊ ရေချို ရေငန် ငါးမွေးမြူရေး၊ ငါးသယံဇာတထိန်းသိမ်းရေး၊ တရားမဝင်ငါးဖမ်းခြင်းများ မဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီ ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရေး ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး လက်ထောက်ဦးစီးမှူး ဒေါ်စိုးစိုးနွယ်က ငါးမွေးမြူရာတွင်ဖြစ်ပွားတတ်သည့် ရောဂါများ၊ ရောဂါမဖြစ်ပွားစေရန် လိုက်နာဆောင်ရွက်ကြရမည့် နည်းလမ်းများနှင့် ကုသရေးနည်းလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ခရိုင်ဦးစီးမှူး ဒေါ်ညွန့်မေနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဖိုးခါး**

# လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် မျိုးစပါးများထောက်ပံ့

**စစ်တွေ ဇူလိုင် ၁၇**

တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးနှင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ဘင်္ဂလားပင်လယ်အော်၌ဖြစ်ပေါ်ခဲ့သော ဟွဒ်ဟွဒ်မုန်တိုင်း၏အရှိန်ကြောင့် စစ်တွေမြို့နယ်အတွင်း အနိမ့်ပိုင်းလယ်မြေများတွင် ပင်လယ်ဆားငန်ရေများ ဝင်ရောက်လာသဖြင့် စပါးများပျက်စီးခဲ့သည့် တောင်သူများအတွက် မျိုးစပါးထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်ရေးအတွက် သိပ္ပံနည်းကျစိုက်နည်းစနစ်များနှင့်အညီ လိုက်နာစိုက်ပျိုးကြစေရေးနှင့် မျိုးစပါးထောက်ပံ့ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပြီးနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းလှဖြူက အထွက်နှုန်းကောင်းသည့် ပုလဲသွယ်စပ်မျိုးစပါး စိုက်နည်းစနစ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဒုတိယပြည်နယ်ဦးစီးမှူး၊ စစ်တွေခရိုင်ဦးစီးမှူး၊ ပြည်နယ်မျိုးစေ့တာဝန်ခံ၊ မြို့နယ်ဦးစီးမှူးတို့က ဒေသမျိုးစပါး ၁၉၈ တင်းကို အနောက်စံပြရပ်ကွက်၊ စက်ရုံစုရပ်ကွက်၊ သင်္ဂနက်ကျေးရွာ၊ မန်စီကျေးရွာများမှ ကိုယ်စားလှယ်များထံသို့လည်းကောင်း၊ ဆားငန်ရေဝင်ရောက်ခဲ့သည့် အနိမ့်ပိုင်းလယ်မြေများအတွက် မျိုးစပါး ၁၂၄၅ တင်းကို သက်ဆိုင်ရာကျေးရွာများမှ တောင်သူကိုယ်စားလှယ်များထံသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရခိုင်ပြည်နယ်(ပြန်/ဆက်)**

# စားကျက်ဖွံ့ဖြိုးရေး အသိပညာပေးဟောပြောပွဲနှင့် မြက်ပျိုးပင်များ ဖြန့်ဝေ

**ကလေးဝ ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် စားကျက်ဖွံ့ဖြိုးရေး လုပ်ငန်းအသိပညာပေး ဟောပြောခြင်းနှင့် ကျွဲ၊ နွားများအတွက် နေပီယာမြက်မျိုး ပျိုးပင်ကိုင်းဖြတ်များ ဖြန့်ဖြူးပေးခြင်းကို ကလေးဝမြို့နယ် ပန်းချီစုကျေးရွာနှင့် မထုကျေးရွာတို့တွင် ဇူလိုင် ၁၄ ရက်က ကျင်းပခဲ့သည်။

အဆိုပါအသိပညာပေး ဟောပြောပွဲတွင် ကလေးဝမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌကိုယ်စား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်သန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ ဦးတင့်လွင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာမိုးကျော်နိုင်က စားကျက်ဖွံ့ဖြိုးရေး၏ ရည်ရွယ်ချက်များကို ဆွေးနွေးခဲ့သည်။

ယင်းအပြင် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်သန်းက စားကျက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံခြားမြက်မျိုး နေပီယာမြက်မျိုး၏ အကျိုးတရားများနှင့် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆွေးနွေးရှင်းလင်းခဲ့သည်။

ကလေးဝမြို့နယ် မြေသာကျေးရွာအုပ်စု ပန်းချီစုကျေးရွာတွင် တက်ရောက်လာကြသော တောင်သူဦးကြီးများအား မြက်မျိုးကိုင်းဖြတ်နှင့်ပျိုးပင်ပေါင်း ၁၇၀၊ မထုကြီးကျေးရွာအုပ်စု မထုကျေးရွာတွင် မြက်မျိုးကိုင်းဖြတ်နှင့် ပျိုးပင်ပေါင်း ၆၅ ပင်တို့ကို ဖြန့်ဝေပေးပြီး လက်တွေ့စိုက်ပျိုးခဲ့ကြသည်။

ယင်းအပြင် ၂၀၁၅-၂၀၁၆ ခုနှစ် ကလေးခရိုင်အတွင်း မိုးသီးနှံစိုက်ပျိုးရန် လျာထားဧကများပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်နိုင်ရေးအတွက် စိုက်/ကြပ်နယ်မြေများ ခွဲဝေ၍ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**



## တောင်သူများ မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ပိုးသတ်ဆေးသုံးစွဲမှုစနစ်တကျရှိရေး ပညာပေးဟောပြော

**ပေါက် ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် သမားတော်ကျေးရွာအုပ်စု မြင်းခြံကုန်းကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော တောင်သူများ မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ပိုးသတ်ဆေးသုံးစွဲမှု စနစ်တကျရှိရေး ပညာပေးဟောပြောပွဲကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့တာဝန်ခံ ဒေါ်မိမိချို၊ ပိုးမွှားရောဂါတာဝန်ခံ ဒေါ်မော်မော်ဝင်း၊ မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်မာသန်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးရန်နိုင်ဝင်းနှင့် မြေမျိုး၊ ပိုးတာဝန်ခံများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ဆွေနှင့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသောတောင်သူများ စုစုပေါင်းအင်အား ၂၀၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မျိုးစေ့တာဝန်ခံ ဒေါ်မိမိချို၊ ပိုးမွှားရောဂါတာဝန်ခံ ဒေါ်မော်မော်ဝင်း၊ မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်မာသန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ဆွေတို့က ဖိတ်ကြားထားသောတောင်သူများအား မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ပိုးသတ်ဆေးသုံးစွဲမှုစနစ်တကျရှိရေးတို့ကို ပညာပေးဟောပြောခဲ့သည်။

**ဉာဏ်တိုး(ပေါက်)**


ဝင်းညွှန့်ညွှန့် စိန်ရွှေရတနာဆိုင်

ပစ္စည်းများအားလုံးကို ဒစ်ဂျစ်တယ်ရွှေရည်စမ်းသပ်စက်ဖြင့် စမ်းသပ်ထုတ်လုပ်ထားသောဆန်းသစ် လှပသည့် စက်ဒီဇိုင်း၊ လက်ဒီဇိုင်း ၁၅`ရည်၊ ၁၆`ရည် ရွှေရည်ပြည့် ရွှေထည်ပစ္စည်းများ၊ စိန်ထည်ပစ္စည်းများကို ထုတ်လုပ်ရောင်းချပေးနေပါသည်။ ဝယ်ယူအားပေးကြသော မိတ်ဟောင်း၊ မိတ်ဆွေသစ်များကို အလျှော့တွက်လက်ခ သက်သာစွာဖြင့် ရောင်းချပေးနေပါသည်။

**ဝယ်ယူအားပေးသော မိတ်ဟောင်းမိတ်သစ်များအား ကျေးဇူးအထူးတင်ရှိပါသည်။**

အမှတ် (၅၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၊ ၀၁-၅၃၆၁၀၀၊ ၅၃၉၅၁၂၊ ၅၂၃၈၁၈



KMD

LCCI

ဆရာဦးသန့်ဇော်ဦး ကိုယ်တိုင်သင်ကြားသော

LCCI Level I, II, III (စာရင်းကိုင်သင်တန်းများ)

- Level 1 & 2 Book Keeping and accounts Course ကိုသင်ကြားပေးပါမည်။
- မေးခွန်းဟောင်းများကို အခမဲ့ ပြန်လှန်သင်ကြားပေးပြီး Exam အောင်မြင်သည်အထိ တန်းခွဲသစ်များသို့ ပြန်လည်တက်ရောက်သင်ကြားခွင့်ပေးပါမည်။
- Level 3 သင်တန်းပြီးဆုံးပါက KMD တွင် On Job Training ဆင်းနိုင်ပြီး၊ အလုပ်သင် စာရင်းကိုင်အဖြစ် အရည်အချင်းပြည့်မီပါက လုပ်ငန်းခွင်ဝင်နိုင်အောင် လုပ်ဆောင်ပေးပါမည်။

Nov Exam Series (မြေနီကုန်း)

5 - Aug - 2015 (1pm - 3pm) (Tue, Wed, Thu, Fri)

သင်တန်းပြီးသူတိုင်းအတွက် MYOB နှင့် Excel in Business Application သင်တန်းများအတွက် Discount ခံစားခွင့်ရရှိနိုင်မည့်အခွင့်အရေး

ISO

၃၃၁၊ ပြည်လမ်း၊ မဟာမြိုင်ကားမှတ်တိုင်အနီး။ ☎ ၅၂၇၄၃၆၊ ၅၃၄၁၇၀



ကျောက်တော်မြို့နယ်အသင်း(ရန်ကုန်)

(၃၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ

ကျောက်တော်မြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ၁၉-၇-၂၀၁၅ ရက် (အာဇာနည်နေ့၊ တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီတွင် ဗားကရာကျောင်းတိုက်၊ ကိုးထပ်ကြီးဘုရားအနောက်ဘက် ဟံသာဝတီဘုန်းတော်ကြီးကျောင်းတွင် ကျင်းပမည်ဖြစ်ရာ ကျောက်တော်နွယ်ဖွားများ မိသားစုနှင့်တကွ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ဝန်ကြီးရုံး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် အသုံးပြုရန်လိုအပ်သော စက်ဆီချောဆီတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလွှာများကို ၂၄-၇-၂၀၁၅ရက် ညနေ ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရပါမည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာများတွင် ရုံးချိန်အတွင်း (၁)စောင်လျှင် ကျပ် ၅၀၀၀/-(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**ဝန်ကြီးရုံး၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၀၁၁၊ ၀၆၇-၄၃၁၀၀၂**



PHYATHAI INTERNATIONAL HOSPITAL 3

ဖယာထိုင်း (၃) နိုင်ငံတကာ ဆေးရုံကြီးမှ နှလုံးရောဂါကု သမားတော်ကြီးနှင့် အထွေထွေ ရောဂါကုသမားတော်ကြီးတို့သည် Pan Asia Medical Services Co.,Ltd သို့ လာရောက်၍ ကျန်းမာရေးဆိုင်ရာများကို ပြောကြားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများအနေနှင့် ကြိုတင်စာရင်းပေးသွင်းတက်ရောက်ဆွေးနွေးနိုင်ပါသည်။

နေ့ရက် - ၂၈-၇-၂၀၁၅ ၂၉-၇-၂၀၁၅
အချိန် - မွန်းလွဲ ၂း၀၀ နာရီမှ ၅း၀၀ နာရီထိ
ယခုမှစ၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။
Myanmar Agent, Pan Asia Medical Services Co.,Ltd.
အမှတ်-၁၇၄၊ အနော်ရထာလမ်းနှင့် ၁၅ လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁ ၁ ၂၂၁၅၅၄၊ ၀၉၄၃၁၈၈၁၈၈၊ ၀၉ ၂၅၀၆၁၇၅၈၁
အီးမေးလ် ၊ pams.phyathai@gmail.com

SONY

XPERIA E4 Dual




New Model
Selling Price
145,000Ks

Display
5.0" qHD IPS screen

Camera and Video
5MP AF + Flash & 2MP Front Camera

Dual Sim
Available Colors

FREE GIFTS Silicon Back Cover + Screen Guard

XPERIA M4 Aqua




New Model
Selling Price
299,000Ks

Durability & Design
IP65/IP68 waterproof & dust tight

Display
5" 720P HD IPS Display

Dual Sim
Available Colors

FREE GIFTS Silicon Back Cover + Screen Guard

XPERIA C4 Dual




New Model
Selling Price
369,000Ks

Camera and video
13MP Exmor RS Rear + Flash
5MP Exmor R Front 25mm wide angle + Flash

Display
5.5" Full HD IPS Display

Dual Sim
Available Colors

FREE GIFTS Silicon Back Cover + Screen Guard

"အမြို့ မြို့အနယ်နယ်ရှိ Wai Yan Electronics နှင့် Sony Official Dealers ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။"

Official Warranty by: TMW Enterprise Limited

SONY SHOWROOM YANGON: ■ Yaw Min Gyi, Tel: 01-245311 ■ Kabar Aye, Tel: 01-546006, 401416 ■ Gamone Pwint, Tel: 09-73119900 ■ Bo Aung Kyaw, Tel : 01-398566, 256620, 246513
SONY SHOWROOM MANDALAY: ■ Chan Aye Thar Zan Township. Tel: 02-72580~4 ■ Yadanarpon Diamond Plaza. Tel: 09-91008417
SONY SHOWROOM NAY PYI TAW: ■ Thiri Yadanar Hyper Market. Tel: 067-420791, 420966 WHOLE SALES / DISTRIBUTION : Tel: 01- 554708



**ကားဂိတ်အခန်းရောင်းမည်**

အောင်မင်္ဂလာအဝေးပြေးဂိတ်၊ ဒဂုံလမ်းမတန်း(ဆ/၄)၊ (ဆ/၅) ၂ ခန်းတွဲ။ **ဖုန်း-၀၉ ၅၀၅၈၃၁၁၊ ၀၉-၂၆၁၀၀၄၀၂၈**



AD Car Rental 01-394711 09-253991233

မြို့တွင်းမြို့ပြင် ကားငှားဝန်ဆောင်မှုလုပ်ငန်း

ကားအသုံးပြုလိုသောပုံစံအတိုင်းကျွမ်းကျင်သော ယာဉ်မောင်းများဖြင့်ဝန်ဆောင်မှုပေးနေပါသည်။

ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။



ကား မျိုးစုံ

(Alphard/Crown/MarkII/အနိတတုံ/Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။

Ph : 09795549249, 095418126


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) ၆၀/၇၀ လမ်းခင်းကတ္တရာ (၄၆၀၀)တန်
(ခ) Asphalt Concrete Plant (1)Set
(ဂ) Nikon Camera(D-3200) (၁၆)လုံး

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၄-၇-၂၀၁၅ ရက် ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**


Topsyne® HERBAL CREAM

အရည်အသွေးမြင့် ဘူးဒီဇိုင်းအသစ်

ပန်းပွင့်ပုံဘူးအသစ်တစ်မျိုးတည်းအတွက်သာ

သုံးစွဲသူများ အတွက် အထူးကံစမ်းမဲ

( 15.5.2015 - 15.3.2016 )

1,000,000 ကျပ် (1) ဆု
400,000 ကျပ် (2) ဆု
300,000 ကျပ် (2) ဆု
100,000 ကျပ် (5) ဆု
50,000 ကျပ် (10) ဆု
20,000 ကျပ် (20) ဆု




မျက်နှာအသားအရေ၏ အစိုဓာတ်ကို ကြာရှည်ထိန်းပေးထားနိုင်စွမ်း ရှိသောကြောင့် ရေရှည်သုံးစွဲပေးပါက အရေးအကြောင်းဖြစ်ခြင်း ၊ ချွေးပေါက်ကျယ်ခြင်းကို ကာကွယ်ပေးနိုင်၍ ရှိရင်းစွဲအရွယ်ထက် နုပျိုစေနိုင်ပါသည်။ နေရောင်ခြည်ဒဏ်ကို နှစ်ဆ ကာကွယ်ပေးနိုင်၍ တင်းတိတ်၊ မှဲ့ခြောက်ဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်ပါသည်။ လိမ်းထားစဉ် မိတ်ကပ်လိမ်းထားမှန်း မသိသာဘဲ သဘာဝအလှအတိုင်း ဝင်းပနေစေပြီး အဆီပြန်ခြင်း ကင်းစေပါသည်။

သတ်မှတ်ကာလအတွင်း ကံစမ်းမဲစာရွက်များကို ပြည့်စုံစွာဖြည့်စွက်ပြီး ကျေးဇူးပြု၍ ကံစမ်းမဲစာရွက်တွင်ပါသောလိပ်စာအတိုင်း ပြန်ပို့ပေးရန်

Apple Production Co., Ltd. - (01) 581391, 581844, 581886 (09) 86 18081 , 49 316408


## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားစနစ်ဌာန၊ ဓာတ်အားခွဲရုံများအတွက် လိုအပ်သော Underground Cable with Armoured နှင့် Security Light များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၀-၇-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက် - ၇-၈-၂၀၁၅ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

**မူးယစ် ကင်းစင် အလှဆင်**

**မူးယစ် ဆိုက ဆန့်ကျင်ကြ**


PRO1 HOME CENTER
"One Place, Get All"
မိုးရာသီ အထူး ဈေးရောင်းပွဲတော်
July 20th to Aug: 10th
Lighting & Home Appliances
20%Off
Buy 100,000/-Ks Get
Buy 50,000/-Ks Get
Buy Get
145,000/-Ks 137,500/-Ks
194,000/-Ks 184,500/-Ks
122,000/-Ks 116,000/-Ks
8% Off
41,300/-Ks 38,000/-Ks
30,000/-Ks 27,600/-Ks
22,000/-Ks 20,300/-Ks
14,000/-Ks 12,900/-Ks
29,000/-Ks 26,700/-Ks
67,000/-Ks 60,000/-Ks
Ceramics
Doors
10%Off
5%Off
Sanitary Ware
187,500/-Ks 150,000/-Ks
336,000/-Ks 302,400/-Ks
210,000/-Ks 189,000/-Ks
129,000/-Ks 116,100/-Ks
77,900/-Ks 70,110/-Ks
71,500/-Ks 64,350/-Ks
69,500/-Ks 62,550/-Ks
53,600/-Ks 48,240/-Ks
အိမ်အမိုးပြားများ၊ အိမ်သုတ်ဆေးနှင့် စာတုဗေဒပစ္စည်းများ၊ ရေရပ်စက်များနှင့် အခြားဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အားလုံးကိုလည်း Promotion ပေးနေပြီနော် . . .
Yangon Branch - No.76, Lanthit Street, Near Arlein Ngar Sint Pagoda, Insein Tsp., Yangon. Ph: 01-9640100, 9640110, 647730, 644832, 09-5158077, 09-36001188, 09-5071115, 09-5170065
Mandalay Branch - Ma-8/6, Theik Pan Road, Between 62nd & 63rd, Chan Mya Tharsi Tsp., Mandalay. Ph: 02-24134, 23417, 23972, 23775, 62731, 09-250894668, 09-250894669
Website : www.pro1-homecenter.com
Email : pro1myanmarhomecenter@gmail.com
Facebook : PRO 1 HOME Center


HONDA | NCX
THE NEW HONDA
Dream 125
အိပ်မက်သစ်တစ်ခုပြန်လည်
ဆန်းသစ် မွေးဖွားလာခြင်း
ခေတ်သစ် တစ်ခု ပြန်လည် ဆန်းသစ်ပြောင်းလဲခြင်း
ခေတ်အဆက်ဆက်ရဲ့ ကျော်ကြားမှု Honda Dream 125 ဆိုင်ကယ်အသစ် တစ်ဖန်ပြန်လည်ဆန်းသစ် မွေးဖွားလာပါပြီ။ အဆင့်မြင့်နည်းပညာသုံးအင်ဂျင်၊ နိုင်မာစွမ်းရည်ရှိသော အဆင့် ၂ ဆင့်ပါမောက်ရှော့ဘား၊ စတိုင်ကျလှပသော စတစ်ကာ၏ ဖွဲ့စည်းမှု၊ အမြင်ထူးခြားဆန်းသစ်သော မြန်နန်းပြုံင်ရှက် တို့ကိုဝမ်းနားတဲ့ ဒီဇိုင်းများနဲ့ ပေါင်းစပ်ထားပြီး ဂုဏ်အဆင့်အတန်းမြင့်မားတဲ့ Honda Dream 125 ကို မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ဝယ်ယူရရှိနိုင်ပါပြီ။ ထိုင်းနိုင်ငံ၏ Honda စက်ရုံမှ အရည်အသွေးကို ထိန်းသိမ်းပြီးစစ်ကြပ်မတ် ထုတ်လုပ်ထားတာဖြစ်လို့ Honda NCX ကုမ္ပဏီက ၃နှစ်အထိ အာမခံပေးထားပါတယ်။
နိုင်ငံတစ်ဝှမ်းမှ Honda NCX အရောင်းပြခန်းတွေမှာ ခေတ်သစ်အတွက် တစ်ခေတ်ဆန်းခဲ့တဲ့ ထူးခြားမှုသစ်များကို အခုပဲခံစားကြည့်လိုက်ပါ။
ထူးခြားစွာ စတိုင်ကျ လှပသော ဒီဇိုင်း
သက်တောင့်သက်သာ ရှိသော ဒီဇိုင်း
အင်ဂျင် နှင့် အရှည်ခံကိုင်ခံသော Honda၏ နည်းပညာ
HONDA
SERVICE
NCX MYANMAR CO., LTD.
NCX MYANMAR ဆိုင်ခွဲ










## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆင်းရဲမှုလျှော့ချရေးအပိုင်း(၁)(MY-P1)အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းများ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တည်ဆောက်လျက်ရှိသော သမရိုးတံတား၏ အပေါ်ထည် (Steel Plate Girder)နှင့် ဆက်စပ်ပစ္စည်းများအား ဝယ်ယူရန် တင်ဒါခေါ်ယူလိုပါသည်။

တင်ဒါတင်သွင်းသူသည် -

- မြန်မာနိုင်ငံအတွင်းတွင် Steel Plate Girder ထုတ်လုပ်သည့်ကုမ္ပဏီ/စက်ရုံရှိရမည်။ တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်သည့် အတွေ့အကြုံရှိရမည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂၀-၇-၂၀၁၅ရက်မှ ၂၇-၇-၂၀၁၅ရက်အထိ

၃။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် - ၂၆-၈-၂၀၁၅ရက်၊ ၁၆း၃၀နာရီ

၄။ တင်ဒါဖွင့်မည့်ရက် - ၃၁-၈-၂၀၁၅ ရက်

၅။ တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ် တစ်သောင်းငါးထောင်နှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**
**လမ်းဦးစီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၀၇၄၆၈**

## သမဝါယမဝန်ကြီးဌာန
## ရုံးသုံးစက်ကိရိယာဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမဝန်ကြီးဌာန၊ သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၊ ဘွဲ့နှင်းသဘင်ခန်းမတွင် တပ်ဆင်အသုံးပြုမည့် Sound System Complete Set(၁)စုံကို မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-


တင်ဒါပုံစံရောင်းချမည့်ရက် - ၂၀-၇-၂၀၁၅ရက်မှ ၂၄-၇-၂၀၁၅ရက်အထိ
- နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း

၂။ အိတ်ဖွင့်တင်ဒါများကို ၁၀-၈-၂၀၁၅ရက် ၁၂း၀၀နာရီမှ ၁၃း၀၀နာရီအတွင်း သမဝါယမဝန်ကြီးဌာန၊ ရုံးအမှတ်(၁၆)၊ နေပြည်တော်တွင် တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပြီး ၁၃း၀၀နာရီတွင် တင်သွင်းသူများရှေ့မှောက်၌ တစ်ပါတည်းဖွင့်ဖောက်စစ်ဆေးမည်ဖြစ်၍ သတ်မှတ်ရက်၊ အချိန်ထက် ကျော်လွန်တင်သွင်းသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**သမဝါယမဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**ရုံးအမှတ်(၁၆)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၃၃၇**



## စတုဘုမ္မိက(ငှက်တွင်းဂိုဏ်း) သာသနာထွန်းကားရေးအတွက် သာသနာပြုပုဂ္ဂိုလ်တစ်ပါးပေါ်ထွန်းလာခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

## ဒေါက်တာအရှင်ဝိစိတ္တ (ထီးချိုင့်ဆရာတော်)

သာသနဓဇဓမ္မာစရိယ၊ BA.MA.Ph.D (Buddhism)India (မာဂဓတက္ကသိုလ်)သည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ရွာဝ စတုဘုမ္မိက မဟာသတိပဋ္ဌာန်ကျောင်းတိုက်တွင် ပဓာနနာယကဆရာတော်အဖြစ် ၁၂-၇-၂၀၁၅နေ့မှစ၍ သီတင်းသုံးနေထိုင်ပြီး ပရိယတ္တိ ပဋိပတ္တိသာသနာပြုလုပ်ငန်းများကို ဆောင်ရွက် တော်မူမည့်အကြောင်းကြားသိရပါသဖြင့် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ရွှေမင်းဝံငှက်တွင်းဆရာတော်ဘုရားကြီး၊ နံယောဆရာတော် ကြီးများ၏ ဥပနိဿယ ညွှန်ကြားပြသတော်မူမှုများကိုလည်းကောင်း၊ ဂိုဏ်းချုပ်ဆရာတော်ကြီး **"ဘဒ္ဒန္တခေမိန္ဒာစာရ"** စတုဘုမ္မိကကျောင်းတိုက်(၅၃)လမ်း၊ ရန်ကုန်မြို့၏ ညွှန်ကြားပြသတော်မူမှုများ ကိုလည်းကောင်း၊ ဦးထိပ်ပန်ဆင်နိုင်သည့် သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူးတစ်ပါးအဖြစ် ဗုဒ္ဓကျေးဇူးတော်များကို ပေးဆပ်နိုင်ပြီး ဆရာကောင်းတစ်ဦးအဖြစ် တပည့်သာဝကအပေါင်းတို့အား နည်းကောင်းညွှန်ပြဆုံးမပေး၍ သာသနာပြုရာ၌ အထောက်အကူပြု လိုအင်ဆန္ဒများလည်း ပြည့်စုံနိုင်ပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဆရာတော်ဦးကောဝိဒ(ကျောက်ရေတွင်း)**

**ပဓာနနာယကဆရာတော်(နယ်လှည့်သာသနာပြု) ဝိဇ္ဇာမဂ္ဂင်ဘိုးဘွားဓမ္မရိပ်သာကျောင်းတိုက်နှင့် တပည့်ယောဂီသာဝကများ**






## ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၉၄) သီဟတပ်ခွဲကျောင်းဆင်းအရာရှိများသို့

ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၉၄) ကျောင်းဆင်းအရာရှိများ၏ (၂၆-၇-၂၀၁၅)ရက်နေ့တွင် ကျရောက်သည့် (၁၉)နှစ်မြောက် နေ့ထူးနေ့မြတ်မှာ ဆွမ်းကပ်အလှူနှင့် မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်၍ တက်ရောက်ပေးကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**နေ့ဆွမ်းအလှူ နှင့် အာစရိယပူဇော်ပွဲ**
၂၅-၇-၂၀၁၅ (စနေနေ့)နံနက်(၀၉း၃၀)နာရီ ၊ဘုရားကြီးတောရကျောင်း သာသနာ့ဗိမ္မာန်တော်၊ ပန်းခင်းလမ်း၊ နေပြည်တော်

**လျှပ်တစ်ပြက်ဂေါက်သီးရိုက်ပြိုင်ပွဲ**
၂၅-၇-၂၀၁၅ (စနေနေ့) မွန်းလွဲ (၁၃း၀၀)နာရီ၊ ရေပြာဂေါက်ကလပ်၊ နေပြည်တော်

**မိတ်ဆုံညစာစားပွဲ**
၂၅-၇-၁၅ (စနေနေ့) ည (၁၉ း၀၀)နာရီ မြနန်းယုံဟိုတယ်ခန်းမ၊ နေပြည်တော်

**တက်ရောက်နိုင်ခြင်းရှိ/မရှိ အောက်ပါဖုန်းနံပါတ်တစ်ခုခုသို့ ပြန်ကြားပေးပါရန်။**

| | | | |
|---|---|---|---|
| စိုးဝင်းအောင် | ၀၉ ၈၆၂၃၉၃၅ | ဝေလွင် | ၀၉ ၂၀၃၀၁၈၉ |
| မင်းနိုင်ထွန်း | ၀၉ ၅၁၈၆၄၇၆ | အောင်ဇော်မိုး | ၀၉ ၅၁၈၂၄၅၆ |
| မျိုးခိုင် | ၀၉ ၅၁၉၁၀၄၀ | မိုးကျော်သူ | ၀၉ ၇၉၇၈၀၀၇၈၉ |



# အောင်ကောင်းစိုး 2015-2016

အထွေထွေသိစရာ မှတ်စရာ ဗဟုသုတမှတ်စု ဝင်ခွင့်စာမေးပွဲ ဖြေဆိုသူတိုင်းအတွက်

နဝမအကြိမ် (မဟာဘွဲ့ရတစ်ဦး)

**အောင်ကောင်းစုံ အထွေထွေ သိစရာ မှတ်စရာ ဗဟုသုတမှတ်စု စာအုပ်သာ သီးသန့်ထုတ်ဝေပါသည်။ ဝင်ခွင့် သင်တန်းများ ဖွင့်လှစ်ထားခြင်းမရှိပါ။**

**ဧကာရီစာပေ**
C/၃၄၊ နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုံး– ၀၉၇၃၀၅၁၁၁၄၊ ၀၉၅၁၂၉၆၇၀၊ ၀၉၅၅၀၁၁၅၄



## အထူးသတင်းကောင်း

အရိုး၊ အဆစ်၊ အကြော အထူးကုဆရာဝန်ကြီးသည် ရန်ကုန်မြို့သို့ ၂၀၁၅ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် (စနေနေ့)တွင် လာရောက်မည် ဖြစ်ပါသည်။ ဒူးဆစ်၊ ပေါင်ဆစ်နာကျင်သူများ၊ လှုပ်ရှားရန် ခက်ခဲသူများ၊ အရိုး၊ အကြော၊ အဆစ် ဝေဒနာရှိသူများ "အခမဲ့" လာရောက်တိုင်ပင်ဆွေးနွေးနိုင်ပါသည်။ လူဦးရေကန့်သတ်ထားပါသည်။

Zaw Maung Medical Services

**ဖုန်းနံပါတ်-** 01-527930, 09-5154047, 09-73191864, 09-799682058, 09-795367296, 09-976508432



## ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းခွင်တွင် စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းရယူလိုများအတွက် ဗြိတိန်နိုင်ငံ Northampton University မှ BA (Hons) International Tourism Management ဘွဲ့ကို ပြည်တွင်းတွင်ပထမဆုံးဖွင့်လှစ်မည်။



အရှိန်အဟုန်ဖြင့်ပြောင်းလဲလာသောမြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများတွင် ဟိုတယ်နှင့်ခရီးသွားလာရေးနယ်ပယ် တိုးတက်လာသည်နှင့်အညီ အဆိုပါနယ်ပယ်တွင်ပံ့ပိုးပေးနိုင်သော ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာပညာရှင်အမြောက်အမြားလိုအပ်လျက်ရှိပါသည်။

အချက်အလက်များအရ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ပြည်တွင်းသို့လာရောက်လည်ပတ်ခဲ့သောဧည့်သည် ၃သန်းကျော်ရှိခဲ့ပြီး ၂၀၁၆ တွင် ၅သန်းသို့ တိုးမြှင့်ရန်စီစဉ်နေသည်မှာ အမှန် ပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း နိုင်ငံတကာမှဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများနှင့် အတူ အနာဂတ်အခွင့်အလမ်းများ ပေါ်ထွက်လျက်ရှိရာ အဆိုပါအခွင့်အလမ်းများကိုအရယူနိုင်ရန်အတွက် ဗြိတိန်နိုင်ငံ Northampton University မှတိုက်ရိုက်ပေးအပ်သည့် BA (Hons) International Tourism Management ဘွဲ့ကို ပြည်တွင်းရှိ Myanmar Imperial College တွင်ပထမဆုံးအနေဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိပါသည်။

အဆိုပါ BA ဘွဲ့ကို အချိန်ကာလ ၂နှစ်ခွဲအတွင်း ရယူနိုင်ပြီး ပြည်တွင်းပြည်ပမှ အဆင့်မီဆရာများနှင့်တကွ လက်တွေ့လုပ်ငန်းများပါပူးတွဲ၍ ပြည်တွင်းပြည်ပရှိ 5 Stars ဟိုတယ်ကြီးများ၊ ခရီးသွားဆိုင်ရာလုပ်ငန်းများနှင့် စားသောက်ဆိုင်လုပ်ငန်းများနှင့်ပါချိတ်ဆက်သင်ကြားပေးသွားမည်ဖြစ်ပါသည်။

ဗိုမိုကောင်းမွန်သည့် အနာဂတ်အခွင့်အလမ်းများကိုရယူလိုသူများ၊ မြန်မာနိုင်ငံ၏ဟိုတယ်နှင့် ခရီးသွားလာရေးနယ်ပယ်တွင်လို အပ်လျက်ရှိသည့်ထူးချွန်ကျွမ်းကျင်သောအနာဂတ်ခေါင်းဆောင်ဖြစ်လိုသူများတက်ရောက်သင်ပြီးပြီးဆုံးအောင်မြင်ပါက မြန်မာနိုင်ငံ၏ဟိုတယ်နှင့်ခရီးသွားလာရေးနယ်ပယ်အားနိုင်ငံတကာအဆင့်အတန်းမှီ ကျွမ်းကျင်စွာစီမံခန့်ခွဲနိုင်မည်ဖြစ်ပါသည်။

အဆိုပါ Bachelor ဘွဲ့ကိုတတ်ရောက်လိုသောကျောင်းသူ၊ ကျောင်းသားများအနေဖြင့် MIC, Myanmar Imperal College, Inya Campus , အမှတ်၆၂/C၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်းနံပါတ်- 0973210001/ 094211 00222 သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။





တစ်မိနစ်
၂၃
ကျပ် ဆိုတော့ အရင်ထက်
ဖုန်းပိုပြောနိုင်ပြီပေါ့
MPT
ရွှေသို့လှမ်းချီမြန်မာပြည်
ဆွေသဟာသုံးစွဲသူများ နှင့် CDMA သုံးစွဲသူများအတွက် ဖုန်းပြောဆိုခ နှုန်းအသစ် ဖြစ်ပါသည်။
ဆွေသဟာကို ရယူရန် "SWE" ဟုရိုက်၍ 1332 သို့အခမဲ့ SMS ပေးပို့ပြီး ဝန်ဆောင်မှုရယူနိုင်ပါသည်။
CALL CENTER 106
(၂၄)နာရီအခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။


BRIDGESTONE
Your Journey, Our Passion
Free Tyre Safety Check
25 - 26 July 2015
10:30am - 5pm
@ Myanmar Culture Valley (People's Park)
BECAUSE YOU LOVE
YOUR FAMILY
မိုးရာသီ Promotion အစီအစဉ်
BUY ANY PSR TYRE 2 To Get 1 Umbrella.
BUY ANY PSR TYRE 4 To Get 2 Umbrellas.
ယခုလိုမိုးရာသီအချိန်အခါတွင် သင့်ဘဝလုံခြုံစိတ်ချမှုအတွက်
တာယာများကို လဲလှယ်တပ်ဆင်ပေးရန် လိုအပ်ပါသည်။
BRIDGESTONE မိုးရာသီ ပရိုမိုးရှင်းအစီအစဉ်မှတစ်ဆင့်
သင်ရဲ့ လုံခြုံစိတ်ချမှုကို ကူညီပံ့ပိုးပြသပေးသွားမည် ဖြစ်ပါသည်။
BRIDGESTONE KEEPS YOU SAFE
FIRST JAPAN TIRE SERVICES
a subsidiary of Mitsubishi Corporation
fjts@fjts-mm.com Hotline : 09 2615 96860
Pyi Htun Aung Trading Co., Ltd. Hotline : 09 42110 3088

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်သန်း(သထုံ)**

**အသက်(၉၁)နှစ်**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း-ဇနီးဒေါ်မြင့်မြင့်စိုး တို့၏မိခင်ကြီး ဒေါ်သန်း(သထုံ)သည် ၁၁-၇-၂၀၁၅ရက် နံနက် ၉း၄၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၅-၇၆(ပ)နှစ် ရုက္ခဗေဒ ကျောင်းသူ/ကျောင်းသားဟောင်းများ**
**မော်လမြိုင်ကောလိပ်**

## အထူးကျေးဇူးတင်ရှိခြင်း

## ဗိုလ်မှူးကြီးဇေယျကျော်ထင် သူရကျော်စွာ(ငြိမ်း)

**အသက်(၈၉)နှစ်**

**(ရွှေကျင်)**

၁၃-၇-၂၀၁၅ ရက်တွင် ကွယ်လွန်သွားသော ဗိုလ်မှူးကြီးဇေယျကျော်ထင် သူရကျော်စွာ နာမကျန်းဖြစ်စဉ်ကာလတစ်လျှောက်လုံး အထူးစောင့်ရှောက်ကုသပေးခဲ့သော ဗိုလ်မှူးဆန်းလင်း(ဆီးနှင့်ကျောက်ကပ် အထူးကုဆရာဝန်ကြီး)နှင့် ဇနီး၊ ပြင်ဦးလွင်မြို့ ချမ်းသာသုခအထူးကုဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ သူနာပြု ဆရာ၊ ဆရာမအားလုံးနှင့် ပြင်ဦးလွင် အခမဲ့နာရေးကူညီမှုအသင်းကြီးတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူ သားသမီးမြေးတစ်စု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်နု အသက်(၈၀)**

**အလိမ္မာစာပေ (လှည်းတန်း)**

သူငယ်ချင်း ကိုကြည်လွင်၏မိခင်ကြီး ဒေါ်ခင်နု အသက်(၈၀) အလိမ္မာစာပေ(လှည်းတန်း)သည် ၁၁-၇-၂၀၁၅(စနေနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူ ဝမ်းနည်းမိပါသည်။

**(T.T.C)၁၉၇၈-၇၉ ပညာသင်နှစ် ကျောင်းသား/ကျောင်းသူများ**
**လူမှုကူညီရေးအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ကျောင်းဒါယကာကြီး**

**ဦးချို (၇၂)နှစ်**

**ပါမောက္ခချုပ်(ငြိမ်း)၊ ပုသိမ်တက္ကသိုလ်**

ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်၊ (၂၇)ရပ်ကွက်၊ ပင်လုံ(၁)လမ်းနေ ဒေါ်ငွေငွေထွန်း၏ချစ်လှစွာသောခင်ပွန်း ဆရာ ဦးချိုသည် ၁၃-၇-၂၀၁၅ရက် နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၄-၆၈ခုနှစ် ပထဝီဝင်အဓိက**
**တပည့်ကျောင်းသူ/ကျောင်းသားများ**
**ရန်ကုန်ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးငွေအောင်(ငြိမ်း)(ကြည်း/၁၃၁၃၇)**

**အသက်(၆၃)နှစ်**

**D.S.A(16)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်မိုးကြိုးလမ်း၊ အမှတ်(၂၇၁)နေ ဒေါ်လီလီ၏ခင်ပွန်း ဗိုလ်မှူးငွေအောင်(ငြိမ်း)သည် ၁၁-၇-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အငြိမ်းစားတပ်မတော်အရာရှိများနှင့်မိသားစုများ**
**ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကြီးတင်ဝင်း(ငြိမ်း)**

**ဗသက(၃၀)၊ ကြည်း-၁၀၂၀၂**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ မြသီတာလမ်း၊ အမှတ်(၁၉၆)နေ ဦးတင်မောင်မောင်ဝင်း-ဒေါ်ပန်းနှင်းခက်တို့၏ဖခင် ဗိုလ်မှူးကြီးတင်ဝင်း(ငြိမ်း)သည် ၁၀-၇-၂၀၁၅ရက်(သောကြာနေ့)ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၀) ဗိုလ်လောင်းသင်တန်း**
**ကျောင်းဆင်းအရာရှိ၊ ဇနီးမိသားစုများ**

## ကျေးဇူးအထူးတင်ရှိခြင်း

## ဒေါက်တာဦးမျိုးအောင်ခင် အသက်(၇၀)

ကွယ်လွန်သူ ဒေါက်တာဦးမျိုးအောင်ခင်၏ ဈာပနကိစ္စအတွက် ကူညီစောင့်ရှောက်ပေးကြသော စိန့်ပေါလ်အထက်တန်းကျောင်းမှ သူငယ်ချင်းများ၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်(၆၆၊ ၆၇၊ ၆၈ Batch)မှ သူငယ်ချင်းများ၊ ဆေးတက္ကသိုလ်(၁)နှင့် (၂)မှ မိတ်ဆွေများ၊ သူနာပြုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမဝန်ထမ်းများ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးမှ ဥက္ကဋ္ဌကြီးနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ အုပ်ချုပ်ရေးဌာန၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ တာဝန်ရှိသူများ၊ ပြည်တွင်း/ပြည်ပမှ တယ်လီဖုန်းဖြင့် ဝမ်းနည်းကြောင်းအမှတ်တရဆက်သွယ်သူများ၊ ဆွေမျိုးမိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊

**အစ်မကြီး ပါမောက္ခဒေါက်တာဒေါ်မေဝင်းအောင်ခင်နှင့်**
**မောင်နှမများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကြီး ဇေယျကျော်ထင်သူရကျော်စွာ(ငြိမ်း)**

**အသက်(၈၉)နှစ် (ရွှေကျင်)**

သူငယ်ချင်းဖြစ်သူ ဦးကျော်ဝဏ္ဏ-ဒေါ်ခင်ဆွေထွန်းတို့၏ဖခင် ဗိုလ်မှူးကြီး ဇေယျကျော်ထင်သူရကျော်စွာ(ငြိမ်း) (၈၉)နှစ်သည် ၁၃-၇-၂၀၁၅ ရက်တွင် ပြင်ဦးလွင်မြို့၌ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **၁၉၈၁ ခုနှစ် ဥပဒေဘွဲ့ရသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၆၃×၆၄ လမ်းကြားနေ ဦးအောင်ကျော်စိုး (General Manager Kyi Tin Hotel) ၏ဖခင် ဦးညွန့်မောင်(ခ)ဂြိုလ်တုညွန့်မောင် မန္တလေးတိုင်းဘောလုံးလက်ရွေးစင်ဟောင်း၊ ဟိုတယ်/ခရီး(ငြိမ်း) အသက်(၈၂)နှစ်သည် ၅-၇-၂၀၁၅ ရက်တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

**Alliance Resort Hotel**
**ချောင်းသာ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးအောင်မြေဦး (၄၈)နှစ်**

**IT Manager, MiCasa Hotel Yangon**

အတူတကွ လက်တွဲလုပ်ကိုင်ခဲ့ဖူးသည့် မိတ်ဆွေရောင်းရင်းကြီး ၁၁-၇-၂၀၁၅ ရက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဟိုတယ်ဝန်ထမ်းမိတ်ဆွေများ (နေပြည်တော်)**
**ဦးထွန်းဦး(Mr.Alexander)၊ ဦးမျိုးသူရ၊**
**ဒေါ်မြမာလာမြင့်သိန်း၊ ဒေါ်စန္ဒာထွန်း၊ ဦးဝင်းသိန်း၊**
**အန်ကယ်ဂျိုး၊ ဦးမျိုးသန့်၊ ဒေါ်မြို့အေး၊ ဦးမြင့်နောင်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ကြွယ်ဦး**

**အသက်(၇၁)နှစ်**

**မြန်မာစာပါမောက္ခ(ငြိမ်း)**

ဆရာမကြီး ဒေါ်ခင်ကြွယ်ဦး မြန်မာစာပါမောက္ခ(ငြိမ်း) စစ်တက္ကသိုလ်၊ မြန်မာစာဌာနသည် ၁၃-၇-၂၀၁၅(တနင်္လာနေ့) နံနက် ၃နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယ ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။ ဆရာမကြီး ကောင်းရာသုဂတိလားပါစေ။

**တေဇ(၃)မှ တပည့်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးဝင်းဟန်ထွန်း(ခ)Willy**

**အသက်(၃၉)နှစ်**

ဒေါ်ချိုဇင်ဝင်းမှန်၏ချစ်လှစွာသောခင်ပွန်း၊ သမီးကြီး မလင်းနန္ဒီထွန်း၊ သမီးငယ် မနှင်းအိန္ဒြေထွန်းတို့၏ချစ်လှစွာသော မွေးသဖခင်ကျေးဇူးရှင်သည် ၁၃-၇-၂၀၁၅ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဘဘ-ဦးထွန်းသောင်း၊ ဒေါ်လေး-ဒေါ်ခင်ခင်ကြွယ်၊**
**ဦးလေး-ဦးမြင့်စိုး(ခ)ဦးမြတ်ကျော်၊ အစ်မ-မသန္တာထွန်း၊**
**ညီမ-မသဉ္ဇာထွန်း၊ အစ်မ-မမူမူအောင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးဝင်းဟန်ထွန်း(ခ)Willy**

**အသက်(၃၉)နှစ်**

ဦးဝင်းဟန်ထွန်း(ခ)Willy သည် ၁၃-၇-၂၀၁၅ရက် နံနက် ၁၀း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Asian Wings Airways Ltd.**
**မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးဝင်းဟန်ထွန်း(ခ)Willy**

**အသက်(၃၉)နှစ်**

ဦးဝင်းဟန်ထွန်း(ခ)Willy သည် ၁၃-၇-၂၀၁၅ရက် နံနက် ၁၀း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Air Bagan Ltd.**
**မိသားစု**

## ဦးမြင့်စိုး(ခ)ဦးဂင်ဘီး

**အသက်(၈၂)နှစ် (မြိတ်)**

ရန်ကုန်မြို့၊ အမှတ်(၂၀-အေ)၊ သဇင်လမ်း၊ ပန်းလှိုင်အိမ်ရာ၊ စမ်းချောင်းမြို့နယ်နေ (ဦးလှိုင်ရှင်-ဒေါ်ထွန်းမြင့်)တို့၏သား၊ (ဦးဘစိန်-ဒေါ်စိန်တင်)တို့၏သားသမက်၊ ဒေါ်ကြင်ကြူ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးဘကျင်)-ဒေါ်မြင့်မြင့်၊ (ဦးအောင်သန်း-ဒေါ်ဆင့်ဆင့်)တို့၏မောင်၊ ဒေါက်တာမြတ်လှိုင်-ဒေါ်မြဝေတို့၏အစ်ကို၊ ဦးအင်ပို(ခ)ဦးထွန်းမျိုး-ဒေါ်ဖြူဖြူဝင်းစိုး၊ ဦးစိုးလွင်-ဒေါ်မင်းမင်းဝင်းစိုး၊ ဒေါက်တာသန်းနိုင်ဦး-ဒေါက်တာပပဝင်းစိုး၊ ဦးဝင်းမောင်-ဒေါ်သင်းသင်းဝင်းစိုး၊ ဦးထွန်းဇော်ထွန်း-ဒေါ်နန်းဆိုင်လောဝ်အေး၊ ဦးဝမ်းဇော်ဝမ်း-ဒေါ်စိုးစိုးဟန်၊ ဦးဝမ်းဇော်တူး-Ms.MOTOKOKIKUCHI တို့၏ဖခင်၊ မြေး(၁၅)ယောက်၊ မြစ်တစ်ယောက်၏ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၁၅-၇-၂၀၁၅(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၁၀ နာရီတွင် ကမာရွတ်မြို့နယ်၊ သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၅(တနင်္ဂနွေနေ့) မွန်းလွဲ(၁)နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးမြင့်စိုး(ခ)ဦးဂင်ဘီး

**အသက်(၈၂)နှစ် (မြိတ်)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ သဇင်လမ်း၊ အမှတ်-၂၀(အေ)နေ (ဦးလှိုင်ရှင်-ဒေါ်ထွန်းမြင့်)တို့၏သား၊ (ဦးဘစိန်-ဒေါ်စိန်တင်) တို့၏သားသမက်၊ ဒေါ်ကြင်ကြူ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာခင်ဆုလှိုင်(တတိယနှစ်-ခွဲစိတ်၊ မန္တလေးဆေးရုံကြီး)၊ မောင်ပြည့်ဖြိုး၊ မောင်ရဲလင်း၊ မောင်သူရိန်ထွန်း-မခိုင်ဇင်ဝင်းလွင်၊ မစုမြတ်မင်း၊ မပြုံးပန်းမေ၊ မောင်ထွဋ်ခေါင်ဦး၊ မရှင်မင်းသူ၊ မောင်ကျော်စိုးစံ၊ မောင်သီဟစံ၊ မယဉ်မီဟန်၊ မောင်စိုင်းနေထွန်း၊ မဝင်းရတနာဝမ်း၊ မလွှဲဟို၊ မောင်ရှုဟိုင်းတို့၏ အဘိုး၊ မနေရည်လင်းလက်ဦး၏ ဘိုဘိုးကြီးသည် ၁၅-၇-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၁၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၅(တနင်္ဂနွေနေ့) မွန်းလွဲ(၁)နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ နေအိမ်မှကားများ နံနက် (၁၁)နာရီတွင်ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သန်း(သထုံ)**

**အသက်(၉၁)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း-ဒေါ်မြင့်မြင့်စိုးတို့၏ ကျေးဇူးရှင်မိခင်သည် ၁၁-၇-၂၀၁၅(စနေနေ့) နံနက် ၉း၄၀ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်ကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၇၃-၇၇ ဓာတုဗေဒ၊ ကျောင်းသူ/ကျောင်းသားများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဆရာမကြီး ဒေါ်ခင်ကြွယ်ဦး (၇၁)နှစ်**

**မြန်မာစာပါမောက္ခ(ငြိမ်း)**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City အိမ်ရာနေ ဆရာမကြီး ဒေါ်ခင်ကြွယ်ဦးသည် ၁၃-၇-၂၀၁၅(တနင်္လာနေ့) နံနက် ၃း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **စစ်တက္ကသိုလ် အမှတ်စဉ်(၁၆)မှ တပည့်များ**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အရေးပေါ်ကုသမှုဆေးပညာဌာနမှ အထူးကုဆရာဝန်ကြီး၊ ဒေါက်တာဦးဝင်းကျော်၏မိခင်ကြီး ဒေါ်ကင်တီ(ဒေါ်တင်ရီ) အသက်(၇၅)နှစ်သည် ၉-၇-၂၀၁၅ (ကြာသပတေးနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။ **ပါမောက္ခ ဒေါက်တာ ဇော်ဝေစိုးနှင့်**
**အရေးပေါ်ကုသမှုဆေးပညာဌာနမိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း

၅-၇-၂၀၁၅ရက်နေ့တွင် ကွယ်လွန်ခဲ့သော ပြင်ဦးလွင်မြို့၊ သုမင်္ဂလာရပ်၊ (နီလာဂေဟာ)နေ ဒေါ်တင်နွယ်နွယ်(အထပြ-ငြိမ်း)၏ ဈာပနကိစ္စ အဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဗိုလ်မှူးမောင်လတ်(ဖိုးစံ) ဒေါက်တာကျော်ဇေ(စာပန်းအိမ်)၊ အထက(၁)ကျောင်းသူ/ကျောင်းသားဟောင်းများ၊ (၁၉၇၈-၇၉/၂၀၀၀-၂၀၁၀)အထက(၁၅)မန္တလေး ကျောင်းသား/ကျောင်းသူဟောင်းများ၊ ချယ်ရီမြေပို့ဆောင်ရေးအဖွဲ့၊ ငယ်သူငယ်ချင်းများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း တယ်လီဖုန်းဖြင့် အားပေးနှစ်သိမ့်သော၊ လှူဖွယ်ဝတ္ထုများပေးပို့ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိ ပါသည်။ **ကျန်ရစ်သူနီလာဂေဟာမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးဝင်းဟန်ထွန်း(ခ)Willy**

**အသက်(၃၉)နှစ်**

ဦးဝင်းဟန်ထွန်း(ခ)Willyသည် ၁၃-၇-၂၀၁၅ရက် နံနက် ၁၀း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Htoo Group of Companies မိသားစု**

Hot Line No-0930500100

# အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် တွေ့ဆုံမေးမြန်းခြင်း

## ဒီးဒုတ် ဦးဘချို၊ မန်းဘခိုင်နှင့် ဦးအုန်းမောင်

တွေ့ဆုံမေးမြန်း - မင်းသစ်၊ ဓာတ်ပုံ - ဇော်မင်းလတ်(သတင်းစဉ်)

မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းနေချိန် မသမာသူတို့လက်ချက်ဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည့် ဇူလိုင်လ ၁၉ ရက်နေ့အခါသမယတွင် မြန်မာပြည်သူတစ်ရပ်လုံး၏ ရင်ထဲ၌လွမ်းဆွတ်သတိရအောက်မေ့ခြင်းများဖြစ်ပေါ်နေသကဲ့သို့ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များရင်ထဲတွင်လည်း အခြားသူများထက်ပို၍ လွမ်းဆွတ်သတိရနေကြပေလိမ့်မည်။

၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်မည့် (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားနှင့် စပ်လျဉ်းပြီး မြန်မာ့သတင်းစဉ်(သတင်း)အဖွဲ့မှ အာဇာနည်ခေါင်းဆောင် ဒီးဒုတ် ဦးဘချို၊ မန်းဘခိုင်၊ ဦးအုန်းမောင်တို့၏ မိသားစုဝင်များနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်-

**ဒီးဒုတ်ဦးဘချိုသည် ဘက်စုံပညာရှင်တစ်ဦးဖြစ်သည်။ ဂီတပညာရှင်တစ်ဦး၊ နက္ခတ်ပညာကျွမ်းကျင်သူတစ်ဦး၊ သတင်းစာဆရာ၊ စာရေးဆရာ၊ အမျိုးသားကောလိပ်တွင် မြန်မာစာသင်ကြားသူ ဆရာကြီးတစ်ဦးဖြစ်ကြောင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က လေးစားအားကိုးသူတစ်ဦးဖြစ်ကြောင်း သိရသည်။**

ဒီးဒုတ်ဦးဘချို၏ မြေးဖြစ်သူ ဒေါက်တာဒေါ်ခင်လှချိုနှင့် တွေ့ဆုံမေးမြန်းမှုများကိုဖော်ပြလိုက်ပါသည်။

**မေး။ အန်တီ့အနေနဲ့ ဆရာကြီးဒီးဒုတ်ဦးဘချိုနဲ့ဘယ်လိုတော်စပ်တယ်ဆိုတာနဲ့ အာဇာနည်နေ့ရောက်ခါနီးပြီဆိုရင် အာဇာနည်ခေါင်းဆောင်တစ်ဦးရဲ့ အနွယ်ဝင် တစ်ယောက်အနေနဲ့ ဘယ်လိုခံစားရတယ်ဆိုတာလေး ဖြေကြားပေးစေချင်ပါတယ်ခင်ဗျာ။**

ဖြေ။ ကျွန်မက ဒီးဒုတ်ဦးဘချိုရဲ့ မြေးအကြီးဆုံးပါ။ ကျွန်မအမေက ညီမလေးယောက်ထဲမှာ အငယ်ဆုံး။ မေမေဆုံးတာ ၂၀၀၆ ခုနှစ်ကပါ။

အာဇာနည်နေ့ရောက်တိုင်း တကယ်ကို စိတ်မကောင်းပါဘူး။ ကျွန်မတို့အမေက အဖိုးဆုံးပြီး တော်တော်ကြာမှ လက်ထပ်ခဲ့တာဆိုတော့ ကျွန်မတို့က အဖိုးကိုလည်း မမီလိုက်ဘူး။ အဖိုးက ဂီတပညာရှင်၊ နက္ခတ်လည်းတတ်တယ်။ စာပေလည်းရေးတယ်။ ပညာအုပ်လည်း ပညာအုပ်၊ အမျိုးသားပညာရေးလည်း လုပ်ခဲ့တယ်ဆိုတော့ ကျွန်မသိသလောက်ပြောရမယ်ဆိုရင် ဘက်စုံပညာရှင်ပေါ့။

ဒီလိုဘက်စုံပညာရှင်တစ်ယောက် အမျိုးထဲမှာရှိခဲ့ပြီး အစောကြီးဆုံးရှုံးခဲ့တယ်ဆိုတော့ ကျွန်မတို့ မမီလိုက်တာကို စိတ်မကောင်းဘူး။ နှမြောတယ်၊ ဝမ်းလည်း နည်းတယ်။ တိုင်းပြည်အနေနဲ့ကြည့်မယ်ဆိုရင်လည်း နစ်နာတယ်။ အဲလိုတော့ခံစားမိတယ်။

**မေး။ နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ အာဇာနည်နေ့အခမ်းအနားကျင်းပတာနဲ့ပတ်သက်ပြီး အာဇာနည်မိသားစုဝင်တစ်ဦးအနေနဲ့ ဘယ်လိုမြင်ပါသလဲ။**

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆



ဒီးဒုတ်ဦးဘချို၏ မြေးဖြစ်သူ ဒေါက်တာဒေါ်ခင်လှချို။

> ဒီးဒုတ်ဦးဘချိုသည် ဘက်စုံပညာရှင်တစ်ဦးဖြစ်သည်။ ဂီတပညာရှင်တစ်ဦး၊ နက္ခတ်ပညာကျွမ်းကျင်သူတစ်ဦး၊ သတင်းစာဆရာ၊ စာရေးဆရာ၊ အမျိုးသားကောလိပ်တွင် မြန်မာစာသင်ကြားသူ ဆရာကြီးတစ်ဦးဖြစ်ကြောင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က လေးစားအားကိုးသူတစ်ဦးဖြစ်။



ဒီးဒုတ်ဦးဘချို။

## အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုဂါရဝအစီအစဉ်ကို တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်

**နေပြည်တော် ဇူလိုင် ၁၇**

ဇူလိုင် ၁၉ ရက်တွင်ကျရောက်မည့် (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်စား (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းတက်ရောက်ပြီး ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုမည်ဖြစ်သည်။

ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်၌ ကျင်းပမည့် (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို မြန်မာ့ရုပ်မြင်သံကြား News Channel၊ Entertainment Channel နှင့် မြန်မာ့အသံရေဒီယို အစီအစဉ်တို့မှ နံနက် ၇ နာရီ ၄၅ မိနစ်မှ စတင်ပြီး တိုက်ရိုက်(Live)ရိုက်ကူးထုတ်လွှင့် ပြသသွားမည်ဖြစ်သည်။

ထို့အပြင် နံနက် ၁၀ နာရီ ၃၆ မိနစ်မှ စတင်ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား စစ်ခရာဖြင့် အလေးပြုဂါရဝအစီအစဉ်ကို ထုတ်လွှင့်ပေးသွားမည်ဖြစ်ပြီး အဆိုတော် မေလှမြိုင်၏ "အလေးပြုပါတယ်" ဂုဏ်ပြုတေးကိုလည်း ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယို အစီအစဉ်တို့မှ ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ယနေ့
မာတိကာ

အာရှစိတ်ကူးသစ် အိပ်မက်ဦး
စာမျက်နှာ - ၂

နမြောတယ လွမ်းမိပါသော်လည်း
စာမျက်နှာ - ၆

ဂျပန်နိုင်ငံတွင် တိုင်ဖုန်းမုန်တိုင်းတိုက်ခတ်
စာမျက်နှာ - ၁၂

## ဟံသာဝတီကို အနိုင်ရရှိခဲ့သည့် ရန်ကုန်အသင်း (၁၂)ပွဲဆက်အနိုင်ရ

**ရန်ကုန် ဇူလိုင် ၁၇**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် ၁၂ ပထမနေ့ကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းတွင်ကျင်းပသည်။

**ရန်ကုန်ယူနိုက်တက် - သုံးဂိုး**
**ဟံသာဝတီယူနိုက်တက် - နှစ်ဂိုး**

ရှုံးထွက်ပြိုင်ပွဲတွင် ပထမတန်းကလပ် GFA အသင်းကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည့် ရန်ကုန်အသင်းမှာ ယခုပွဲကို အားထည့်ကစားသွားခဲ့ပြီး

စာမျက်နှာ ၉ ကော်လံ ၃ သို့ ✱



**ရန်ကုန်အသင်းတိုက်စစ်မှူး ဆီဇာ ဟံသာဝတီအသင်းဘက်သို့ ထိုးဖောက်ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။**



Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

# 4TV ၏ တစ်ပတ်စာကြည့်ရှုရာအစီအစဉ်ကောင်းများ
## (၁၈-၇-၂၀၁၅ မှ ၂၄-၇-၂၀၁၅ အထိ)

Vol.1 No-27
အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။

COMEDY
ဟာသသီးသန့် ရုပ်သံလိုင်း






## 4TV ၏ တစ်ပတ်တာကြည့်ရှုရာအစီအစဉ်ကောင်းများ (၁၈-၇-၂၀၁၅ မှ ၂၄-၇-၂၀၁၅ အထိ)

### SPORTS — Sports For U (Aeroboxing)

(10:35 AM) (18-7-2015)



ဒီအစီအစဉ်က အားကစားကို စိတ်ပါဝင်စားတဲ့သူတွေအတွက် စိတ်ကိုလည်း လန်းဆန်းတက်ကြွစေပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အားကစားနည်းတစ်မျိုး ဖြစ်တဲ့ Aeroboxing အားကစားနည်းနဲ့ မိတ်ဆက်ပြသတဲ့အစီအစဉ်ဖြစ်ပါတယ်။ ဒီအားကစားက လူအစုအဖွဲ့နဲ့ ပျော်ပျော်ရွှင်ရွှင် တေးသီချင်းနဲ့ ကခုန်ဆော့ကစားရတဲ့ အားကစားနည်း ဖြစ်ပါတယ်။ ဒီအစီအစဉ်ကိုတော့ For Sports ရုပ်သံလိုင်းကနေ ဇူလိုင်လ ၁၈ ရက်နေ့ မနက် ၁၀ နာရီ ၃၅ မိနစ်အချိန်တွင် ထုတ်လွှင့်ပြသမှာ ဖြစ်ပါတယ်။

### MRTV-4 HD — လျှို့ဝှက်ဒဏ္ဍာရီ

(6:15 PM) 24-7-2015 (Friday)




ဂျင်းဝမ်လုပ်ငန်းစု ဥက္ကဋ္ဌကြီး ဂျင်းကျူလန်မှာ ထက်မြက်လှပြီး သားသမီးများအပေါ်တွင် ခြေဇာချောင်းသူ တစ်ဦးဖြစ်သည်။ ဂျင်းကျူလန်၏ သားသမီးများဖြစ်သည့် ဂိုထယ်ဟီး၊ ဂိုထယ်ဆောင်းနှင့် ဂိုထယ်လန်းတို့မှာ မိသားစုလုပ်ငန်းများကို လိုရင်းတင်မက်နေကြသူများဖြစ်သည်။ တစ်ဦးတည်းသော သားဖြစ်သူ ဂိုထယ်ဆောင်းကို အချစ်ပိုသည့် ဂျင်းကျူလန်မှာ သားဖြစ်သူအား ဂျင်းဝမ်းသုဓ္ဓေးရာထူးကို ပေးထားခဲ့သည်။ သမီးများဖြစ်ကြသော ဂိုထယ်ဆောင်းနှင့် ဟန်ကျောင်ယောင်းတို့တွင် သားသမီးနှစ်ဦးရှိရာ သားငယ်ဂိုအွန်းဟိုမှာ ယာဉ်တိုက်မှုကြောင့် သေဆုံးသွားခဲ့သဖြင့် သမီးကြီးဂိုအွန်းဂျောသာရှိတော့သည်။ ဂျင်းဝမ်းပြခန်း ပြန်လည်ဖွင့်လှစ်သည့် အခန်းအနားတွင် ပြခန်းတာဝန်ခံရာထူးကို ဥက္ကဋ္ဌဂျင်းကျူလန်က ချွေးမဖြစ်သူ ဟန်ကျောင်ယောင်းအားပေးလိုက်သဖြင့် ထိုနေရာကို လိုချင်နေသော ဂိုထယ်ဟီးမှာ ဟန်ကျောင်ယောင်းအား အငြိုးထားတော့သည်။ ဟန်ကျောင်ယောင်း၏ သမီးဖြစ်သူ ဂိုအွန်းဂျောမှာလည်း ခေတ်မည့်နေ့တွင်ထွက်ပြေးသွားသလိုလို ဖြစ်ပေးဆွဲခံရသလိုလိုဖြစ်ခဲ့သည်။ ထိုအမှုကိုစုံစမ်းမည့်သူမှာ တစ်ချိန်က ဟန်ကျောင်ယောင်း၏ ချစ်သူဖြစ်ခဲ့ဖူးသူ ရဲအရာရှိမင်ဂျွန်ယော့ဖြစ်တော့သည်။ ထို့ကြောင့် ဂိုထယ်ဆောင်း၊ ဟန်ကျောင်ယောင်းနှင့် မင်ဂျွန်ယော့တို့ကြားမှ သုံးပွင့်ဆိုင်အချစ် .. သမီးဖြစ်သူ ဂိုအွန်းဂျော၏ ထူးဆန်းစွာပျောက်ဆုံးမှု .. အတ္တအလွန်ကြီးသူဥက္ကဋ္ဌကြီး ဂျင်းကျူလန်နှင့် လျှို့ဝှက်လွန်းပြီး ရှုပ်ထွေးလှသည့် ဂျင်းဝမ်မိသားစု အိမ်တွင်းရေးတို့ကို စိတ်ဝင်စားဖွယ် စိတ်ကူး ပုံဖော် ရိုက်ကူးထားသည့် ဇာတ်လမ်းကောင်းတစ်ပုဒ်ဖြစ်သည်။




MOL
MYANMAR ONLINE CO., LTD.
ကြော်ငြာလုပ်ငန်းများနှင့်ပတ်သက်၍ ဆက်သွယ်ရန်
01-204013, 204107, 256726
E mail : advertisingmol@gmail.com

### Coming Soon — DRAMA NEW SERIES — ဒုတိယမြောက်ရင်ခုန်သံ



၂၀၂၈ ခုနှစ် ၊ အသက် ၃၂ နှစ်အရွယ်ရှိတဲ့ အိမ်ထောင်ရှင်မ လီမင်ယွီဟာ သူ့ရဲ့လက်ရှိဘဝကို စိတ်ပျက်အားငယ်နေပါတယ်။ လက်ရှိအခြေအနေကြောင့် စိတ်ဓာတ်ကျနေပါတယ်။ မျှော်လင့်ချက်တွေလည်း ပျောက်ဆုံးနေတဲ့အချိန်မှာ ကား မတော်တဆမှုကြောင့် သူဟာ ၂၀၁၂ ခုနှစ်ကို ပြန်ရောက်သွားခဲ့ပါတယ်။

သူဟာ ကိုယ့်အားကိုယ်ကိုးပြီး ကြော်ငြာလုပ်ငန်းမှာ အောင်မြင်အောင်လုပ်မယ်လို့ ဆုံးဖြတ်ချက်ချပြီး အရာအားလုံးကို အစကပြန်စခဲ့ရပါတယ်။ သူဒုက္ခရောက်နေချိန်မှာ ကူညီပေးခဲ့တဲ့ ယှိချွေဟောက်နဲ့ တစ်ဘဝလုံးကို ပုံအပ်ပေးခဲ့ဖူးသူ ရှန့်ရှိရှိ ၊ သူတို့နှစ်ယောက်ရဲ့ အလွန်ကောင်းမွန်ကြလို့ မင်ယွီဟာ ဘယ်သူ့ကိုရွေးရမလဲဆိုတာ အခက်တွေ့သွားပါတယ်။

### LADIES — Enjoyable Hours

Drama Time
နေ့စဉ် ညနေ ၅ နာရီ
အပန်းဖြေရာ စိတ်ဝင်စားဖွယ်ရာ ကိုရီးယားဇာတ်လမ်းတွဲများ

Entertainment Time
နေ့စဉ် ည ၇ နာရီ
စိတ်ပျော်ရွှင်စေရာ စိတ်ဝင်စားဖွယ်ရာ စိတ်လှုပ်ရှားစရာ အစီအစဉ်များ

Fashion & Beauty Time
နေ့စဉ် ညနေ ၆ နာရီ
မိန်းကလေးများအတွက် အလှအပရေးရာနှင့် ဝတ်စားဆင်ယင်မှုဆိုင်ရာ အစီအစဉ်ကောင်းများ

Knowledge Time
နေ့စဉ် ည ၈ နာရီ
မိန်းကလေးများအတွက် အသိပညာဗဟုသုတများ ရရှိနိုင်မည့် စိတ်ဝင်စားဖွယ်ရာ အစီအစဉ်များ

For More Details www.facebook.com/4ladieschannel

